# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၁၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၁၉၇)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး



Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၁၃**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

**တရုတ်နိုင်ငံ၌ တစ်နေ့တည်းတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၀ ကျော် ထပ်မံတွေ့ရှိ**

စာ ၁၂

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၁၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ ၁၅




မြန်မာ့အလင်း

# ငြိမ်းချမ်းအေးမြကြစေရာ

ရာသီဥတုက အပူပြင်းသည်။ အပူရှောင်ရန် အပြင်ထွက်ဖို့ကလည်း အခွင့်မသာ။ လောလောဆယ်မှာတော့ အပူထက် ကူးစက်မြန်ရောဂါကို ဦးစားပေး၍ရှောင်ကာ အိမ်တွင်းမှာသာ နေကြရသည်။ နေ့စဉ်အချိန်တန်လျှင် အပြင်သို့ ထွက်နေကျအကျင့်ကို ချုပ်တည်းကာ မိသားစုတွင်းမှာလည်း တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြရသော အခါ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေနှင့် အချိန်အခါကို နှလုံးသွင်းမှန်ဖို့ လိုလာသည်။

ရောဂါခြေချုပ်ကြောင့် အပြင်မထွက်ရသော ကာလများအတွင်း အိမ်တွင်းပဋိပက္ခများ မြင့်တက်လာသည်ဟူ၍ နိုင်ငံတကာသတင်းများတွင်လည်း တွေ့ရသည်။ နိစ္စဓူဝ စားဝတ်နေရေးအပါအဝင် အရေးကိစ္စများစွာတို့အတွက် အိမ်အပြင်သို့ ကိုယ်စီထွက်နေကြရာမှ မဖြစ်မနေအိမ်ထဲမှာသာ နေကြရသည့်အခိုက် မိသားစုဝင်များအကြား မေတ္တာ၊ ကရုဏာဖြင့် စုစည်းနေကြရမည့်အစား ဒေါသနှင့် ပဋိပက္ခတို့ ဖြစ်ပေါ်လာကြရသည်မှာ မေးခွန်းထုတ်စရာပင်ဖြစ်သည်။

"ဒေါသ ဟူသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်းဟူမူကား အနိဋ္ဌာရုံကြောင့်ဖြစ်၏။ အနိဋ္ဌာရုံ ဟူသည်လည်း ရူပါရုံ၊ သဒ္ဒါရုံ အစရှိသော အာရုံခြောက်ပါးပင်တည်း။ ထိုအာရုံခြောက်ပါးသည်ပင်လျှင် ဣဋ္ဌသဘောအားဖြင့်ဖြစ်သော လောဘကို ဖြစ်စေ၏။ အနိဋ္ဌသဘောအားဖြင့်ဖြစ်သော ဒေါသကိုဖြစ်စေ၏" ဟူ၍ မောင်းထောင်ဆရာတော်ဘုရားကြီးက ဒေါသကထာတွင် ပြဆိုခဲ့သည်။ မနှစ်သက်အပ်သော အနိဋ္ဌာရုံနှင့် မသင့်မတင့် နှလုံးသွင်းခြင်းတို့က ဒေါသကို ဖြစ်ခြင်း၏ ပစ္စယအကြောင်းတရားပင်ဖြစ်သည်။

ပြစ်မှားခြင်းနှင့် ခက်ထန်ကြမ်းတမ်းခြင်းတို့က ဒေါသ၏ စရိုက်လက္ခဏာများ ဖြစ်သည်။ အဖျက်ဆီးတတ်ဆုံးသော တရားလည်းဖြစ်သည့်အတွက် ဘာသာတရားတိုင်းက ဒေါသ၏ အပြစ်ကို ပြဆိုလျက် တားမြစ်ထားကြသည်။ ဒေါသက ဖျက်ဆီးတတ်သည်ဟုဆိုရာတွင် တက်ကြွသော၊ ကြမ်းတမ်း၊ ခက်ထန်သော ဒေါသကသာ ဖျက်ဆီးတတ်ခြင်းမဟုတ်ဘဲ ဆုတ်နစ်သည့် ဒေါသကလည်း ဝမ်းနည်းပူဆွေးခြင်း၊ စိတ်ဓာတ်ပျက်ပြားခြင်း၊ ထိတ်လန့်ခြင်း၊ ငိုကြွေးခြင်း၊ စိတ်နှလုံးမသာယာခြင်း၊ လွမ်းကဲ့စွာပူဆွေးခြင်းတို့ကို ဖြစ်ပေါ်စေလျက် ကိုယ်စိတ်နှစ်ပါးကို ပျက်စီးစေသည်။ ဒေါသမီးကို အချိန်မီ မငြိမ်းသတ်နိုင်ပါက သိမ်းဆည်းကိုင်ဆောင်ထားသူကိုယ်ကို မီးလောင်ကျွမ်းသကဲ့သို့ပင် ပူလောင်စေလိမ့်မည်ဖြစ်သည်။

ခေတ်မီဆေးပညာများအရလည်း ဒေါသကလူကို ထိခိုက်စေကြောင်း တွေ့ရှိထားကြပြီးဖြစ်သည်။ ပေါက်ကွဲသည့် ဒေါသသည်လည်းကောင်း၊ ချုပ်တည်းထားသည့် ဒေါသသည်လည်းကောင်း နှလုံးရောဂါဖြစ်နိုင်ခြေကို နှစ်ဆပိုစေသည်။ ဦးနှောက်အတွင်း သွေးခဲခြင်း/ သွေးထွက်ခြင်း ဖြစ်နိုင်ခြေ သုံးဆမြင့်မားစေခြင်းကြောင့် လေဖြတ်နိုင်ရန်လည်း တွန်းအားပေးသည်။ ခန္ဓာကိုယ်၏ ခုခံအားကို ကျဆင်းစေသည့်အတွက် ကူးစက်ရောဂါ ဝင်ရောက်နိုင်ခြေ မြင့်မားစေသည်။ အဆုတ်၏ စွမ်းရည်ကို ကျဆင်းစေခြင်းနှင့် စိတ်ဖိစီးမှုဟိုမုန်းများ တိုးပွားစေခြင်းတို့ကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ ပိုမိုဖြစ်ပေါ်စေနိုင်သည်ဟု ဆိုသည်။

ဒေါသကိုပယ်ကာ စိတ်၏ကိလေသာမှ လွတ်ကြောင်းဖြစ်သော မေတ္တာကို မှီဝဲအပ်သည် ရှိသော်၊ ပွားစေအပ်သည်ရှိသော်၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်၊ စီးတော်ယာဉ်ကဲ့သို့ ပြုအပ်သည်ရှိသော်၊ တည်ရာကဲ့သို့ ပြုအပ်သည်ရှိသော်၊ မေတ္တာမှ မကွာစေအပ်သည်ရှိသော်၊ လေ့ကျက်အပ်သည်ရှိသော်၊ ကောင်းစွာအားထုတ်အပ်သည်ရှိသော် ကောင်းစွာအိပ်စက်ရခြင်း၊ ကောင်းစွာနိုးထရခြင်း၊ မကောင်းသော အိပ်မက်မမြင်မက်ရခြင်း၊ လူတို့ချစ်ခြင်း၊ နတ်၊ ဘီလူးတို့ချစ်ခြင်း၊ နတ်တို့စောင့်ရှောက်ခြင်း၊ မီး၊ အဆိပ်တို့ မသင့်နိုင်ခြင်း၊ စိတ်မပျံ့လွင့်ခြင်း၊ မျက်နှာကြည်လင်ခြင်း၊ မတွေဝေသည်ဖြစ်၍ စုတိစိတ်ကျရခြင်း၊ တရားအထူးကိုထိုးထွင်း၍ မသိသော်လည်း ဗြဟ္မာပြည်သို့ လားရခြင်းဆိုသည့် အကျိုး ၁၁ ပါး ကို ရရှိနိုင်သည်။

မေတ္တာနှင့် နေထိုင်ခြင်းက အနိဋ္ဌာရုံတို့ကို ပယ်ပျောက်စေမည်ဖြစ်ရာ မိမိ၏ပတ်ဝန်းကျင်သည်လည်း သာယာလှပနေလိမ့်မည်ဖြစ်သည်။ ကိုယ်စိတ်နှစ်ပါးကို ဖျက်ဆီးပူလောင်စေသည့် ဒေါသကိုပယ်ခြင်းဖြင့် ငြိမ်းချမ်းအေးမြသည့် ချမ်းသာသုခကို ခံစားနိုင်ကြမည်ဖြစ်ပါကြောင်း ။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | | |
|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| ( ဂ ) | ရှောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## မန္တလေးတိုင်းဒေသကြီးရှိ ဈေးအားလုံးတွင် နှာခေါင်းစည်း တပ်ရမည့် Campaign စတင်

**နေပြည်တော် မေ ၁၃**

မန္တလေးတိုင်းဒေသကြီးရှိ ဈေးအားလုံးတွင် နှာခေါင်းစည်းတပ်ရမည့် Campaign ကို ယနေ့တွင် စတင်လိုက်ကြောင်း မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ တစ်ဆင့် အသိပေး ရေးသားထားသည်။

"မြို့တော်စည်ပင်၊ တိုင်းစည်ပင်၊ ကလျာဏမိတ္တအဖွဲ့နဲ့ ဝမ်းတွင်းမြို့ စက်ချုပ်လုပ်ငန်းတွေ ပူးပေါင်းပြီး ပြန်လည်လျှော်ဖွတ် အသုံးပြုနိုင်တဲ့ သုံးလွှာပါ Homemade Mask တွေကို ပြည်သူတွေ မဖြစ်မနေလာရောက်ရတဲ့ စည်ပင်ဈေးတွေမှာ အခမဲ့ ဖြန့်ဝေပေးပြီးပါပြီ။ ရေနီမြောင်းဈေး၊ ကျော်ကျော်အောင်ဈေး၊ မနေယမံဈေးနဲ့ ၃၂ လမ်းဈေးစတဲ့ လမ်းဘေးပုံကျဈေးတွေကို ဒီနေ့ ညနေကနေ စဝေပါမယ်" ဟု ဒေါက်တာရဲလွင်က ရေးသားထားသည်။

ထို့ပြင် တိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာဈေးများသို့ ဖြန့်ဝေမှုနှင့် စပ်လျဉ်း၍ "တိုင်းဒေသကြီးအတွင်း မိုးကုတ်၊ ကျောက်ပန်းတောင်း၊ သာစည်၊ ဝမ်းတွင်း၊ မတ္တရာ၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ ပုသိမ်ကြီး၊ တံတားဦး၊ ပျော်ဘွယ်၊ ရမည်းသင်းနဲ့ ပြင်ဦးလွင်မြို့နယ် ၁၄ခုကို တစ်မြို့လျှင် နှာခေါင်းစည်း ၅၀၀ စုစုပေါင်း ၇၀၀၀ ကို ပေးဝေပြီးပါပြီ။ ကျန်တဲ့မြို့နယ်တွေကို ဆက်လက်ဝေပေးပါမယ်" ဟု ၎င်းက ရေးထားသည်။

တိုင်းဒေသကြီးအတွင်း ဈေးများ ဖွင့်လှစ်ထားခြင်းနှင့် စပ်လျဉ်း၍ "မန္တလေးတိုင်း အတွင်းမှာ စားသောက်ကုန်နဲ့ ပတ်သက်တဲ့ ဈေးဆိုင်တွေကို ဆက်လက်ခွင့်ပြုထားတာက ပြည်သူတွေအနေနဲ့ စားနပ်ရိက္ခာ မပြတ်လပ်စေချင်လို့ပါ။ ဈေးတွေ ဖွင့်ထားပေမယ့် လူစုလူဝေးကြောင့် ကိုဗစ်–၁၉ ရောဂါဖြန့်ဖြူးရာနေရာ ဖြစ်မလာဖို့လည်း အထူးအရေးကြီးပါတယ်။ ဒါကြောင့် ဈေးတွေမှာ Social Distancing သုံးပေနဲ့ ခြောက်ပေခွာဖို့၊ ဈေးသည်ရော ဈေးဝယ်ပါ နှာခေါင်းစည်းတွေ တပ်ကြဖို့၊ လက်ဆေးဖို့နေရာနဲ့ လက်သန့်ဆေးရည်တွေ ထားပေးထားပါတယ်။ ဈေးတွေအတွင်း ဈေးရောင်းချသူတွေ နှာခေါင်းစည်း တပ်ဆင်ရောင်းချခြင်းမပြုရင် ဈေးရောင်းချ ခွင့်ရပ်ဆိုင်းဖို့နဲ့ ဈေးဝယ်ယူသူတွေ နှာခေါင်းစည်း တပ်ဆင်လာခြင်းမရှိရင် ဈေးအတွင်းသို့ ဝင်ရောက်ခွင့်မပြုဖို့ အမိန့်ညွှန်ကြားချက် ထုတ်ပြန်လိုက်ပါပြီ။ စည်ပင်သာယာရေးကော်မတီဝင်တွေ၊ ဈေးမိဈေးဖတွေနဲ့ စည်ပင်ဝန်ထမ်းတွေ ပူးပေါင်းပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ လိုက်နာမှု အားနည်းတဲ့ဈေးတွေကို ပိတ်သည်အထိ အရေးယူသွားပါမယ်"ဟု ၎င်းက ရေးသားထားသည်။

နှာခေါင်းစည်းများ ရရှိမှုနှင့် စပ်လျဉ်း၍ ဒေါက်တာရဲလွင်က "လက်နဲ့ ချုပ်ရတာနဲ့ လျှော်ပြီး မီးပူတိုက်ပြီးမှ ထုပ်ပိုးရလို့ ထုတ်လုပ်မှုအပိုင်းမှာ ကန့်သတ်ချက် ရှိနေပေမယ့်လည်း ပိုမို ထုတ်လုပ်နိုင်အောင် သင်္ကြန်ရက်အတွင်း နားရက်မယူဘဲ ကြိုးစားထုတ်လုပ်နေပါတယ်။ သင်္ကြန်အပြီး နှာခေါင်းစည်း အလုံအလောက်ရလာရင်တော့ မဖြစ်မနေအိမ်ပြင်ထွက်ဖို့လိုသူအားလုံး နှာခေါင်းစည်တပ်ခိုင်းပြီး နှာခေါင်းစည်းဝယ်ဖို့ မတတ်နိုင်သူတွေကို Homemade Mask တွေ အခမဲ့ပေးဝေ သွားပါမယ်။ Homemade Mask ရဲ့ အားသာချက်က အကြိမ်ကြိမ် ပြန်လျှော်ပြီးသုံးလို့ရတာပါ။ ဆပ်ပြာရည်ထဲ နာရီဝက်လောက် စိမ်ပြီးမှလျှော်ရင် ပိုစိတ်ချရပါတယ်။ ရာသီဥတုက ပူတော့ ညနေပိုင်းလျှော်ရင် မနက်ပြန်သုံးလို့ရတော့ တစ်ယောက်ကို တစ်ခုနဲ့ လုံလောက်ပါတယ်။ အထည်ချုပ်စက်ရုံအားလုံးကိုလည်း ပူးပေါင်း ပါဝင်ကြဖို့ အလေးအနက်ဖိတ်ခေါ်လိုက်ပါတယ်။ ဆေးရုံသုံးနှာခေါင်းစည်းတွေက ပိုကောင်းပေမယ့် တစ်ရက်ပဲ သုံးလို့ရပါတယ်။ နေ့စဉ်အသစ်တပ်ရလို့ လပေါင်းများစွာတပ်ဖို့ လူအများစု မတတ်နိုင်ပါဘူး။ ဝူဟန်မှာ ယခုအထိ နှာခေါင်းစည်းတွေ တပ်နေကြရတုန်းပါ" ဟု ဆိုသည်။

**ထက်လျှံ**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန်လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်ခြင်း

တောင်သူလယ်သမားဦးကြီးများအနေဖြင့် လယ်ယာလုပ်သား အခက်အခဲများကြောင့် လယ်ယာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရန်နှင့် လယ်ယာကုန်ထုတ်လုပ်မှု မထိခိုက်စေရန်တို့အတွက် လူအင်အားအနည်းဆုံးဖြင့် စက်ကိရိယာများအသုံးပြု၍ ထွန်ယက်ရေး၊ စိုက်ပျိုးရေးနှင့် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြရန်အလို့ငှာ စက်မှုလယ်ယာဦးစီးဌာနက စွမ်းအားရှိသရွေ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် နီးစပ်ရာ စက်မှုလယ်ယာစခန်းများတွင် လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့ လည်းကောင်း ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

ညွှန်ကြားရေးမှူးချုပ် – ၀၉ ၅၀၀၇၅၇၆၊ ၀၆၇ ၃၄၃၁၂၁၀
ဒုတိယညွှန်ကြားရေးမှူးချုပ် – ၀၉ ၂၅၀ ၂၈၉ ၂၉၉၊ ၀၆၇ ၃၄၃၁၂၁၂
ညွှန်ကြားရေးမှူး(လုပ်ငန်း) – ၀၉ ၄၂၂ ၀၀၀ ၂၂၁
ညွှန်ကြားရေးမှူးချုပ်ရုံး – ၀၆၇ ၃၄၃၁၂၃၄
စက်မှုလယ်ယာဦးစီးဌာန (လုပ်ငန်းဌာနခွဲ) – ၀၆၇ ၃၄၃၁၂၁၈
တိုင်းဒေသကြီးနှင့်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနရုံးများ
မြို့နယ်စက်မှုလယ်ယာစခန်းများ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

- ယခုနှစ်သင်္ကြန်တွင် စိတ်ကိုထိန်းပြီး မိမိဘဝရပ်တည်ရေးအတွက် မည်မျှအောင်အောင်မြင်မြင်ဖြစ်အောင် နေနိုင်ခဲ့သလဲဆိုသည်ကို မိမိကိုယ်ကို စမ်းသပ်လေ့ကျင့်သည့် ကာလတစ်ခုအနေဖြင့် မြင်စေချင်
- နောင်တစ်ချိန်ပြန်စဉ်းစားသည့်အခါ မိမိနိုင်ငံအတွက် အင်မတန်မှ ဂုဏ်ယူစရာ သင်္ကြန်တစ်ခုဖြစ်အောင် ကြိုးစားကြရန် မေတ္တာရပ်ခံပါကြောင်း

❖ ရှေ့ဖုံးမှ

### နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက COVID–19 ရောဂါနှင့် ပတ်သက်၍ သိရှိလိုက်နာရမည့်အချက်များ၊ ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မလိုအပ်ဘဲ အပြင်မထွက်ကြရန်နှင့် ထုတ်ပြန်ထားသည့် ကျန်းမာရေးအသိပညာပေးချက်များကို လိုက်နာကြရန် စသည့်ကိစ္စရပ်များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမို့မို့သီဂီက COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှု၊ Quarantine ဝင်နေသူများ၏ စည်းကမ်းလိုက်နာဆောင်ရွက်မှုအခြေအနေ၊ ၎င်းတို့အတွက် နေထိုင်စားသောက်ရေးကိစ္စရပ်များနှင့် Quarantine Center နေရာအခက်အခဲရှိမှု အခြေအနေတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နေ Quarantine Center စီမံခန့်ခွဲမှုများတွင် ပါဝင်ဆောင်ရွက်နေသည့် ဦးဇေကိုကိုက COVID–19 ရောဂါနှင့် ပတ်သက်၍ အသိပညာပေးရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ ပြည်ပမှပြန်လာသူများအပေါ် ဒေသခံများ၏အမြင်၊ Coronavirus စစ်ဆေးရာတွင် လိုက်ပါကူညီဆောင်ရွက် ပေးနေမှု၊ Coronavirus အသိပညာပေးနှစ်သိမ့်ဆွေးနွေးပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် တက္ကစီမောင်းသူများ ရိက္ခာရရှိရေး ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်၊ Quarantine Center များတွင် သတ်မှတ်ချက်များနှင့်အညီ နေထိုင်ကြရန်၊ COVID–19 ရောဂါနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

### ဝိုင်းဝန်းကူညီပေးကြရန် လိုအပ်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် လာမည့် ၂ ပတ်၊ ၃ ပတ်အတွင်း တကယ်လိုအပ်မည်မှာ Quarantine နေရာများဖြစ်ပါကြောင်း၊ Quarantine နေရာများတွင် သေသေချာချာပြင်ဆင်မှုများ ရှိရမည်ဖြစ်ပါကြောင်း၊ ယင်းကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဦးဆောင်ပြီး လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ပြည်သူများဘက်လည်း တတ်နိုင်သမျှ ဝိုင်းဝန်းကူညီပေးကြရန် လိုအပ်ပါကြောင်း၊ ဌာနဆိုင်ရာအသီးသီးကလည်း တတ်နိုင်သည့်ဘက်က ပူးပေါင်းဆောင်ရွက်သွားကြရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ Quarantine ထားသည့်အခါ စနစ်တကျထားရမည်ဖြစ်ပါကြောင်း၊ လုံလောက်သည့်အဆင့်ရှိသည့် Quarantine နေရာများ ရှာရန်နှင့် တည်ဆောက်ရန်မှာ အကြီးဆုံးစိန်ခေါ်မှုဟုမြင်ပါကြောင်း၊ ယင်းကိစ္စကို ဦးစားပေးလုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်က ဆောင်ရွက်ပေးရမည့် ကျန်းမာရေးနှင့် ပတ်သက်သော ကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

### ဂုဏ်ယူစရာ သင်္ကြန်တစ်ခုဖြစ်အောင် ကြိုးစား

ယနေ့သည် သင်္ကြန်အကျနေ့ဖြစ်ပါကြောင်း၊ ခါတိုင်းနှစ်များဆိုလျှင် ပျော်ကြပါးကြ၊ ရေပက်ကြဖြင့် ပျော်ရွှင်ကြပါကြောင်း၊ ယခုနှစ်သင်္ကြန်ကာလကို မိမိအတွက် အမြတ်ထုတ်နိုင်သည့် ကာလဖြစ်စေလိုပါကြောင်း၊ ယခုနှစ်သင်္ကြန်တွင် စိတ်ကိုထိန်းပြီး မိမိဘဝရပ်တည်ရေးအတွက် မည်မျှအောင်အောင်မြင်မြင်ဖြစ်အောင် နေနိုင်ခဲ့သလဲဆိုသည်ကို မိမိကိုယ်ကို စမ်းသပ်လေ့ကျင့်သည့် ကာလတစ်ခုအနေဖြင့် မြင်စေချင်ပါကြောင်း၊ ယခုနှစ်သင်္ကြန်ကို မှန်မှန်ကန်ကန် ကျော်လွှားနိုင်ပါက လာမည့်နှစ်သင်္ကြန်များတွင် တိုး၍ ပျော်ရွှင်နိုင်ကြပါကြောင်း၊ ယခုနှစ်တွင် အားလုံး၏အကျိုးအတွက် မိမိစိတ်ကို ထိန်းပြီး နေကြစေလိုပါကြောင်း၊ နောင်တစ်ချိန်ပြန်စဉ်းစားသည့်အခါ မိမိနိုင်ငံအတွက် အင်မတန်မှ ဂုဏ်ယူစရာ သင်္ကြန်တစ်ခုဖြစ်အောင် ကြိုးစားကြရန် မေတ္တာရပ်ခံပါကြောင်းနှင့် အားလုံးသင်္ကြန်ကာလတွင် ကျန်းမာချမ်းသာကြပါစေကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ကုသရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**မန္တလေး ဧပြီ ၁၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများကို နေ့မအား၊ ညမနား တာဝန်ယူဆောင်ရွက်လျက်ရှိသော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၃၃၇၄ ဦး၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်း ၄၅၀၀ တို့၏ မိသားစုများအား သက်သာချောင်ချိရေးအတွက် ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၁၄၉၃၉ တန်ဖိုးရှိ ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကုလားပဲ ၅၀ ကျပ်သား၊ ခေါက်ဆွဲထုပ် ၁၀ ထုပ်နှင့် မုန့် နှစ်ထုပ်၊ ကော်ဖီမစ်အထုပ်သေး ငါးထုပ်နှင့် နှာခေါင်းစည်း ၃၀ ပါ တစ်ထုပ်စီကို ဧပြီ ၁၃ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ထောက်ပံ့ပေးခဲ့ရာ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ ဝန်ထမ်း ၄၈၂ ဦး၊ မန္တလေးခရိုင်အတွင်းရှိ ဝန်ထမ်း ၄၅၉ ဦး၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ဝန်ထမ်း ၄၃၃ ဦး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ဝန်ထမ်း ၄၇၃ ဦး၊ မိတ္ထီလာခရိုင်အတွင်းရှိ ဝန်ထမ်း ၄၅၂ ဦး၊ ရမည်းသင်းခရိုင်အတွင်းရှိ ဝန်ထမ်း ၂၆၈ ဦး၊ မြင်းခြံ ခရိုင်အတွင်းရှိ ဝန်ထမ်း ၄၄၉ ဦး၊ ညောင်ဦးခရိုင်အတွင်းရှိ ဝန်ထမ်း ၃၅၈ ဦး စုစုပေါင်းဝန်ထမ်း ၃၃၇၄ ဦးကို ထောက်ပံ့ ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မန္တလေး ( မြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံဆွေးနွေး




**နေပြည်တော် ဧပြီ ၁၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်ပြည်သူ့ဆေးရုံ၌ မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကုသမှုအထောက်အကူပြု ပညာရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအားလုံးသည် ကိုဗစ်-၁၉ လူနာများအား ကုသမှုပေးရန် ပြင်ဆင်ထားရှိမှုလုပ်ငန်းများကို မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စကဲ့သို့ အလေးပေးဆောင်ရွက်နေကြသည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ယခုကဲ့သို့လာရောက်ခြင်းမှာ ဆေးရုံ၏ ကိုဗစ်-၁၉ လူနာများ ကုသပေးရန်ပြင်ဆင်ထားရှိမှုအတွက် သာမက အခြားဆေးရုံပိုင်းဆိုင်ရာ လိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ပါကြောင်း၊ ပြင်ပလူနာဌာနများတွင် ရောဂါအမျိုးမျိုးသောလူနာများကို တစ်နေရာတည်းတွင် ပြသနေခြင်းမပြုလုပ်စေဘဲ အဖျားရောဂါလူနာများအား သီးခြားပြသနိုင်ရန်အတွက် ဖျားနာလူနာများအတွက် ပြင်ပလူနာဆေးခန်း(fever clinic) များကို စနစ်တကျ ဖွင့်လှစ်နိုင်ရန်အတွက် လုပ်ငန်းလမ်းညွှန်များ ထုတ်ဝေရန် ညွှန်ကြားပြီးဖြစ်ပါကြောင်း၊ ဤကိစ္စကို သေချာပီပြင်စွာမလုပ်နိုင်ပါက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကိုပင် ပိုမိုများလာစေနိုင်ပါကြောင်း၊ ဆေးရုံအုပ်ကြီးများနှင့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများက ကြီးကြပ်ကာ ဆောင်ရွက်စေလိုပါကြောင်း၊ ဤ fever clinic များအား ဆေးရုံကြီးများ၌ ဆောင်ရွက်ခြင်းသည် ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်း။

ယခုအခါ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူမှုများအပြင် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများကြောင့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ၊ တစ်ကိုယ်ရေသုံးရောဂါ ကာကွယ်ရေးဝတ်စုံနှင့် အသုံးအဆောင်များကို ရရှိခဲ့သဖြင့် မိမိတို့အနေဖြင့် လိုအပ်သည့် ဆေးရုံများသို့ လိုအပ်သည့်ပစ္စည်းများကိုသာ ပေးပို့နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးရုံအုပ်ကြီးများကလည်း လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများကို ဦးစားပေးပုံစံဖြင့် တင်ပြစေလိုပါကြောင်း၊ ကိုဗစ် – ၁၉ လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့ကိုယ်တိုင် ရောဂါကူးစက်မှုမခံရစေရေးကို အလေးပေးဆောင်ရွက်စေလိုပါကြောင်း၊ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုဆောင်ရွက်နေရာများအား လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ရန်မှာ ယခုအချိန်၌ အထူးအရေးကြီးကိစ္စရပ်တစ်ခုဖြစ်နေသဖြင့် လုံးဝအားမလျှော့သည့်အပြင် ပိုမို၍ အင်အားထည့်ဆောင်ရွက်စေလိုပါကြောင်း၊ မိမိတို့ အနေဖြင့် ကိုဗစ် – ၁၉ အပြင် အခြားကူးစက်ရောဂါ၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ကိုလည်း ဆောင်ရွက်ပေးပါရန် ပြောကြားလိုပါကြောင်း၊ မိုးရာသီကာလမှာ မကြာမီရောက်ရှိတော့မည်ဖြစ်သည့်အတွက် သွေးလွန်တုပ်ကွေး၊ ဝမ်းနှင့် ပတ်သက်သည့် ရောဂါများအတွက်လည်း ပြည်နယ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများကလည်း ကြိုတင်ပြင်ဆင်မှုများကို စတင်ပြုလုပ်ပါရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မော်လမြိုင်ပြည်သူ့ဆေးရုံ၊ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်က ဆေးရုံတွင် ကိုဗစ် – ၁၉ လူနာများအား ကုသမှုပေးနိုင်ရန်အတွက် ပြင်ဆင်ထားရှိမှုများနှင့် လိုအပ်ချက်များ၊ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စောင့်ကြည့်လူနာများအား ကုသပေးနေမှုနှင့် ဓာတ်ခွဲနမူနာများ ပေးပို့စစ်ဆေးခြင်းတို့ကိုတင်ပြခဲ့ပြီး ဆေးရုံရှိ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ သူနာပြုများက ကိုဗစ် – ၁၉ လူနာ ကုသရေးလုပ်ငန်းများအပြင် အခြားဆေးရုံပိုင်းဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကာ ဖြည့်ဆည်းဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ ထိန်လင်းတို့နှင့် တွေ့ဆုံ၍ မော်လမြိုင်မြို့နယ်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဇီဝလုံခြုံမှု အဆင့်(၂+) (Biosafety Level (2+))ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲခန်းသုံးစက်ကိရိယာပစ္စည်းများ ရောက်ရှိနေပြီဖြစ်သည့်အတွက် ကိုဗစ် – ၁၉ ဓာတ်ခွဲစမ်းသပ်နိုင်ရေး၊ ထိုင်းနိုင်ငံမှ ထပ်မံရောက်ရှိလာနိုင်သည့် မြန်မာနိုင်ငံသားများအား စနစ်တကျ လက်ခံ၍ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုနိုင်ရေးနှင့် ထားရှိသည့် ကာလကို ၂၁ ရက်တာအထိ တိုးမြှင့်ရန်အတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သထုံမြို့ရှိ တိုင်းရင်းဆေးရုံ (သထုံ)တွင် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်ချက်များကို မေးမြန်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## ညောင်တုန်းမြို့နယ်တွင် အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

**ညောင်တုန်း ဧပြီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီပေးသည့် အခြေခံစားသောက်ကုန်များကို ယနေ့နံနက် ၈ နာရီက ညောင်တုန်းမြို့နယ် မြို့တော်ခန်းမ၌ ထောက်ပံ့ပေးခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ရပ်ကွက် (၈) နှင့်ကျေးရွာ အုပ်စု ၁၂ အုပ်စုတို့မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၄၄၆၂ စုတို့အတွက် အိမ်ထောင်စု တစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ ၁ ပိဿာတို့ကို ထောက်ပံ့ပေးခဲ့ပြီး လိုအပ်လျက်ရှိသည့် စားသောက်ကုန် တစ်မျိုးအား ထောက်ပံ့မှုရရှိပါက သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် ပို့ဆောင်ပေးပြီး ဆက်လက် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ညောင်တုန်းမြို့နယ်တွင် ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအုပ်စု ၄၄ အုပ်စုရှိရာ ဧပြီ ၁၁ ရက်တွင် ရပ်ကွက် သုံးခုရှိ အိမ်ထောင်စု ၈၉၅ စု၊ ဧပြီ ၁၂ ရက်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၁၈ အုပ်စုရှိ အိမ်ထောင်စု ၆၂၅၆ နှင့် ဧပြီ ၁၃ ရက်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၁၃ အုပ်စုရှိ အိမ်ထောင်စု ၄၄၆၂ စုတို့အား စားသောက်ကုန်များကို ထောက်ပံ့ပေးပြီး ကျန်ရှိနေသေးသည့် ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစား အိမ်ထောင်စုများအား ကောက်ယူထားသည့် စာရင်းအလိုက် စားသောက်ကုန်များကို ဆက်လက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝဠာနိုင် (ညောင်တုန်း)**

## တာမွေမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်အစိုးရမှ အခြေခံစားသောက်ကုန်ပစ္စည်းများထောက်ပံ့

**ရန်ကုန် ဧပြီ ၁၃**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ သင်္ကြန်ပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့သည့် အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုးထောက်ပံ့ခြင်းကို ယနေ့ညနေပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် ပြုလုပ်ခဲ့သည်။

မြို့နယ်အတွင်းရှိ ပျားရည်ကုန်းရပ်ကွက်၊ နတ်မောက်ရပ်ကွက်၊ ဘိုးလိန်း အောင်မင်္ဂလာရပ်ကွက်၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ ကျောက်မြောင်း အထက်ရပ်ကွက်၊ ကျောက်မြောင်း အရှေ့ရပ်ကွက်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်ရပ်ကွက်နှင့် နတ်ချောင်းရပ်ကွက်တို့မှ ပုံမှန်ဝင်ငွေ မရှိသော အခြေခံလူတန်းစား အိမ်ထောင်စုဝင် ၅၀၄ စုတို့အတွက်အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုးကို တာမွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်း၊ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်း၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းမြင့်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်အေး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ပြည်သူများ လက်ဝယ်အရောက် စနစ်တကျ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် လူစုလူဝေးမဖြစ်စေရေး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မို့မို့အောင်(ပြန်/ဆက်)**





# အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)**

# နေပြည်တော်ကောင်စီသို့ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဧပြီ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့်အထောက်အကူပစ္စည်းများ လှူဒါန်းပွဲကို ယနေ့နံနက်က နေပြည်တော်ကောင်စီရုံး ဧည့်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ လှူဒါန်းပွဲတွင် ရှယ်စံကုမ္ပဏီမှတာဝန်ရှိသူက ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ အပူချိန်တိုင်းကိရိယာ ၁၀ ခုနှင့် နှာခေါင်းစည်း ၁၀၀၀၀ တို့ကိုလည်းကောင်း၊ တြိဂီရိကုမ္ပဏီမှ တာဝန်ရှိသူက ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀ နှင့် လက်သန့်ဆေးရည်ဘူး ၁၀၀ တို့ကိုလည်းကောင်း၊ ပန်လေးမေမေကုမ္ပဏီမှ တာဝန်ရှိသူက ငွေကျပ် ၁၃ သိန်းကျော် တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀ ၊ အပူချိန်တိုင်း ကိရိယာသုံးခု၊ N95 နှာခေါင်းစည်း အစုံ ၂၀ ၊ နှာခေါင်းစည်းအစုံ ၆၀၀ နှင့် ရော်ဘာလက်အိတ် ၂၀၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

သတင်းစဉ်



# ခရီးသွားလျော့နည်းလာသော်လည်း ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်လိုင်းများ ပြေးဆွဲပေးလျက်ရှိ

**ရန်ကုန် ဧပြီ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ ၁၀ ရက်တာတွင် မိမိတို့နေအိမ်အတွင်း နေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး၌ ပူးပေါင်းပါဝင်ပေးနိုင်ရန် မေတ္တာရပ်ခံထားရာ ယင်းကာလ၌ ရန်ကုန်တိုင်းဒေသကြီးတွင် ခရီးသွားလျော့နည်းလာသော်လည်း YRTA မှ ယာဉ်များပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

သင်္ကြန်ကာလတွင် ပုံမှန်အားဖြင့် YRTA ယာဉ်လိုင်းများ လျှော့ချပြေးဆွဲလေ့ရှိပြီး အဝေးပြေးယာဉ်များလည်း ရပ်နားလေ့ရှိရာ ယခုနှစ်တွင် ၁၀ ရက်အတွင်း ယာဉ်လိုင်း ၈၃ လိုင်းမှ ယာဉ်အစီးရေ ၁၀၈၆ စီး ကနဦး ပြေးဆွဲပေးခဲ့၍ ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်တွင် ရန်ကုန်မြို့တွင်း ခရီးသွားလာမှု တဖြည်းဖြည်း လျော့ကျလာမှုကြောင့် ယာဉ်လိုင်းများ ပြေးဆွဲမှုကိုလည်း လျှော့ချခဲ့ကြောင်း၊ WHO မှ ကမ္ဘာ့ကပ်ရောဂါအဖြစ် မတ် ၁၃ ရက်တွင် ကြေညာပြီးနောက် လူစုလူဝေး ရှောင်ကြဉ်ရန်နှင့် လူဦးရေ ကန့်သတ်မှုကြောင့် ခရီးသွားလာမှု ပို၍ကျဆင်းခဲ့ပြီး YRTA အနေဖြင့် ယာဉ်များ စီမံခန့်ခွဲစရိတ် မရသည့်အခြေအနေဖြင့် ကြုံခဲ့ရကြောင်း သိရသည်။



"ကိုဗစ်-၁၉ ရောဂါ သက်ရောက်မှုရှိခဲ့ချိန်မှာ အချို့ယာဉ်ကြီးတွေဆိုရင် တစ်ရက်ငွေကျပ် ခုနစ်ထောင်ကနေ ကိုးထောင်စိုက်ပြီး ပြေးဆွဲပေးတာတွေရှိတယ်။ ခရီးသွားကျဆင်းမှုနဲ့ညီမျှတဲ့ ယာဉ်အစီးရေနဲ့ပဲ ပြေးဆွဲပေးခဲ့တယ်။ YRTA က တစ်ရက်ကို စီမံခန့်ခွဲမှုစရိတ်ငွေကျပ်လေးထောင် ပေးသွင်းနေရတာကို မတ် ၁၆ ရက်ကနေ ဧပြီ ၃၀ ရက်အထိ ဆိုင်းငံ့ထားခဲ့တာဟာ ကုမ္ပဏီတွေကို ပံ့ပိုးခြင်း ဖြစ်ပါတယ်။ Home stay ဖြစ်တဲ့ ၁၀ ရက်တာကာလအတွင်းမှာ ပြေးဆွဲနေတဲ့ယာဉ်များဟာ တကယ့်အခက်အခဲကြားက ပြေးဆွဲနေရတာဖြစ်ပြီး YRTA နဲ့ ပြေးဆွဲရေးမှာ ပါဝင်တဲ့ သတင်းပို့ထားတဲ့ ယာဉ်တွေကို ပံ့ပိုးတဲ့အနေနဲ့ CNG ယာဉ်များကို YRTA ကဆီ စိုက်ထုတ်ပေးပါ့မယ်။ Home stay ကာလအတွင်းမှာ ခရီးသွားမှုနည်းလာတာနဲ့အညီ ယာဉ်အစီးရေလည်း လျော့လာနိုင်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု YRTA မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

Home stay ၁၀ ရက်တွင် ရန်ကုန်မြို့၌ ယာဉ်အစီးရေ ၁၈၀၆ စီး ပြေးဆွဲရန် တင်ပြထားပြီး ခရီးသွားနည်းပါးခြင်းကြောင့် အစီးရေ ၈၀၀ ခန့်သာ ပြေးဆွဲခဲ့ရာ ယခုကဲ့သို့ ခက်ခဲသော အချိန်ကာလတွင် YRTA ၌ မှတ်ပုံတင်ထားသော ယာဉ်လိုင်းများမှ ယာဉ်မောင်းတစ်ဦးလျှင် ဆန် ရှစ်ပြည်၊ ဆီ တစ်ပိဿာကို ပံ့ပိုးပေးလျက်ရှိကြောင်း၊ ယမန်နေ့က ရန်ကုန်မြို့၌ ယာဉ်အစီးရေ ၈၅၀ ပြေးဆွဲရာတွင် ခရီးသွားပြည်သူခြောက်သောင်းခန့်သာ စီးနင်းသောကြောင့် ခရီးသွားနည်းလာသည်နှင့်အညီ ယာဉ်ပြေးဆွဲမှု လျော့နည်းလာဖွယ်ရှိကြောင်း သိရသည်။

ယခုကာလတွင် YRTA အနေဖြင့် စောင့်ကြည့်ရက်ပြည့်၍ ပြန်မည့်သူများကို ကားလက်မှတ်၊ ရထားလက်မှတ် ရရှိရန်၊ စုပေါင်း၍ ကားငှားပြန်မည့် အစီအစဉ်များကို ဆောင်ရွက်ပေးခြင်း၊ အများပြည်သူအား သယ်ယူပို့ဆောင်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများ၏ စားသောက်ရေး၊ သွားလာရေး၊ နေထိုင်ရေးကဏ္ဍ၊ အခြေခံပြည်သူတို့ထံ စားသောက်ကုန်ထောက်ပံ့မှုနှင့် ဖောင်ကြီးတွင် ဆေးရုံတည်ဆောက်ရေး၌ ပို့ဆောင်ရေးကဏ္ဍတို့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရမှ ဖွဲ့ထားသော ထောက်ပံ့ရေးအဖွဲ့၌ YRTA အနေဖြင့် ပူးပေါင်းပါဝင်လျက်ရှိပြီး ခရီးသွားလျော့နည်းလာသော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်လိုင်းများ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

သန်းထိုက်

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များအား ကိုဗစ် -၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်း

**ရန်ကုန် ဧပြီ ၁၃**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်သည်။ **(အောက်ပုံ)**

အဆိုပါလှူဒါန်းပွဲတွင် ဒေါ်ဟုန်(ဆန်ဆိုင်နှင့် အာရှရွှေကြယ်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)က ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါလှူဒါန်းပွဲသို့ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းဦး၊ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး သိန်းလွင်၊ တိုင်းဒေသကြီးအကူ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ယုနိုင်တို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

၀၀၇



# တိမ်အသင့်အတင့်ဖြစ်ထွန်းနေ

**နေပြည်တော် ဧပြီ ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ကုန်သည်စက်မှုလက်မှုလုပ်ငန်းရှင် ကုမ္ပဏီများမှ COVID -19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ စားသောက်ကုန်လှူဒါန်း

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် မေခလာခန်းမ၌ ယနေ့ နံနက် ၁၁ နာရီက ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ကုမ္ပဏီများက COVID–19 ကာကွယ်ထိန်းချုပ်ရေး အရေးပေါ်ကာလအတွင်း ပုံမှန်ဝင်ငွေ မရှိသောပြည်သူများထံ ဖြန့်ဝေလှူဒါန်းနိုင်ရေးအတွက် လှူဒါန်းငွေ၊ စားသောက်ကုန်နှင့် လက်သန့်ဆေးရည်များကို Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီသို့ ပေးအပ်လှူဒါန်းပွဲကျင်းပရာ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေ ကိုယ်စား အတွင်းရေးမှူး(၂) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တက်ရောက်၍ ဂုဏ်ပြုချီးမြှင့်စကားပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် အလှူရှင်များ၏ ကိုယ်စားအလှူရှင်နှစ်ဦးက လှူဒါန်းရခြင်းအကြောင်း မုဒိတာစကားပြောကြားကြပြီး အစီအစဉ်အရ အလှူငွေကျပ် ၄၂၀၆၃၅၀၀၀ နှင့် အထောက်အကူပြု ပစ္စည်းတန်ဖိုးငွေကျပ် ၁၀၉၀၅၀၀၀၀၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၁၁၁၃၅၀၀၀ ကျပ်ကို Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး (၂) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က လက်ခံရယူ၍ **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




**သတင်း–မျိုးမင်းသိန်း(မရမ်းကုန်း)ဓာတ်ပုံ–မျိုးကြီး**

## ကျိုင်းတုံမြို့၌ ရိုးရာသင်္ကြန် ဖားစည်ပို့ဆောင်ပူဇော်ပွဲကို လူအနည်းငယ်ဖြင့်သာ ပို့ဆောင်

**ကျိုင်းတုံ မေ ၁၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် ဂုံရှမ်းလူမျိုးများ၏ ယုံကြည်စွာ ဆောင်ရွက်ခဲ့ကြသည့် ရိုးရာသင်္ကြန်ဖားစည်ပို့ဆောင်ပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီက ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု အခြေအနေကြောင့် လူအနည်းငယ်ဖြင့်သာ အမှတ်(၅)ရပ်ကွက် နမ့်ခင်ချောင်းသို့ ပို့ဆောင်ပူဇော်ခဲ့ကြသည်။

မင်္ဂလာစည်တော်တီးခတ်ခြင်းဖြင့် ရန်ဟူသမျှ မောင်းထုတ်ခြင်း၊ မဟာသင်္ကြန်နတ်မင်း ရေသပ္ပာယ်ခြင်းအားဖြင့် ပြည်သူပြည်သားများ ကြံ့ခိုင်ကျန်းမာခြင်း၊ နမ့်ခင်ချောင်းတွင် ဖားရုပ်လစန္ဒာငုံထားသည့် ရုပ်တုနှင့် သဲပုံစေတီကို ပူဇော်ကန်တော့ခြင်းဖြင့် မိုးရွာသွန်းမှု ပုံမှန်ရရှိကာ ဆန်ရေ စပါး၊သစ်သီးဝလံများ အထွက်တိုးကာ စီးပွားတိုးတက်သည်ဟု ဒေသခံများအဆိုအရ သိရပြီး ဖားစည်ပို့ဆောင်ပူဇော်ပွဲကို ဘိုးစဉ်ဘောင်ဆက် ဓလေ့ထုံးတမ်းစဉ်လာအရ နှစ်စဉ်စည်ကားစွာကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၆၀၉ )နှစ်ပြည့် ပူဇော်ပွဲ ကို ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုအခြေအနေကြောင့် လူစုလူဝေး မဖြစ်ပေါ်စေရန် လူအနည်းငယ်ဖြင့်သာ ကျင်းပခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# နေရပ်ပြန်များ ခိုးသယ်သည့် ကူးတို့လှေသမားများအား စောင့်ကြပ်ကြည့်ရှုခြင်းကာလအပြီး ဥပဒေအရ အရေးယူသွားမည်

**ကော့သောင်း မေ ၁၃**

နိုင်ငံနှင့်အဝန်း ကိုဗစ်–၁၉ ရောဂါ တားဆီးကာကွယ်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကာလအတွင်း ကော့သောင်းမြို့နယ်အတွင်းရှိ မြန်မာ–ထိုင်း နယ်စပ်ပါချန်မြစ်ကြောင်းတစ်လျှောက် လူအဝင်၊ အထွက်ဂိတ်များ နှစ်နိုင်ငံအပြန်အလှန် ပိတ်ထားသော်လည်း ထိုင်းမှ ပြန်လာမည့် နေရပ်ပြန်များကို ဒေသခံ ကူးတို့လှေသမားတချို့က အခကြေးငွေယူကာ ခိုးသွင်းမှုဖြစ်စဉ် ကော့သောင်းမြို့တွင် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ခိုးသွင်းလာသည့် ကူးတို့လှေသမားများကို ကော့သောင်းခရိုင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများ ကြီးကြပ်ဖော်ထုတ်အရေးယူလျက်ရှိကြောင်း၊ လက်ရှိကာလအတွင်း နေရပ်ပြန်များ ခိုးသွင်းသည့် လှေသုံးစင်းကို ထိန်းသိမ်းထားပြီး ကူးတို့လှေသမားများနှင့် မိသားစုများ၊ ခိုးဝင်လာသည့် နေရပ်ပြန်များကို ကော့သောင်းမြို့၏ ကန့်သတ်စောင့်ကြည့်ရေးစင်တာများတွင် ထားရှိစောင့်ကြည့်ထားကြောင်း ကော့သောင်းမြို့နယ်တွင် ကန့်သတ်စောင့်ကြည့်ရေးစင်တာ ၁၁ ခု ဖွင့်လှစ်ထားကာ စောင့်ကြည့်ခံထားရသူ နှစ်ရာကျော်ခန့်ရှိပြီး အားလုံးကျန်းမာရေးအခြေအနေ ကောင်းမွန်မှုရှိကြောင်း သိရသည်။

ကူးတို့သမားများသည် နေရပ်ပြန်များကို တစ်ဦးလျှင် (ထိုင်းဘတ်ငွေ ၁၅၀၀) မြန်မာငွေကျပ် ခြောက်သောင်းကျော်ခန့်ယူပြီး ညအချိန်တွင် ပါချန်မြစ်ကိုဖြတ်၍ ထိုင်းဘက်မှ ကော့သောင်းမြို့တွင်းသို့ ခိုးသွင်းမှုများ ပြုလုပ်လေ့ရှိကြောင်း ဒေသခံ ကူးတို့သမားတချို့က ပြောသည်။

အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းကာလအတွင်း အရေးယူမှုလုပ်ငန်းများကို ဆိုင်းငံ့ထားပြီး ကျန်းမာရေးစောင့်ကြည့်မှုလုပ်ငန်းများကို ကနဦးဆောင်ရွက်ပေးလျက်ရှိကြောင်း၊စောင့်ကြည့်ကာလ ပြီးဆုံးချိန်တွင် ဥပဒေကြောင်းအရ အရေးယူမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းက ပြောကြားသည်။

**ကျော်စိုး(ကော့သောင်း)**



# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

**နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID–19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း**

မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID–19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID–19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID–19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စုများထံ အခြေခံစားကုန်ငါးမျိုး ဆက်လက်ထောက်ပံ့

**နေပြည်တော် ဧပြီ ၁၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်အတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံ လူတန်းစားများကို နိုင်ငံတော်က အခြေခံစားကုန်ငါးမျိုးကို ဧပြီ ၁၀ ရက်မှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထောက်ပံ့လျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အိမ်ထောင်စုများထံ အိမ်အရောက်ပို့စနစ်ဖြင့် ဆက်လက် ထောက်ပံ့လျက်ရှိသည်။ **(ဃာပုံ)**

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ထောက်ပံ့ရန် လျာထားသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု စုစုပေါင်း ၁၄၀၈၄၈ စုရှိပြီး ယနေ့တွင် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ဒက္ခိဏသီရိ၊ ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိနှင့် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများရှိပြည်သူများထံသို့ အိမ်တိုင်ရာရောက်စနစ်ဖြင့် ဆက်လက်ဖြန့်ဝေပေးလျက်ရှိသည်။



"ကျွန်တော်တို့မြို့နယ်အနေနဲ့ ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစားတွေကို ရပ်ကွက်ကျေးရွာအလိုက် ကော်မတီတွေဖွဲ့ကာ စိစစ်ရွေးချယ်ပြီး ဧပြီ ၁၀ ရက်က စတင် ထောက်ပံ့ပေးနေပါတယ်။ ပစ္စည်းတွေ ဖြန့်ဝေတဲ့ အပိုင်းမှာလည်း လူစုလူဝေးမဖြစ်အောင် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွေကတစ်ဆင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူး ခွဲပြီးတော့ ပြည်သူလူထုထံ တစ်အိမ်ဝင် တစ်အိမ်ထွက်စနစ်နဲ့ အိမ်တိုင်ရာရောက် ဖြန့်ဝေပေးနေပါတယ်" ဟု ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးက ပြောသည်။

ပျဉ်းမနားမြို့နယ်တွင် ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ စုမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၂၇၄၂၈ စုအား နိုင်ငံတော်မှ ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် ပဲတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများအတိုင်း လူစုလူဝေးမဖြစ်အောင် အိမ်တိုင်ရာရောက်စနစ်ဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။

ပျဉ်းမနားမြို့ တောင်သာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က "သာမန်လက်လုပ်လက်စား အခြေခံလူတန်းစားပြည်သူတွေ မကျန်ရှိရအောင်နဲ့ နိုင်ငံတော်က ထောက်ပံ့တဲ့ပစ္စည်းတွေ အပြည့်အဝရရှိအောင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေနဲ့ ကော်မတီတွေဖွဲ့ပြီး တစ်အိမ်တက်ဆင်း စာရင်းကောက်ယူကာ ထောက်ပံ့တဲ့အပိုင်းမှာ အမြန်ဆုံးဖြစ်အောင်နဲ့ ပြည်သူတွေကို အပြင်မထွက်စေချင်တဲ့အတွက် ထောက်ပံ့ပစ္စည်းတွေကို စနစ်တကျထုပ်ပိုးပြီး အိမ်တိုင်ရာရောက် ပေးအပ်နေပါတယ်" ဟု ပြောသည်။

"ကျွန်တော်က သစ်စက်မှာ အလုပ်လုပ်ပါတယ်၊ မိသားစုဝင်က ခြောက်ဦးရှိပြီး အခုက အလုပ်နားထားရပါတယ်။ ကျွန်တော်တို့လို ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစားတွေကို ကပ်ရောဂါကြီးဖြစ်နေချိန်မှာ နိုင်ငံတော်က ထောက်ပံ့ပေးတဲ့အတွက် အတိုင်းမသိ ပျော်ရွှင်ရပါတယ်" ဟု ပျဉ်းမနား အုတ်ကျင်းရပ်ကွက်မှ အခြေခံလူတန်းစား ဦးစောနန်းဝေ ကပြောသည်။

ထို့အတူ ပျဉ်းမနား ရွှေချီရပ်ကွက်မှ မဝင်းစန္ဒာက "ကျွန်မက ပျံကျဈေးအရောင်းအဝယ် လုပ်ကိုင်ပါတယ်။ အခုကအလုပ်က နားထားရပါတယ်။ ကပ်ရောဂါနဲ့ ပတ်သက်ပြီး အပြင်မထွက်ရဘူး၊ လက်ကို ပုံမှန်ဆေးရမယ် ဆိုတာတော့သိတယ်။ မိသားစုဝင်ငါးဦး ရှိတဲ့အတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့တဲ့ရိက္ခာက ရက် ၂၀ လောက် စားလို့ရမှာပါ။ အစိုးရအနေနဲ့ မရှိဆင်းရဲသားတွေကို ထောက်ပံ့တာ ပထမဆုံးအကြိမ် ကြုံဖူးတာပါ" ဟု ပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားပြည်သူများအား အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာနှုန်းဖြင့် ဧပြီ ၁၀ ရက်မှစတင်ကာ ထောက်ပံ့ပေးလျက်ရှိသည့်အပြင် ပရဟိတအဖွဲ့များနှင့် စေတနာရှင် ပြည်သူများကလည်း လက်လုပ်လက်စားပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများကို သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပေါင်းစပ်ကာ လိုက်လံလှူဒါန်းလျက် ရှိကြောင်းလည်း သိရသည်။

**သတင်း-ဟန်လင်းနိုင်၊ ဓာတ်ပုံ-ထန်းဖုန်**

# မရမ်းကုန်းမြို့နယ်၌ လူအဝင်၊ အထွက် စောင့်ကြည့်ခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ပရဟိတအသင်းအဖွဲ့များ၊ ပြည်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဧပြီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း ရပ်ကွက်များ၌ လူအဝင်၊ အထွက် စောင့်ကြည့်ခြင်းလုပ်ငန်းများနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ပရဟိတအသင်းအဖွဲ့များ၊ ပြည်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးစိန်ထွန်းထံမှ သိရသည်။

မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌက "ကိုဗစ်- ၁၉ ဖြစ်ပွားနေတဲ့ကာလမှာ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ထားတဲ့အတိုင်း လမ်းအလိုက် စောင့်ကြည့်စစ်ဆေးရေး အဖွဲ့တွေနဲ့ လူဝင်၊ လူထွက်တွေကို စောင့်ကြည့်မှုတွေ လုပ်နေပါတယ်။

ဒါ့အပြင် ရပ်ကွက်အတွင်းမှာ ပိုးသတ်ဆေးဖျန်းတဲ့ လုပ်ငန်းတွေကိုလည်း လုပ်ဆောင်နေပါတယ်။ အခုလို ဆောင်ရွက်မှုတွေကိုတော့ မိမိတို့လမ်းအလိုက် ကိုယ်ပိုင်ဆောင်ရွက်မှုတွေရှိသလို ပရဟိတအဖွဲ့အစည်းတွေကလည်း ဆောင်ရွက်နေပါတယ်။ အဓိကက ပြည်သူတွေအနေနဲ့ အစိုးရက ထုတ်ပြန်တဲ့ သတင်းအချက်အလက်တွေ၊ ကာကွယ်ရေး နည်းလမ်းတွေကို လိုက်နာပြီး အိမ်တွင်နေထိုင်ခြင်း လုပ်ဆောင်ဖို့လိုပါတယ်" ဟု ပြောသည်။

ထိုသို့ ဆောင်ရွက်မှုအနေဖြင့် အဆိုပါမြို့နယ်များရှိ ရပ်ကွက်များ၏ နေအိမ်များနှင့် လမ်းများတွင် ပိုးမွှားများ ကင်းရှင်းစေရန် ထုံးဖြူးခြင်းနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ရပ်ကွက်များရှိ လမ်းထိပ်များ၌ သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖအဖွဲ့များက လူအဝင်၊ အထွက် စောင့်ကြည့်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်မှ မြတ်ကုသိုလ်လူမှုကယ်ဆယ်ရေးအသင်းဥက္ကဋ္ဌ ဦးသန်းဝင်း(ခ) ကိုချိန်သီးက "ပိုးသတ်ဆေးဖျန်းတဲ့လုပ်ငန်းကို ရပ်ကွက်အတွင်းမှာရှိတဲ့ လမ်းတွေအားလုံးကို မကြာခဏဖျန်းပေးပါတယ်။ ဒါ့အပြင် မနေ့ကဆိုရင် အင်းစိန်မြို့နယ်က သံသယရှိလူနာနေတဲ့လမ်းနဲ့ ဒီနေ့မနက်မှာ လှိုင်မြို့နယ်က သံသယရှိလူနာနေတဲ့နေရာ အနီးဝန်းကျင်တွေကို လည်းပိုးသတ်ဆေးတွေ လိုက်လံဖျန်းပေးခဲ့ပါတယ်။ အသင်းသားတွေကိုလည်း အန္တရာယ်ကင်းအောင်၊ ရောဂါပိုးမကူးစက်အောင် ရောဂါကာကွယ်ရေးဝတ်စုံတွေ ဝတ်ဆင်ပြီး ဆောင်ရွက်စေတာ ဖြစ်ပါတယ်" ဟု ပြောသည်။

အလားတူ ထိုသို့ဆောင်ရွက်မှုကို ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များ၌ ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ပြည်သူများအား သင်္ကြန်ကာလ ရုံးပိတ်ရက်များ ဖြစ်သည့် ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ မဖြစ်မနေ ဆောင်ရွက်ရမည့် ကျန်းမာရေးကိစ္စရပ်များနှင့် အစားအသောက်ဝယ်ယူခြင်းကိစ္စရပ်များမှလွဲ၍ နေအိမ်ပြင်ပသို့ထွက်ခွာ သွားလာခြင်းများ မပြုလုပ်ဘဲ မိမိ၏နေအိမ်၌ အိမ်တွင်နေထိုင်ခြင်းဖြင့် အသွားအလာကန့်သတ်ခြင်းအစီအစဉ်နှင့် လုပ်ငန်းများတွင် ပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပြန်ကြားထားသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**




ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်အတွင်း မြတ်ကုသိုလ်လူမှုကယ်ဆယ်ရေးအသင်းမှ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

# မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဂိတ်များမှတစ်ဆင့် လူ ဝင်-ထွက်ခွင့် ရပ်ဆိုင်း

**နေပြည်တော် ဧပြီ ၁၃**

မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဂိတ်များမှတစ်ဆင့် လူ ဝင်၊ ထွက်ခွင့်ကို ရပ်ဆိုင်းထားကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ ယနေ့တွင် ရေးသားထားသည်။

အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်အရ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ယမန်နေ့(ဧပြီလ ၁၂ ရက်) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ရှိ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး မစ္စတာ မန်ဂျူရာကရင်မ်ချောင်ဒရီ ကို တယ်လီဖုန်းနှင့် ဆက်သွယ်ခဲ့ကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားမှု ကာကွယ်တားဆီးရေးအတွက် မြန်မာနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းငါးနိုင်ငံထဲမှ တရုတ်၊ အိန္ဒိယ၊ ထိုင်းနှင့် လာအိုနိုင်ငံတို့နှင့် နယ်စပ်ဂိတ်များကတစ်ဆင့် လူဝင်၊ လူထွက် ပိတ်ထားပြီးဖြစ်ကြောင်း၊ ကုန်သွယ်မှု စီးဆင်းနိုင်ရေးအတွက် ဖွင့်လှစ်ထားကြောင်း၊ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်နယ်စပ်ဂိတ်များကတစ်ဆင့် လူဝင်၊ လူထွက်များကို ဧပြီ ၁၃ ရက်မှစပြီး ပိတ်မည်ဖြစ်ကြောင်း၊ ကုန်သွယ်မှု မထိခိုက်ရန်အတွက် ကုန်စည်များ စီးဆင်းမှုကို ဆက်လက်ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ လူဝင်လူထွက်မရှိစေရေးအတွက် ဘင်္ဂလားဒေ့ရှ်ဘက်က ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်က တစ်နိုင်ငံလုံး Lock Down လုပ်ထားသည့်အတွက် အထောက်အကူဖြစ်စေမည်ဟု ပြောကြားခဲ့ကြောင်း။

ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး မစ္စတာ မန်ဂျူရာကရင်မ်ချောင်ဒရီကလည်း ဌာနချုပ်ကို ပြန်လည်တင်ပြပေးမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း ဒါကာနှင့် ကော့ဘဇား အပါအဝင် တစ်နိုင်ငံလုံးကို Lock Down လုပ်ထားကြောင်း၊ ပြည်ပနှင့် နယ်စပ်များက ဝင်ရောက်လာသူများကြောင့် ကူးစက်ပြန့်ပွားမည်ကို ဒေသခံများက စိုးရိမ်နေကြောင်း ပြန်လည်ပြောကြားခဲ့သည်ဟု သိရှိရကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ရေးသားထားသည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဂိတ်များမှတစ်ဆင့် လူဝင် - လူထွက် ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်အတွင်း UEHRD လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့သည့် ဓာတ်ပုံအဟောင်းများ တင်နေကြသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က မီဒီယာများကို ဖြေကြားပေးနေကြောင်းနှင့် ဦးစိုးအောင်ကို ဆက်သွယ်လိုပါက ဖုန်း 09- 442000900 သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းကို ဖော်ပြထားသည်။

**ထက်လျှံ**

# ဆီဆိုင်မြို့နှင့် ၄၅ မိုင်ခန့်အလှမ်းဝေးပြီး အမြင့်ပေ ၄၈၀၀ ခန့်ရှိ တောင်ပေါ်ကျေးရွာသို့ အိမ်တိုင်ရာရောက် အခြေခံစားသောက်ကုန်ငါးမျိုး ကွင်းဆင်းထောက်ပံ့ပေး



**ဆီဆိုင် မေ ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နှင့် ၄၅ မိုင်ခန့် အလှမ်းဝေးပြီး အမြင့်ပေ ၄၈၀၀ ခန့်ရှိ တောင်ပေါ်ကျေးရွာသို့ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားများအတွက် နိုင်ငံတော်မှ အခြေခံစားသောက်ကုန် ငါးမျိုးဖြစ်သည့် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာနှင့် ကြက်သွန်နီတစ်ပိဿာနှုန်းဖြင့် ဖြန့်ဝေပေးလျက်ရှိရာ မေ ၁၃ ရက် နံနက် ၁၀ နာရီက နားသံကျေးရွာအုပ်စု၊ ဘန်းဗွီးကျေးရွာအုပ်စုနှင့် ပင်စုံကျေးရွာအုပ်စုတို့ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားများထံသို့ ကွင်းဆင်းထောက်ပံ့ပေးခဲ့သည်။

အိမ်တိုင်ရာရောက် ကွင်းဆင်းထောက်ပံ့ပေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ဒုတိယဦးစီးမှူး ဦးအောင်မိုးခိုင်နှင့် အဖွဲ့ဝင်များက ဆီဆိုင်မြို့နယ် နားသံကျေးရွာအုပ်စု ကုန်းလမ်းကျေးရွာရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု လေးစု၊ လူဦးရေ ၁၃ ဦးကိုလည်းကောင်း၊ နားသံကျေးရွာအုပ်စုအတွင်းရှိ ဆီဆိုင်မြို့နှင့် ၄၅ မိုင်ခန့် အလှမ်းဝေးပြီး အမြင့်ပေ ၄၈၀၀ ခန့်ရှိ တောင်ပေါ်ကျေးရွာဖြစ်သည့် ပချားကလို (အလယ်)ရွာရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၃၀၊ လူဦးရေ ၁၄၈ ဦးကိုလည်းကောင်း၊ ဘန်းဗွီးကျေးရွာအုပ်စု ကျောင်းချယ်ကျေးရွာရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၁၅ စု၊ လူဦးရေ ၁၀၇ ဦးကို လည်းကောင်း၊ ပင်စုံကျေးရွာအုပ်စု နန်းသြကျေးရွာရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၉၅ စု၊ လူဦးရေ ၇၆၂ ဦးကို လည်းကောင်း အိမ်တိုင်ရာရောက် ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဆီဆိုင်မြို့နယ်အတွင်း ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ အုပ်စုရှိပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၆၄၁ စု၊ လူဦးရေ ၁၃၇၉၅ ဦးအနက် အိမ်ထောင်စု ၆၉၃ စု၊ လူဦးရေ ၂၆၄၄ ဦးအား ဖြန့်ဝေပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် အိမ်ထောင်စု ၁၉၄၈ စု၊ လူဦးရေ ၁၁၁၅၁ ဦးအတွက် စားသောက်ကုန်ပစ္စည်း ငါးမျိုးကို သက်ဆိုင်ရာ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးများထံသို့ ပေးပို့ပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ အုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက ပြည်သူများထံသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ကျောက်တလုံးကြီးမြို့၌ အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန် ငါးမျိုးကို ဆက်လက်ဖြန့်ဝေ

**ကျောက်တလုံးကြီး မေ ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု စုစုပေါင်း ၁၀၅၁ စုကို မေ ၁၃ ရက်က နိုင်ငံတော်က ထောက်ပံ့ပေးသည့် အခြေခံ စားသောက်ကုန်များ ဖြစ်သော အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာ စုစုပေါင်း ထောက်ပံ့ကူညီမှု ငါးမျိုးစီကို အခမဲ့ထောက်ပံ့ပေးခဲ့သည်။ **(ဝဲပုံ)**



ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ အနေဖြင့် မြို့အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံး ပိတ်ရက်ကာလအတွင်း နိုင်ငံတော် အစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်များ အိမ်တိုင်ရာရောက် ဖြန့်ဝေပေးအပ်ခြင်းဖြစ်ပြီး မြို့ပေါ် ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ခုနစ်အုပ်စုအတွင်းရှိ အိမ်ထောင်စုပေါင်း ၁၀၅၁ စုအား မြို့နယ်ကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက အိမ်တိုင်ရာရောက် ဖြန့်ဝေပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ကျောက်တလုံးကြီးမြို့ အုပ်ချုပ်ရေးမှူး ဦးစောချမ်းက ပြောကြားသည်။

နိုင်ငံတော်က ထောက်ပံ့ပေးသည့် အခြေခံ စားသောက်ကုန်များကို ကျောက်တလုံးကြီးမြို့ အုပ်ချုပ်ရေးမှူး ဦးစောချမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်တလုံးကြီးမြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ စုပေါင်း၍ မြေပြင်၌စာရင်းကောက်ယူထားသည့် အတိုင်း ရပ်ကွက်/ကျေးရွာအုပ်စု အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော မိသားစုများ၊ အမှန်တကယ် လိုအပ်ချက်ရှိသည့် မိသားစုများအတွက် ထောက်ပံ့ကူညီမှု ငါးမျိုးစီကို အိမ်တိုင်ရာရောက် တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခွန်အာကာ(ကျောက်တလုံး)**

## ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ အတွက် ပစ္စည်းငါးမျိုးဖြန့်ဖြူး

**ရန်ကုန် မေ ၁၃**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု တစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာ စုစုပေါင်း ကူညီမှု ငါးမျိုးစီကို မေ ၁၀ ရက်မှစတင်၍ အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၆၈၀၂၂၇ စုရှိရာ မေ ၁၃ ရက်အထိ အိမ်ထောင်စုပေါင်း ၁၃၂၉၇၈ စုအား ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်ရွှေမြို့ နန္ဒဝန်ရပ်ကွက်ရှိ အိမ်ထောင်စုများထံ အခြေခံစားသောက်ကုန်များ ထောက်ပံ့

**ညောင်ရွှေ မေ ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ နန္ဒဝန်ရပ်ကွက်တွင် မေ ၁၃ ရက် ညနေ ၄နာရီခွဲက စေတနာရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၅၀ ကို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုး၊ အလှူရှင်များ၊ ပရဟိတအဖွဲ့များက အိမ်ထောင်စု ၅၀ ကို အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ကြက်သွန်နီ တစ်ပိဿာ၊ ဆပ်ပြာနှင့် ကိုဗစ်-၁၉ ရှမ်းပြည်နယ်ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီက ကြက်ဥ ၁၀ လုံး၊ ဟင်းသီးဟင်းရွက်တို့ကို အိမ်တိုင်ရာရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးသူရိန်**

*❒ ကျောဖုံးမှ*

ဦးဘုန်းထက်နိုင်မြင့်တို့က အမှာစကားပြောကြားပြီး ကျန်ရှိသည့် ကျေးရွာအုပ်စု ၁၅ အုပ်စုမှ အိမ်ထောင်စု ၁၃၀၄ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကုလားပဲတစ်ပိဿာ၊ ကြက်သွန်နီတစ်ပိဿာ၊ ဆား ၅၀ ကျပ်သားတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့က ပြည်သူလူထုများကိုယ်စား သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများထံ ပေးအပ်ခဲ့သည်။

ပင်လောင်းမြို့နယ် နောင်တရားမြို့ ပေါင်းလောင်းမြို့ အတွင်းရှိ ရပ်ကွက် ၁၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၅ အုပ်စုမှ အိမ်ထောင်စုပေါင်း ၂၆၀၈ စုအား စားသောက်ကုန်ငါးမျိုးကို ထောက်ပံ့ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*✳ ကျောဖုံးမှ*

အဲဒီအိမ်ထောင်စုတွေကို ရစေချင်လို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖတွေနဲ့ တိုင်ပင်ပြီး ပြန်လည်လှူဒါန်းခဲ့တာဖြစ်ပါတယ်”ဟု အုတ်ကျင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မင်းထွန်းက ပြောသည်။

အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုးကို ပြန်လည်လှူဒါန်းခဲ့သည့် အုတ်ကျင်းကျေးရွာမှ အိမ်ထောင်စု ၂၂ စုတွင် အိမ်ထောင်စုဝင် ၈၈ ဦးရှိကြောင်းနှင့် ၎င်းအိမ်ထောင်စုဝင်များ ပြန်လည်လှူဒါန်းခဲ့သည့် စားသောက်ကုန်ပစ္စည်းများကို မြို့နယ်အတွင်းရှိ ကနဦးစာရင်းတွင်မပါရှိသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားအိမ်ထောင်စုများအား ဆက်လက်ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

# ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ သန့်ရှင်းရေးဝန်ထမ်းများအား ဆန်၊ ဆီ၊ ကြက်ဥနှင့် နှာခေါင်းစည်းများ လှူဒါန်း

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ သန့်ရှင်းရေးဝန်ထမ်းများအား စေတနာရှင်အလှူရှင်များက ဆန်၊ ဆီ၊ ကြက်ဥနှင့် နှာခေါင်းစည်းများ လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနခွဲရုံး၌ ပြုလုပ်သည်။ **(ယာပုံ)**



အလှူရှင် မမီးမိန်က “အခုလို ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်နေတဲ့ အချိန်မှာ လူတော်တော်များများက စီးပွားရေးအဆင်မပြေကြဘူး။ အထူးသဖြင့် အောက်ခြေ လူတန်းစားတွေမှာ ပိုပြီး စားဖို့သောက်ဖို့ အခက်အခဲရှိကြတယ်။ ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ဒဂုံဆိပ်ကမ်းမြို့နယ်ထဲမှာရှိတဲ့ သန့်ရှင်းရေးဝန်ထမ်းတွေကို လာရောက် လှူဒါန်းတာဖြစ်ပါတယ်” ဟု ပြောသည်။

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ၉၂ ရပ်ကွက် အုပ်ချုပ်ရေးရုံးမှ ဦးမောင်မောင်အေးက “ကိုဗစ်-၁၉ ဖြစ်ပြီးနောက်ပိုင်း အလှူရှင် တော်တော်များများကတော့ သူတို့ တတ်နိုင်သလောက် အခြေခံလူတန်းစားတွေကို လာရောက်လှူဒါန်းတာတွေ့ရပါတယ်။ ကျွန်တော်တို့ ရပ်ကွက် အုပ်ချုပ်ရေးပိုင်းကလည်း ကိုယ်တတ်နိုင်တဲ့ဘက်က အားပေး ကူညီဆောင်ရွက်ပေးနေပါတယ်” ဟု ပြောသည်။

ယနေ့ လှူဒါန်းမှုအနေဖြင့် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ သန့်ရှင်းရေးဝန်ထမ်းများအား လူတစ်ဦးလျှင် ဆန် သုံးပြည်၊ ဆီတစ်ဘူး၊ ကြက်ဥ ၁၀ လုံး၊ ငွေကျပ် သုံးထောင်နှင့် နှာခေါင်းစည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နေလင်း**

# နေအိမ်၌ နေထိုင်စဉ်ကာလအတွင်း အငှားယာဉ်မောင်းများအတွက် တစ်ရက်လျှင် ဆန်သုံးပြည်နှုန်းဖြင့် လှူဒါန်း

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီးတွင် လတ်တလောကာလအတွင်း အငှားယာဉ်မောင်းများအဆင်ပြေစေရန် တစ်ရက်လျှင် ဆန် သုံးပြည်နှုန်းဖြင့် လှူဒါန်းမှုများ ပြုလုပ်လျက်ရှိကြောင်း PEAK အင်ဂျင်ဝိုင်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးညီမင်းဟန်က ပြောသည်။

အဆိုပါ ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးညီမင်းဟန်က "တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ထားတဲ့ နေအိမ်၌ နေထိုင်စဉ်ကာလမှာ အငှားယာဉ်မောင်းတွေ အဆင်ပြေစေဖို့ အခုလို လှူဒါန်းနေတာပါ။ အငှားယာဉ်မောင်း တစ်ဦးကို နေ့စဉ် ဆန်သုံးပြည်နှုန်း လှူဒါန်းပေးနေပါတယ်။ မည်သူမဆို လာရောက်ထုတ်ယူလို့ရပါတယ်။ အချိန်ကန့်သတ်မှုရှိပေမယ့် လူဦးရေ ကန့်သတ်မထားပါဘူး။ တချို့တွေကလည်း ကိုယ့်အတွက် သိပ်ပြီးမလိုအပ်ပေမယ့် သူ့ရဲ့ပတ်ဝန်းကျင်က နွမ်းပါးသူတွေကို ပြန်လည်လှူဒါန်းဖို့ လာရောက်ထုတ်ယူကြတာမျိုးလည်း ရှိပါတယ်" ဟု ပြောသည်။

ထိုသို့ လှူဒါန်းမှုကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက် ဓမ္မသုခကျောင်းလမ်းရှိ PEAK အင်ဂျင်ဝိုင်လဲ အလုပ်ရုံ၌ မေ ၁၀ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်လျက်ရှိရာ တစ်ရက်လျှင် အငှားယာဉ်မောင်း ၂၀၀ ကျော်မှ ၃၀၀ ကျော်အထိလာရောက်ထုတ်ယူလျက်ရှိကြောင်း၊ ထိုသို့လှူဒါန်းမှုအား အချိန်ကန့်သတ်ထားသော်လည်း လာရောက်ထုတ်ယူနိုင်သည့် လူဦးရေ ကန့်သတ်ထားခြင်းမရှိကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်မှ အငှားယာဉ်မောင်း ကိုထွန်းဦးက "ဒီကာလမှာ အလုပ်အကိုင်မကောင်းတော့ နေ့တိုင်းလာထုတ်ဖြစ်တယ်။ ကိုယ်လည်းစားတယ်။ ကိုယ့်ဝန်းကျင်က အဆင်မပြေတဲ့သူတွေကိုလည်း ပြန်လှူဖြစ်တယ်" ဟု ပြောသည်။

ယခုအခါ မဟာသင်္ကြန်ရုံး ပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံစားသောက်ကုန် ငါးမျိုးအား ထောက်ပံ့ဖြန့်ဝေမှုများ ပြုလုပ်နေသကဲ့သို့ စေတနာရှင်ပြည်သူများကလည်း "ပြည်သူမှ ပြည်သူသို့ မျှဝေခြင်း" အစီအစဉ်ဖြင့်လည်းကောင်း ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



အငှားယာဉ်မောင်းများအား ဆန်များ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်စဉ်။

# တောင်ငူ၌ အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်းငါးမျိုးကို နိုင်ငံတော်ကိုယ်စား အလှူရှင်တစ်ဦးက ပါဝင်လှူဒါန်း

**တောင်ငူ မေ ၁၂**

ကိုဗစ်-၁၉ ရောဂါကြောင့် သင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံ လူတန်းစားများအတွက် စားသောက်ကုန် ငါးမျိုးလှူဒါန်းခြင်းကို နိုင်ငံတော်မှ ထောက်ပံ့လျက်ရှိရာ တောင်ငူမြို့ ရပ်ကွက်(၈)နေ ပြည်သူများက နိုင်ငံတော်၏ စေတနာကို စာနာထောက်ထားသော အားဖြင့် လိုအပ်နေသည့် ကျေးရွာများအတွက် ထပ်ပိုးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မေ၁၂ ရက်တွင် အိမ်ထောင်စု ၁၅၁ စု လူဦးရေ ၇၂၃ ဦးကို အလှူရှင်များ ဖြစ်ကြသည့် ဦးသန်းထိုက်ဝင်း၊ ဇနီး ဒေါ်ခင်ချိုစန်းတို့က နိုင်ငံတော်မှ ထောက်ပံ့သည့် အချိုးအစားအတိုင်း တောင်ငူမြို့ ရပ်ကွက်(၈)ရှိ အမှတ် ၆ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။



**သူရ(တောင်ငူ)**

# ဒက္ခိဏသီရိမြို့နယ်အတွင်း အခြေခံလူတန်းစားများအတွက် အခြေခံစားကုန်ငါးမျိုး ဖြန့်ဝေပေး

**နေပြည်တော် မေ ၁၂**

ဒက္ခိဏသီရိမြို့နယ်အတွင်း အခြေခံလူတန်းစား အိမ်ထောင်စု ၆၁၈၇ စုရှိသည့်အနက် မေ ၁၄ ရက်တွင် အိမ်ထောင်စု ၁၁၈၃ စုကို ဖြန့်ဝေပေးရန် လျာထားခဲ့ရာ ရွှေအင်ကြင်းရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၄၇၅ စုအား အခြေခံစားကုန် ငါးမျိုးအနက် ဆန် ၄၇၅ အိတ်၊ ဆီ ၂၃၇ ဒသမ ၅ ပိဿာ၊ ပဲ ၄၇၅ ပိဿာ၊ ဆား ၂၃၇ ဒသမ ၅ ပိဿာ၊ ဒိုးနွယ်ကျေးရွာအုပ်စုအတွင်းရှိ ရဲဒိကျေးရွာ၊ ဒိုးနွယ်ကျေးရွာ၊ ရွာသစ်ကျေးရွာတို့ကို ဆန်အိတ် ၃၅၀၊ ဆီ ၁၇၅ ပိဿာ၊ ပဲ ပိဿာ ၃၅၀၊ ဆား ၁၇၅ ပိဿာ၊ ကြက်သွန် ပိဿာ ၃၅၀ နှင့် ကြာပင်ကျေးရွာအုပ်စုအတွင်းရှိ ထန်းတပင်ကျေးရွာ၊ အောင်သုခကျေးရွာတို့ကို ဆီ ၁၁၄ ပိဿာ၊ ပဲ ၂၂၈ ပိဿာ၊ ဆား ၁၁၄ ပိဿာတို့ကိုလည်းကောင်း၊ ကူဆည်စုကျေးရွာအုပ်စုအတွင်းရှိ ဆည်စုကျေးရွာနှင့် ငွေးတောက်ရိုး ကျေးရွာတို့အား ဆီ ၆၅ ပိဿာ၊ ပဲ ပိဿာ ၁၃၀၊ ဆား ၆၅ ပိဿာ၊ ကြက်သွန် ပိဿာ ၁၃၀ စုစုပေါင်း အိမ်ထောင်စု ၁၁၈၃ စုတို့အတွက် ဆန် ၈၂၅ အိတ်၊ ဆီ ၅၉၁ ဒသမ ၅ ပိဿာ၊ ပဲ ၁၁၈၃ ပိဿာ၊ ဆား ၅၉၁ ဒသမ ၅ ပိဿာ၊ ကြက်သွန် ပိဿာ ၄၈၀ တို့ကို နေအိမ်များအရောက် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထီးချိုင့်မြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအတွက် စားသောက်ကုန်များ ထောက်ပံ့

**ထီးချိုင့် မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်မှအရေးကြီးကာလဖြစ်သည့် သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား စားသောက်ကုန် ငါးမျိုး ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ရာတွင် အိမ်ထောင်စုတစ်စုလျှင် ဆန် ရစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ကုလားပဲ တစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်တို့ ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ ပေးအပ်ခဲ့သည်။ (ဝဲပုံ)

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ကွမ်းဘောင်ကျေးရွာအုပ်စုတွင် ပါဝင်သော ကွမ်းဘောင်၊ လယ်မီး၊ ကျောက်ပေါက်ချောင်း၊ ဆယ်လန်၊ အောင်ချမ်းသာ(၁)၊ မူဝါဒေကျေးရွာများရှိ အိမ်ထောင်စု ၈၃ စု၊ လူဦးရေ ၂၈၄ ဦးတို့အတွက် ထောက်ပံ့ပစ္စည်းများအား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲလင်းထွန်း(ထီးချိုင့်)**

# ပင်လောင်းမြို့နယ်အတွင်း အခြေခံစားသောက်ကုန်ပစ္စည်းများ ပြည်သူများလက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေ

**ပင်လောင်း မေ ၁၂**

ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီသော အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုး ဖြန့်ဝေပေးအပ်လှူဒါန်းခြင်းကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု သုံးအုပ်စုမှ အိမ်ထောင်စုများထံသို့ မေ ၁၃ ရက် ညနေပိုင်းတွင် သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့ သွားရောက်လှူဒါန်းရာတွင် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိန်းညားကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၁၁၄ စု၊ ထီပေါင်းကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၉၉ စု၊ မြောက်ထီဗွာကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၁၀၉ စု စုစုပေါင်း အိမ်ထောင်စု ၃၂၂ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ရစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ကုလားပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာတို့ကို အိမ်တိုင်ရာရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ အလှူရှင်များစုပေါင်း၍ ပုံမှန်ဝင်ငွေမရှိသူများအတွက် စားသောက်ကုန်များထောက်ပံ့


အလှူရှင်များ စုပေါင်း၍ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။

**တာချီလိတ် မေ ၁၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၂၈၅၀ အနက် ကျန်ရှိသော အိမ်ထောင်စုပေါင်း ၂၃၅၁ စုကို မြို့ပေါ် ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ခြောက်ခုတို့တွင် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ အလှူရှင်များ ဦးဆောင်၍ လူမှုကူညီရေးအသင်းအဖွဲ့များက အဖွဲ့များခွဲကာ အိမ်တိုင်ရာရောက် သွားရောက်ပေးဝေခဲ့သည်။

နိုင်ငံတော်၏ သင်္ကြန်ကာလ ထောက်ပံ့ရေးအစီအစဉ် ဖြစ်သော အခြေခံ လူတန်းစားများအတွက် အခြေခံစားသောက်ကုန် ငါးမျိုး ထောက်ပံ့ပေးခြင်းကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံလှူဒါန်းပြီး နိုင်ငံတော်ကိုယ်စား တာချီလိတ်မြို့မိ မြို့ဖများ၊ လုပ်ငန်းရှင်များ၊ အလှူရှင်များ စုပေါင်း၍ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က ပြောသည်။

ဆက်လက်၍ အခြေခံလူတန်းစားများအား ထောက်ပံ့ပေးနိုင်ရန်အတွက် တာချီလိတ်မြို့ စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်များက ငွေကျပ် ၂၆ သိန်း ကျော်နှင့် ရီဂျီးနားဟိုတယ်နှင့် ဂေါက်ကလပ်က ငွေကျပ် ၁၃ သိန်းကျော် စုစုပေါင်း ငွေကျပ်သိန်း ၄၀ ခန့်ကို လာရောက်လှူဒါန်းခဲ့သည်။

**ယာဆေး(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းကလျာခိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဦးနှင့် ကော်မတီဝင်များက အခြေခံစားသောက်ကုန် ငါးမျိုးကို မိသားစုများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန် ငါးမျိုးကို တိုက်ကြီးမြို့နယ်အတွင်းရှိ အိမ်ထောင်စုပေါင်း ၂၀၇၃ စုအတွက် ဆန်အိတ် ၆၉၀၊ ဆီ ၁၀၃၆ ပိဿာ ၅၀ ကျပ်သား၊ ဆား ၁၀၃၆ ပိဿာ ၅၀ ကျပ်သား၊ ပဲ၂၀၇၃ ပိဿာ၊ ကြက်သွန် ၂၀၇၃ ပိဿာ ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် အိမ်ထောင်စုများကိုလည်း ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စန်းကလျာခိုင်(ပြန်/ဆက်)**

# IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများတွင် COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆောင်ရွက်မှုများ

**“COVID-19 နှင့်စပ်လျဉ်း၍ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှု (Psycho Social Support)များကို ရပ်ရွာအခြေပြု Quarantine နေရာများ၊ IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများတွင် ဆောင်ရွက်ပေးလျက်ရှိ၊ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အသိပေးကြေညာပေးထားသည့် ဖုန်းနံပါတ်များသို့ မိမိတို့ကိုယ်တိုင် စိတ်ချယုံကြည်စွာ တိုက်ရိုက်ဆက်သွယ်နိုင်ပြီး အထူးလေ့ကျင့်ပေးထားသော လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများက နှစ်သိမ့်ဆွေးနွေးမှုခံယူသူများ၏ သတင်းအချက်အလက် မပေါက်ကြားရေးကို အထူးအလေးထားကာ တယ်လီဖုန်းဖြင့် တိုင်ပင်ဆွေးနွေး ဆောင်ရွက်ပေးလျက်ရှိ”**

မြန်မာနိုင်ငံအတွင်းတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများကို လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများတွင် ကာကွယ်စောင့်ရှောက်၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ(၆)ရက်နေ့စာရင်းများအရ အဆိုပါပြည်နယ်(၅)ခုတွင် IDPs စခန်း(၁၂၈)ခု၊ တိုက်ပွဲရှောင်စခန်း(၇)ခုနှင့် ယာယီခိုလှုံရာနေရာများတွင် လူဦးရေ စုစုပေါင်း (၂၅၅၀၀၀) ကျော် နေထိုင်လျက်ရှိပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် စားသောက်ရေး၊ နေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စသည်ဖြင့် ဘဝရပ်တည်မှုဆိုင်ရာ အခြေခံလိုအပ်ချက်များကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းမှ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## တစ်နိုင်ငံလုံးတွင် ပိုမိုအရှိန်မြှင့်လုပ်ဆောင်

ယခုကဲ့သို့ COVID-19 ကူးစက်ရောဂါ ကမ္ဘာတစ်ဝန်းဖြစ်ပွားချိန်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း ရင်ဆိုင်ကြုံတွေ့နေရကာ လိုအပ်သည့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီကဦးဆောင်၍ စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ ပထမဆုံး COVID-19 ရောဂါပိုးကူးစက်လူနာကို ၂၀၂၀ပြည့်နှစ်၊ မတ်လ (၂၃) ရက်နေ့တွင် စတင်တွေ့ရှိခဲ့ရပြီး ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးလုပ်ငန်းများကို Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကိုလည်း ထပ်မံဖွဲ့စည်းကာ ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် တစ်နိုင်ငံလုံးတွင် ပိုမိုအရှိန်မြှင့် လုပ်ဆောင်လျက်ရှိပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည်လည်း COVID-19 ကူးစက်ရောဂါ ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ဝန်ကြီးဌာနဝန်ထမ်းများမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ရပ်ကွက်/ ကျေးရွာများအထိ သွားရောက်ကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ကျန်းမာရေးလမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန စသည့် သက်ဆိုင်ရာဌာနများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ Hand Speaker, Loudspeaker များအသုံးပြု၍ လိုက်လံနှိုးဆော်ခြင်း၊ အသံသွင်းထားသော အသိပညာပေးချက်များဖွင့်၍နှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် Quarantine နေရာများတွင်လည်း ဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် လူမှုရေးအဖွဲ့အစည်းများမှ စေတနာလုပ်အားရှင်များ၏ အင်အားကိုရယူကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် COVID-19 ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ တုံ့ပြန်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

## လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်လျက်ရှိ

ဝန်ကြီးဌာန၏ သင်တန်းကျောင်းတစ်ခုဖြစ်သည့် ရောဂတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်ရှိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၊ လပွတ္တာမြို့နယ်ရှိ ငွေးချောင်းကျေးရွာ School-cum Shelter နှင့် တာလူဖတောကျေးရွာ School-cum Shelter၊ ဖျာပုံမြို့နယ်၊ ဒေါ်ငြိမ်းကျေးရွာ၊ တင်ပုလ္လဲကျေးရွာနှင့် ကဒုံကနိကျေးရွာများရှိ Cyclone Shelter (၃)လုံး၊ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်ရှိ Cyclone Shelter၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာနှင့် ပုလုံးတုံတုံးကျေးရွာ Cyclone Shelter တို့ကိုလည်း Community Based Facility Quarantine နေရာအဖြစ်အသုံးပြုကာ သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ လှဖိုးခေါင်ကြားစခန်းကိုလည်း တစ်ဖက်နိုင်ငံမှ မိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများအတွက် Community Based Facility Quarantine နေရာအဖြစ် ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

COVID-19 နှင့်စပ်လျဉ်း၍ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှု (Psycho Social Support)များကို ရပ်ရွာအခြေပြု Quarantine နေရာများ၊ IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာ နေရာများတွင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အသိပေးကြေညာပေးထားသည့် ဖုန်းနံပါတ်များသို့ မိမိတို့ကိုယ်တိုင် စိတ်ချယုံကြည်စွာ တိုက်ရိုက်ဆက်သွယ်နိုင်ပြီး အထူးလေ့ကျင့်ပေးထားသော လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများက နှစ်သိမ့်ဆွေးနွေးမှုခံယူသူများ၏ သတင်းအချက်အလက် မပေါက်ကြားရေးကို အထူးအလေးထားကာ တယ်လီဖုန်းဖြင့် တိုင်ပင်ဆွေးနွေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများတွင် နေထိုင်သူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအတွင်း အိမ်တွင်းအကြမ်းဖက်မှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်၍ ကာယကံရှင်ကိုယ်တိုင်သော်လည်းကောင်း၊ သိရှိသူများမှလည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် ၀၆၇ - ၃၄၀၄၂၂၂ နှင့် ၃၄၀၄၉၉၉ တို့သို့ ယုံကြည်စိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်းနှင့် တိုင်ကြားသူ၏ သတင်းအချက်အလက်များ မပေါက်ကြားစေရေးအတွက် အထူးအလေးထား ကာကွယ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

## မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်ထားခြင်းမရှိစေရ

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် **လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူသားချင်းစာနာကူညီမှုလုပ်ငန်းများတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်ထားခြင်းမရှိစေရ** ဟူသောမူဝါဒကို လက်ကိုင်ပြု၍ လူအများစုပေါင်းနေထိုင်ကြသည့် IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများကိုလည်း မေ့လျော့ထားခြင်းမရှိဘဲ COVID-19 ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ ထိရောက်သော လုပ်ငန်းများဖြစ်စေရေး စနစ်တကျဖြင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နိုင်စေရန်အတွက် **“စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေးစီမံချက်”**ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲခဲ့ပြီး Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူ ဆောင်ရွက်ခဲ့ပါသည်။

ထိုစီမံချက်တွင် မြန်မာနိုင်ငံအတွင်းရှိ IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများ၌ COVID-19 ကူးစက်ရောဂါ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကူးစက်ပြန့်ပွားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါနှင့်စပ်လျဉ်းသည့်လက္ခဏာများတွေ့ရှိပါက အရေးပေါ်တုံ့ပြန်ရေးအစီအမံထားရှိခြင်း၊ လိုအပ်သည့် အရင်းအမြစ်များစီမံခန့်ခွဲခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊ ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ပေါ်မူတည်ကာ စီမံခန့်ခွဲခြင်း၊ စီမံချက်အကောင်အထည်ဖော်မှုအား စောင့်ကြည့်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများ ပါဝင်ပါသည်။

အဆိုပါစီမံချက်ပါ ဆောင်ရွက်ရန်အဆင့်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများအား Video Conference ဖြင့် ရှင်းလင်းပြောကြားခဲ့ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။ UNDP, WFP, UNICEF, UNOCHA နှင့် အခြားUN အဖွဲ့အစည်းများ၊ LIFT Fund Board အဖွဲ့၊ World Vision အပါအဝင် INGO များ၊ Blue Sky ၊ မေတ္တာရင်းမြစ် ဖောင်ဒေးရှင်း စသော လူမှုရေးအဖွဲ့အစည်းများနှင့်လည်း ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## (၆၇%) ကျော် လွှမ်းခြုံနိုင်ခဲ့ပြီး

(၂၇-၃-၂၀၂၀) နေ့မှစတင်ကာ ပြည်နယ်(၅)ခုရှိ IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများတွင် COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်၍ သတင်းအချက်အလက်များဖြန့်ဝေပေးခြင်း၊ လိုက်နာဆောင်ရွက်ရမည့်အချက်များကို Hand Speaker, Loudspeaker များ အသုံးပြု၍ အသိပညာပေးခြင်း၊ ဆပ်ပြာများဝေငှခြင်းများ ဆောင်ရွက်လျက်ရှိရာ (၁၂-၄-၂၀၂၀)နေ့အထိ စုစုပေါင်း IDPs စခန်း(၈၆)ခုနှင့် တိုက်ပွဲရှောင်စခန်းများ၊ ယာယီခိုလှုံရာနေရာများတွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ဆပ်ပြာတောင့်/ဆပ်ပြာခဲ (၇၀၀၀)ခန့် ဖြန့်ဝေနိုင်ခဲ့ပါသဖြင့် (၆၇%) ကျော် လွှမ်းခြုံနိုင်ခဲ့ပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ စခန်းများနှင့် ယာယီခိုလှုံရာနေရာအားလုံး လွှမ်းခြုံနိုင်ရေးအတွက် ဒေသအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သည်များ ပံ့ပိုးနိုင်ရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် အဖွဲ့အစည်းများ ဆွေးနွေးညှိနှိုင်းမှုအရ ပံ့ပိုးကူညီခဲ့သည့် Infrared Thermometer များကို ဖြန့်ဝေခဲ့ရာ ကချင်ပြည်နယ် IDPs စခန်းများသို့(၉)ခု၊ ရခိုင်ပြည်နယ် IDPsစခန်းများသို့(၉)ခု၊ ရှမ်းပြည်နယ် IDPs စခန်းများသို့(၄)ခု၊ ကရင်ပြည်နယ် IDPs စခန်းများသို့(၂)ခု ဖြန့်ဝေထားရှိပြီး Surgical Mask (၁၀၀၀၀) ခု၊ ဆပ်ပြာ(၁၀၀၀၀)ခဲ တို့ကို ပေးပို့လှူဒါန်းနိုင်ရန်လည်း ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်သည့်အတွက် အဆိုပါ Mask နှင့် ဆပ်ပြာများကို IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများသို့ ဆက်လက်ပေးပို့သွားမည် ဖြစ်ပါသည်။

ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ဆမီးမြို့နှင့် မီးဇာကျေးရွာတို့တွင်လည်း ယာယီခိုလှုံရာစခန်း(၃)ခုဆောက်လုပ်ရန် စီစဉ်လျက်ရှိပြီး ပြောင်းရွှေ့နေရာချထားသည့်အချိန်တွင် တိုက်ပွဲရှောင်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ၊ COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် ရောဂါကာကွယ်ရေးနှင့် သန့်ရှင်းရေးပစ္စည်းများကို ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ဆက်လက်ထောက်ပံ့ပေးသွားမည်

IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများရှိ အိမ်ထောင်စုတိုင်းအတွက် ဆပ်ပြာနှင့် နှာခေါင်းစည်း(Mask)များကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် ထောက်ပံ့သွားမည်ဖြစ်ပါသည်။ ထပ်မံ၍လည်း ရောဂါကာကွယ်ရေးနှင့် သန့်ရှင်းရေးပစ္စည်းလိုအပ်ချက်များကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ နေရပ်စွန့်ခွာသူများ၏ IDPs စခန်းများရှိ အသက်(၆၀)နှစ်မှ အသက်(၈၅)နှစ်အောက်အထိ သက်ကြီးရွယ်အိုများနှင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ ယာယီခိုလှုံရာစခန်းမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား တစ်ဦးလျှင် နေ့စဉ် ကယ်လိုရီလိုအပ်မှုအပေါ် အခြေခံ၍ အာဟာရ(၄)မျိုးအတွက် တွက်ချက်ထားမှုအရ (၁)ရက်လျှင် (၉၈၄)ကျပ်နှုန်းဖြင့် (၂၁)ရက်အတွက် ငွေ(၂၀၆၆၄)ကျပ် ကို လူမှုဝန်ထမ်းဦးစီးဌာနဘတ်ဂျက်ဖြင့် ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကြောင့်ဖြစ်စေ ထိခိုက်ခံစားရမှုများ၊ ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေး၊ ခံစားရမှုများမှလျော့နည်းသက်သာစေရေးအတွက် ထိရောက်သော စီမံခန့်ခွဲမှုနည်းလမ်းများဖြင့်ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်ခံစားရလျက်ရှိသော ကပ်ရောဂါဘေးအန္တရာယ်တစ်ခုဖြစ်သည့် COVID-19 ကူးစက်ရောဂါနှင့် ပတ်သက်၍လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုလူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များနှင့်အတူပူးပေါင်းကာ ပြည်တွင်းနေရပ်စွန့်ခွာသူများအပါအဝင် လူထုတစ်ရပ်လုံးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# လှိုင်သာယာ၌ သုံးထပ်တိုက်အပေါ်ဆုံးရှိ အုတ်ရေကန်ကွဲအက် ပြိုကျမှုကြောင့် တစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

**ရန်ကုန် မေ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အနောက်ပိုင်း အမှတ်(၂၀)ရပ်ကွက် ဗိုလ်တေဇပတ်လမ်းရှိ အိမ်အမှတ် (၁၆၀ ၉/က) သုံးထပ်တိုက်အပေါ်ဆုံးမှ အုတ်ရေကန်မှာ ယနေ့ နံနက် ၅ နာရီခွဲခန့်က ရေဖြည့်နေစဉ် ကွဲအက်ပြိုကျသောကြောင့် ခေါင်းရင်းဘက်အဆောင်တွင် အိပ်ပျော်နေသော မိသားစုမှ တစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



အဆိုပါနံနက်တွင် ဒေါ်နီလာစိုး(၅၀)ပိုင်ဆိုင်သော ၃၅ ပေအမြင့်ရှိ သုံးထပ်တိုက်အပေါ်ဆုံးရှိ အုတ်ရေကန်မှာ ရေဖြည့်နေစဉ် ကွဲအက်ပြိုကျသောကြောင့် ခေါင်းရင်းဘက် အဆောင်တွင် နေထိုင်သည့် အိပ်ပျော်နေသောမိသားစုပေါ်သို့ ထိခိုက်မိရာ ဦးချစ်ကို(၃၁ နှစ်)မှာ ယာလက်ခုံဖူးရောင်ဒဏ်ရာ အတွင်းလူနာ (မစိုးရိမ်ရ)၊ အစ်မဖြစ်သူ ဒေါ်သူဇာဝင်း(၃၄ နှစ်) ဝဲ/ယာ ခြေသလုံးစုတ်ပြဲဒဏ်ရာ အတွင်းလူနာ(မစိုးရိမ်ရ)၊ တူဖြစ်သူ အောင်ဟိန်းခန့် (၁ နှစ်) ဝဲဘက်ပါးပွန်းခြစ်ဒဏ်ရာ (အတွင်းလူနာ)နှင့် တူမဖြစ်သူ မခိုင်သက်ဝေ (၁၂ နှစ်) ဦးခေါင်းနောက်စေ့ စုတ်ပြဲဒဏ်ရာတို့ဖြင့် လှိုင်သာယာပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသစဉ် မခိုင်သက်ဝေမှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားသောကြောင့် လှိုင်သာယာအနောက်ပိုင်း သောင်ကြီးနယ်မြေရဲစခန်းက နေအိမ်အဆောက်အအုံအား ပေါ့လျော့စွာဆောက်လုပ်ထိန်းသိမ်းထားသူ ပိုင်ရှင်ဒေါ်နီလာစိုးကို အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

သတင်း-၁၆၄၊ ဓာတ်ပုံ-မြသန္တာဝင်း(ပြန်/ဆက်)

## ဘီးလင်းမြို့နယ်၌ လူ ၅၀ ကျော် အစာအဆိပ်သင့်

**နေပြည်တော် မေ ၁၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ညောင်သာယာကျေးရွာရှိ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ မေ ၁၂ ရက်က ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲအဖြစ် အဆိုပါကျေးရွာနေ ရာအိမ်မှူး ဦးခင်မောင်စိုး (၅၇ နှစ်) ဦးဆောင်၍ အလှူရှင်များက ကျွေးမွေးသည့် ခေါက်ဆွဲကြော်နှင့် ရေခဲမုန့်များအား စားသုံးခဲ့သူများ အနက်မှ ၅၁ ဦးမှာ မူးဝေအော့အန်ကာ အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့သည်။

၎င်းတို့ကို တောင်စွန်းတိုက်နယ်ဆေးရုံမှတစ်ဆင့် ဘီးလင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် ၅၁ ဦးအနက် ၁၃ ဦးမှာ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသဖြင့် ဆေးရုံမှဆင်းသွားပြီး ကျန် ၃၈ ဦးမှာ ဆက်လက်ဆေးကုသမှုခံယူလျက် ရှိကြောင်း သိရသည်။ ရဲပြန်ကြား

## မြန်မာ့ရုပ်မြင်သံကြား

၁၄ . ၄ . ၂၀၂၀ (အင်္ဂါနေ့)

(၁၃၈၁ခုနှစ်၊ မဟာသင်္ကြန်အကြတ်နေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၆:၃၅ – “မဇ္ဈိမအလင်း” (အပိုင်း– ၅)
- ၇:၀၀ – Breakfast News
- ၈:၃၅ – ခါသင်္ကြန်အဆို၊ အကများ
- ၉:၁၀ – “နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသေဋ္ဌိလ မဟာသုဒဿနာရာမတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း”
- ၉:၂၀ – ခါသင်္ကြန်အဆို၊ အကများ
- ၉:၄၀ – “Covid– 19 အသိပညာပေး ဆွေးနွေးပွဲ ” (အပိုင်း– ၄)
- ၁၀:၀၅ – သင်္ကြန်ရင်ခုန်သံစကားဝိုင်း “မောင်တို့ချယ်ရီမြေ” (အပိုင်း– ၂)
- ၁၂:၃၀ – “ရတနသုတ်တော်နှင့် ပတ်သက်သည့် သင်ကြားပို့ချမှု”
- ၁၃:၄၅ – ဆေးရောင်စုံရုပ်ရှင် (အကယ်ဒမီ) “သင်္ကြန်မိုး”

**ညပိုင်း**

- ၁၇:၃၀ – “ချစ်စရာ့တာသင်္ကြန်” အမှတ်(၂) မူလတန်းကြို ကျောင်း (ပုဇွန်တောင်)၊ သာကေတမူလတန်းကြို ကျောင်း၊ အမှတ်(၂) မူကြို (ဘားအံ)
- ၁၈:၂၀ – ခါသင်္ကြန်အဆို၊ အကများ
- ၁၈:၄၀ – သင်္ကြန်ရင်ခုန်သံစကားဝိုင်း “ပိတောက်ကတဲ့ဂီတ”
- ၁၉:၄၅ – ခါသင်္ကြန်အဆို၊ အကများ
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- – ဆေးရောင်စုံရုပ်ရှင် (အကယ်ဒမီ) “ယောက္ခမဆိုတာ တစ်ခါတုန်းက သမက်ပါပဲ”
- – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## ခမောက်ကြီးမြို့ ကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် ကလေးငယ်တစ်ဦး လက်သန့်ဆေးရည် သောက်သုံးမှုဖြစ်

**ကော့သောင်း မေ ၁၃**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့ ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေး ကန့်သတ်စောင့်ကြည့်ရေး စင်တာတစ်ခုတွင် ယမန်နေ့က စောင့်ကြည့်စစ်ဆေးမှုခံယူနေသူ တစ်ဦး၏ သုံးနှစ်အရွယ် ကလေးတစ်ဦးက လက်သန့်ဆေးရည် သောက်သုံးမိရာ အချိန်မီဆေးရုံပို့ခဲ့သဖြင့် အသက်အန္တရာယ် ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကလေးငယ်နှင့် မိခင်တို့မှာ ခမောက်ကြီးမြို့ ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေး ကန့်သတ်စောင့်ကြည့်ရေး စင်တာတစ်ခုမှ စောင့်ကြည့်ခံနေရသူများဖြစ်ပြီး မိခင်ဖြစ်သူ လက်ဆေးရန်ဆောင်ထားသည့် လက်သန့်ဆေးရည်ဘူးကို ဂျယ်လီထင်မှတ်ကာ သောက်သုံးမိခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်သိသိချင်း မိခင်က အချိန်မီ သတင်းပို့သဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ ကူညီစောင့်ရှောက်မှုဖြင့် ကော့သောင်းခရိုင်ပြည်သူ့ဆေးရုံ၌ ကုသမှုခံယူခဲ့ရာ အသက်အန္တရာယ် ထိခိုက်မှုမရှိဘဲ ကျန်းမာရေး ပြန်လည်ကောင်းမွန်နေပြီ ဖြစ်ကြောင်း ကော့သောင်းခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာလင်းထိုက်၏ ပြောကြားချက်အရ သိရသည်။

အလားတူဖြစ်စဉ်မျိုး မဖြစ်ပွားရေး ကန့်သတ်စောင့်ကြည့်ရေးစင်တာများတွင် ကလေးပါရှိသည့် မိခင်များနှင့် ပြည်သူများအား အန္တရာယ်ဖြစ်ပေါ်နိုင်သည့် ဆေးဝါးများကို ကလေးသူငယ်များ လက်လှမ်းမီသည့်နေရာများတွင် မထားရှိစေရေး ဂရုပြုကြရန် ကော်မတီ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ကြပ်မတ်သတိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း ခိုးမှုကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် မေ ၂ ရက် ည ၇ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဖုန်းခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ သန့်ဇင်အား (၁၀၆)ရပ်ကွက် ဂရုဏာလမ်းအတွင်း ဖုန်းလေးလုံးကို လိုက်လံရောင်းချနေစဉ် တွေ့ရှိစစ်ဆေးရာ အဆိုပါ ဖုန်းများကို မေ ၁ ရက်တွင် (၁၇)ရပ်ကွက် အသံအနံ့စက်မှုဇုန်ရှိအလုပ်သမားများအဆောင် အတွင်းမှ ခိုးယူလာခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုဖွင့်ဖမ်းဆီးခဲ့သည်။



သန့်ဇင်အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ဖမ်းဆီးရမိသူ သန့်ဇင် ကို အခြားခိုးမှုများကျူးလွန်ခဲ့ခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ရာ ၎င်းသည် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းမှ ဖုန်းအမျိုးမျိုး ၁၂ လုံးကို ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ သန့်ဇင် ကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရဲပြန်ကြား

## မူဆယ်မြို့ရှိ MPTဝန်ဆောင်မှုရုံး လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခံရ

**မူဆယ် မေ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ဟိုမွန်ရပ်ကွက်(ပြည်ထောင်စုလမ်းမကြီး)မူဆယ်စာတိုက်နှင့် ဘေးကပ်လျက်ရှိသည့် MPTဝန်ဆောင်မှုရုံးအား မေ ၁၂ ရက် ည ၁၀ နာရီခွဲခန့်တွင် လက်လုပ်မိုင်းဖြင့် လာရောက်ဖောက်ခွဲသွားကြောင်း မြို့နယ်ရဲစခန်းမှ သိရသည်။

“ည ၁၀ နာရီခွဲလောက်မှာ ဖြစ်လိမ့်မယ်။ လက်လုပ်မိုင်းနှစ်လုံးနဲ့ လာပစ်သွားတာဖြစ်တယ်။ ဘယ်သူ ဘယ်ဝါဆိုတာကိုတော့ မသိသေးဘူး။ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်သွားမယ်” ဟု မြို့နယ်ရဲစခန်းမှူး ရဲမှူး အောင်ကျော်ဦးက ပြောကြားသည်။

အဆိုပါ ဖောက်ခွဲမှုဖြစ်စဉ်ကြောင့် MPTဝန်ဆောင်မှုရုံးမှ ဝန်ထမ်းများနှင့် အနီးဝန်းကျင်ရှိ ပြည်သူများ အသက်အန္တရာယ်တစ်စုံတစ်ရာ ထိခိုက်မှုမရှိသော်လည်း MPTဝန်ဆောင်မှုရုံးနှင့် ဘေးကပ်လျက် ရပ်နားထားသည့် ဟွန်ဒါဖစ်ယာဉ်တစ်စီးထိခိုက်ပျက်စီးသွားပြီး စုစုပေါင်းငွေကျပ်သိန်း ၇၀ ခန့် ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

မိုင်းဘညဏ်(ကွတ်ခိုင်)

## အမရပူရမြို့နယ်၌ မီးလောင်မှုဖြစ်ကာ နေအိမ် ၂၃ လုံး ပျက်စီး

**နေပြည်တော် မေ ၁၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စည်ပင်ကျေးရွာ၌ မေ ၁၂ ရက် ည ၈ နာရီ ၁၁ မိနစ်ခန့်က မီးလောင်မှုဖြစ်ကာ နေအိမ် ၂၃ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာနေ ညီညီ(ခ)ကိုညီ(၂၇ နှစ်)၏နေအိမ်မှ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ ရောက်ရှိကာ မီးသတ်ယာဉ် အစီး ၂၀ ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၃၄ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ညီညီ(ခ)ကိုညီအား မြစ်ငယ်နယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ကစားသမားများ မေလတွင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ စစ်ဆေးနိုင်လိမ့်မည်ဟု မျှော်လင့်**

အီတလီဘောလုံးအဖွဲ့ချုပ်သည် ဘောလုံးပွဲများပြန်လည်မစတင်မီ မေလတွင် ကစားသမားများ ကိုဗစ်–၁၉ ကူးစက်ခံရမှု ရှိမရှိ စစ်ဆေးနိုင်လိမ့်မည်ဟု မျှော်လင့်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ စီးရီးအေသည် ကိုဗစ်–၁၉ ကြောင့် မတ် ၉ ရက်မှစတင်ပြီး ရွှေ့ဆိုင်းထားသည်။ ဘောလုံးပွဲများ ပြန်လည်စတင်မည့်ရက်ကို အတိအကျသတ်မှတ်ထားခြင်းမရှိသေးပေ။ ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ဂျာမန်အသင်းများသည် လေ့ကျင့်ရေးအစီအစဉ်ပြန်လည်စတင်သည့် ပထမဆုံးဥရောပလိဂ်လည်း ဖြစ်လာခဲ့သည်။

**အင်န်ဒွန်ဘီလီကို ခေါ်ယူဖွယ်ရှိ**

ဘာစီလိုနာအသင်းသည် စပါးအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား အင်န်ဒွန်ဘီလီ (၂၃ နှစ်) ကို ခေါ်ယူဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ရိုဒရီဂွက်ဇ်ကို ခေါ်ယူရေးတွင် အဲဗာတန် ပါဝင်လာ**

အဲဗာတန်အသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ ကိုလံဘီယာတိုက်စစ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ခေါ်ယူရေးတွင် ပါဝင်လာခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မန်ယူနှင့် ဂျူဗင်တပ်စ်အသင်းတို့ကလည်း အဆိုပါ အသက် ၂၈ နှစ်အရွယ် ကစားသမားကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မာတီနက်ဇ်သည် အာဂျင်တီးနားအသင်းဖော် မက်ဆီရှိရာ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိ**

အင်တာမီလန်အသင်းမှ တိုက်စစ်ကစားသမား မာတီနက်ဇ်သည် အာဂျင်တီးနားအသင်းဖော် မက်ဆီရှိရာ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း ၎င်း၏ အေးဂျင့်ဖြစ်သူက ပြောကြားလိုက်သည်။ တခြားသတင်းတစ်ရပ်တွင်မူ အင်တာမီလန် ဒုတိယဥက္ကဋ္ဌဖြစ်သူ ဂျာဗီရာ ဇနက်တီသည် မာတီနက်ဇ် အနေဖြင့် အသင်းတွင် ဆက်လက်ရှိနေမည်ဟု ယုံကြည်နေကြောင်း သိရသည်။

**ဂိုဒင်သည် နွေရာသီတွင် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားဖွယ်ရှိ**

အင်တာမီလန်အသင်းမှ ဥရုဂွေးခံစစ်ကစားသမား ဂိုဒင်သည် နွေရာသီတွင် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားဖွယ်ရှိနေသည်။ အဆိုပါ ၃၄ နှစ်အရွယ်ရှိ ကစားသမားကို မန်ယူနှင့် စပါးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အောင်ဇော်

# ရေနံထုတ်လုပ်သူနိုင်ငံများက သမိုင်းဝင် ရေနံထုတ်လုပ်မှုလျှော့ချ

ရီယာ့ဒ် ဧပြီ ၁၃

**ဆော်ဒီအာရေဗျ၊ ရုရှားနှင့်အခြားသော ရေနံထုတ်လုပ်သည့်နိုင်ငံများသည် သမိုင်းဝင်ရေနံထုတ်လုပ်မှုလျှော့ချရန် သဘောတူခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။**

ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့ရေနံဈေးကျဆင်းလျက်ရှိပြီး ထုတ်လုပ်မှုလျှော့ချခြင်းဖြင့် ရေနံဈေးကို ထောက်ကန်ပေးနိုင်မည်ဟု မျှော်လင့်ထားကြသည်။

**ဆွေးနွေးခဲ့ကြ**

ဆော်ဒီအာရေဗျ ဦးဆောင်သည့် အိုပက်အဖွဲ့နှင့် ရုရှားနှင့် အိုပက်အဖွဲ့ဝင် မဟုတ်သည့် နိုင်ငံများသည် လက်ရှိပြဿနာကို ဖြေရှင်းနိုင်ရေး ရေနံထုတ်လုပ်မှုကို စံချိန်တင်ပမာဏအထိလျှော့ချရန် ဆွေးနွေးခဲ့ကြသည်။ မေလနှင့် ဇွန်လတို့တွင် တစ်နေ့လျှင် ရေနံစည်ပမာဏ ၉ ဒသမ ၇ သန်းအထိ ထုတ်လုပ်မှုလျှော့ချရန် ဧပြီ ၁၂ ရက်က သဘောတူညီမှုရရှိခဲ့သည်။

**လျှော့ချရန်သဘောတူခဲ့**

တစ်ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းကို လျှော့ချလိုက်ခြင်းဖြစ်သည်။ လာမည့်နှစ်နှစ်တာ ကာလအတွင်း ရေနံထုတ်လုပ်မှုကို လျှော့ချရန်သဘောတူခဲ့ကြပြီး ထုတ်လုပ်မှုလျှော့ချခြင်းကို တဖြည်းဖြည်းချင်းလျှော့ချသွားမည်ဖြစ်သည်။

အမေရိကန်နိုင်ငံသည်လည်း ရေနံဈေးကျဆင်းမှုကြောင့် ယခုနှစ်အတွင်း ထုတ်လုပ်မှုပမာဏကို ရေနံစည်ပေါင်းနှစ်သန်းအထိ လျှော့ချသွားမည်ဟု ဧပြီ ၁၀ ရက်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ရှိ အရမ်ကိုရေနံချက်စက်ရုံကို တွေ့ရစဉ်။

# တရုတ်နိုင်ငံ၌ တစ်နေ့တည်းတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၀ ကျော် ထပ်မံတွေ့ရှိ

**ပေကျင်း ဧပြီ ၁၃**

တရုတ်နိုင်ငံတွင် တစ်ရက်တည်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၀ ကျော် ထပ်မံတွေ့ရှိခဲ့ရာ မတ် ၅ ရက်နောက်ပိုင်း၃၈ရက်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပမာဏများများတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ဧပြီ ၁၂ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၈ ဦးထပ်မံတွေ့ရှိခဲ့ပြီး ၎င်းတို့ထဲမှ ၉၈ ဦးမှာ နိုင်ငံရပ်ခြားမှပြန်လည်ရောက်ရှိလာကြသူများ ဖြစ်သည်ဟု တရုတ်ကျန်းမာရေးအရာရှိများက ပြောသည်။

ယခုတွေ့ရှိထားသည့် လူနာသစ်များကို ဟေလုံကျန်းပြည်နယ်တွင် တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ရုရှားနိုင်ငံမှ ပြန်လာကြသူများတွင် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ရုရှားမှ ပြန်လာသူ ၄၉ ဦးတွင် ကိုဗစ်- ၁၉ တွေ့ရှိခဲ့ရခြင်းဖြစ်သည်ဟု တရုတ်ကျန်းမာရေးအာဏာပိုင်များက ပြောသည်။



လူနာတင်ယာဉ်ပေါ်မှ ဆင်းလာသည့် ကိုဗစ်- ၁၉ သံသယရှိလူတစ်ဦးကို တွေ့ရစဉ်။

တရုတ်နိုင်ငံသည် လတ်တလောတွင် လုံခြုံစိတ်ချရရေးအတွက် ဆောင်ရွက်မှုများ ပြုလုပ်နေပြီး ရုရှားနှင့် နယ်စပ်ကိုလည်း ယာယီပိတ်ထားသည်။

ဟူပေပြည်နယ်တွင် ဧပြီ ၁၂ ရက်က လူနှစ်ဦး ထပ်မံသေဆုံးခဲ့ပြီး စုစုပေါင်းသေဆုံးသူ အရေအတွက်မှာ ၃၃၄၁ ဦးရှိလာပြီဖြစ်သည်။ တစ်နေ့တည်းမှာပင် ကိုဗစ်- ၁၉ ကူးစက်ခံထားရသည်ဟု တွေ့ရှိရသည့် လူပေါင်း ၆၁ ဦး တွေ့ရှိခဲ့ရပြီး ၎င်းတို့တွင် ရောဂါလက္ခဏာပြသခြင်း မရှိကြောင်း အရာရှိများက ပြောသည်။

ယင်း ၆၁ ဦးကို ကူးစက်ခံရသူ တရားဝင်အရေအတွက် စာရင်းတွင် ထည့်သွင်းထားခြင်းမရှိပေ။

**အင်န်အိတ်ချ်ကေ**

## အီကွေဒေါနိုင်ငံ၌ အလောင်း ၈၀၀ နီးပါးကို ရဲများ ရှင်းလင်းပေး

**ကွီတို ဧပြီ ၁၃**

မကြာသေးမီ သီတင်းပတ်များအတွင်း ဂွိုင်ယာကွီးမြို့မှ အလောင်းပေါင်း ၈၀၀ နီးပါးကို ရဲများက ဖယ်ရှားပေးလိုက်ပြီဖြစ်ကြောင်း အီကွေဒေါနိုင်ငံက ပြောကြားခဲ့သည်။

ဂွိုင်ယာကွီးမြို့သည် အီကွေဒေါနိုင်ငံတွင် ကိုဗစ်-၁၉ အဓိကဖြစ်ပွားရာဗဟိုချက်မနေရာဖြစ်ပြီး ကိုဗစ်-၁၉ ကြောင့် အရေးပေါ်ဝန်ဆောင်မှုစနစ်များ၊ဆေးရုံများ၊ အလောင်းသင်္ဂြိုဟ်ရာ နေရာများတွင် ဝန်နှင့်အားမမျှအောင်ဖြစ်ခဲ့ရသည်။ ရေခဲတိုက်ဝန်ထမ်းများမှာ အလောင်းများကို အချိန်မီသင်္ဂြိုဟ်ပေးရန် မစွမ်းနိုင်တော့သောကြောင့် ဒေသခံများသည် လမ်းမပေါ်တွင် စွန့်ပစ်ထားသည့် အလောင်းများကို ဓာတ်ပုံရိုက်ကာ လူမှုကွန်ရက်မီဒီယာပေါ်တွင် တင်ခဲ့ကြသည်။

ပြည်သူများ၏နေအိမ်များမှ သိမ်းဆည်းရသည့် အလောင်းအရေအတွက်မှာ ၇၀၀ ထက်ကျော်လွန်ကြောင်း အလောင်းများကို လိုက်လံကောက်ယူရသည့်ရဲတပ်ဖွဲ့ခေါင်းဆောင် ဂျော်ဂျီဝတ်က ပြောသည်။

လွန်ခဲ့သည့် သီတင်းပတ်သုံးပတ်အတွင်း နေအိမ်များမှသေဆုံးသည့် အလောင်းများကို လိုက်လံသိမ်းဆည်းရာတွင် အလောင်းပေါင်း ၇၇၁ လောင်းရှိပြီး ဆေးရုံမှအလောင်းမှာ ၆၃၁ လောင်းရှိသည့်အတွက် ရင်ခွဲရုံများတွင် အလောင်းများ ပြည့်နှက်နေကြောင်း ဧပြီ ၁၃ ရက်တွင် ၎င်းကဆက်လက် ပြောကြားခဲ့သည်။

ယင်းအလောင်းများမှာ မည်သည့်ရောဂါဖြင့် သေဆုံးရခြင်းဆိုသည်ကိုမူ ဂျော်ဂျီက ဖော်ပြခဲ့ခြင်းမရှိပေ။ အလောင်း ၆၀၀ ခန့်ကိုမူ အာဏာပိုင်များက မြှုပ်နှံပေးခဲ့ပြီးဖြစ်သည်။ အီကွေဒေါနိုင်ငံတွင် ကိုဗစ်-၁၉ လူနာကို ဖေဖော်ဝါရီ ၂၉ ရက်မှစတင်ကာ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခုအချိန်အထိ ကူးစက်ခံရသူပေါင်း ၇၅၀၀ ရှိပြီဖြစ်သည်။

**အေအက်ဖ်ပီ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်နေ့တည်း၌ပင် ၁၈၂ ဦးရှိ

**ဒါကာ ဧပြီ ၁၃**

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် - ၁၉ ကူးစက်ခံရသူအသစ် ၁၈၂ ဦး တွေ့ရှိခဲ့ရကြောင်း မတ် ၈ ရက်နောက်ပိုင်း တစ်နေ့တည်း၌ ကူးစက်ခံရသူအရေအတွက် အများဆုံးပင်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မတ် ၈ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကူးစက်ခံရသူကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဧပြီ ၁၃ ရက် နံနက် ၈ နာရီတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ အသစ် ၁၈၂ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၈၀၃ ဦးအထိရှိလာပြီဟု ကျန်းမာရေးဝန်ကြီး ဇာဟစ်မာလီကျူက အွန်လိုင်းမှပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ပထမဦးဆုံးတွေ့ရှိပြီးသည့်အချိန်မှစကာ ယခုတွေ့ရှိမှုသည်တစ်နေ့တည်းတွင် အများဆုံးပမာဏဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဧပြီ ၁၃ ရက်တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ငါးဦးရှိလာရာ စုစုပေါင်းသေဆုံးသူအရေအတွက်မှာ ၃၉ ဦးအထိ ရှိလာခဲ့သည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်လွှား လူပေါင်း ၁၅၇၀ အား ကိုဗစ် -၁၉ ရှိ မရှိစစ်ဆေးပေးနိုင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# တူရကီနိုင်ငံ၌ ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၄၇၈၉ ဦးထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်း ၅၆၉၅၆ ဦး ရှိလာပြီဖြစ်

**အန်ကာရာ ဧပြီ ၁၃**

တူရကီနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူအသစ် ၄၇၈၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၅၆၉၅၆ ဦးရှိလာပြီဟု တူရကီ ကျန်းမာရေးဝန်ကြီး ဖာရီတင်ကိုကာက ဧပြီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။ ကိုဗစ်-၁၉ ကြောင့်နောက်ထပ် ၉၇ ဦး သေဆုံးခဲ့သည့်အတွက် သေဆုံးသူ အရေအတွက်မှာ ၁၁၉၈ ဦးအထိ တိုးလာပြီဖြစ်သည်။

တူရကီနိုင်ငံသည် ၂၄ နာရီအတွင်း လူပေါင်း ၃၅၇၂၀ အား ကိုဗစ် – ၁၉ ရှိ မရှိ စစ်ဆေးခဲ့ပြီး စုစုပေါင်း ရောဂါရှိမရှိ စစ်ဆေးပြီးသူ ၃၇၆၁၀၀ အထိ စစ်ဆေးပြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ပြန်လည်နေကောင်းလာသူ ၃၄၄၆ ဦးရှိပြီး လူနာပေါင်း ၁၆၆၅ ဦး မှာ အထူးကြပ်မတ် ကုသဆောင်တွင် ကုသမှုခံယူနေရဆဲ ဖြစ်သည်။ အသက်ရှူအထောက်အကူပြုကိရိယာ တပ်ဆင်ထားရသူမှာ ၉၇၈ ဦးအထိ ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



အန်ကာရာမြို့ လမ်းမထက်တွင် လူသူရှင်းလင်းနေသည်ကို ဧပြီ ၁၂ ရက်က တွေ့ရစဉ်။

အသက်ရှူအထောက်အကူပြုကိရိယာ တပ်ဆင်ထားရသူ အရေအတွက်မှာ လျော့ကျလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ခံထားရခြင်း ရှိမရှိ များများစစ်ဆေးနိုင်လေ ကူးစက်ခံရသူအရေအတွက် များများတွေ့ရှိလေဟု ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# လက်ဘနွန်ရှိ ဒုက္ခသည်များကို ထောက်ပံ့မှုရပ်တန့်ရန် ကုလငြင်းဆို

**ဘေရွတ် ဧပြီ ၁၃**

လက်ဘနွန်နိုင်ငံမှ ဒုက္ခသည်များကို ထောက်ပံ့ပေးနေမှုများရပ်ဆိုင်းရန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က သဘောမတူဘဲ ငြင်းဆန်ခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဧပြီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။ ဒုက္ခသည်များကို ထောက်ပံ့နေမှုအား ရပ်တန့်မည်မဟုတ်ဟု UNHCR က ပြောကြားခဲ့သည်။

ဒုက္ခသည်စခန်းများအတွင်း ဆပ်ပြာနှင့် ပိုးသတ်ဆေးများ ဆက်လက်ဖြန့်ဝေနေဆဲဖြစ်သည်ဟု UNHCR မှ ပြောရေးဆိုခွင့်ရှိသူ လီဆာအဘူခါလက်က ပြောသည်။ လက်ရှိခက်ခဲသည့်အခြေအနေများတွင် ဒုက္ခသည်များကို ဘဏ္ဍာရေးဆိုင်ရာ ဆက်လက်ထောက်ပံ့မှုများ ပြုလုပ်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်ပြည်ထောင်စု မစ္စစ္စပီပြည်နယ်၌ လေဆင်နှာမောင်းတိုက်မှုကြောင့် ခြောက်ဦးသေဆုံး

**မစ္စစ္စပီ ဧပြီ ၁၃**

အမေရိကန်ပြည်ထောင်စု တောင်ပိုင်း မစ္စစ္စပီပြည်နယ်၌ ဧပြီ ၁၂ ရက်က လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ လူခြောက်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ လေဆင်နှာမောင်း ဝင်ရောက်မှုကြောင့် အဆိုပါပြည်နယ်ကို အရေးပေါ်အခြေအနေကြေညာခဲ့ရကြောင်း သိရသည်။

လေဆင်နှာမောင်းတိုက်မှုကြောင့် ပြင်းထန်စွာထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး အမျိုးသား မိုးလေဝသဝန်ဆောင်မှုအဖွဲ့က လေဆင်နှာမောင်းအန္တရာယ်သတိပေးနှိုးဆော်ချက်ကို အမြင့်ဆုံးအဆင့် ထုတ်ပြန်ကြေညာခဲ့ကြောင်း အမေရိကန်မီဒီယာက ဖော်ပြသည်။

မစ္စစ္စပီဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှုကို ကာကွယ်ရန်အတွက် အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ခဲ့ရကြောင်း မစ္စစ္စပီအုပ်ချုပ်ရေးမှူးတာတီရိဗ်က ပြောကြားခဲ့သည်။

ကျွန်ုပ်တို့၏ ဒေသခံပြည်သူများနှင့် ၎င်းတို့၏ အကျိုးစီးပွားကို ကာကွယ်ရေးအတွက် ရနိုင်သမျှ အရင်းအမြစ်များအားလုံးကို အရန်သင့်ပြင်ဆင်ထားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ လေဆင်နှာမောင်းတိုက်ခတ်မှုအတွင်း သေဆုံးခဲ့သူခြောက်ဦးမှာ ပြည်နယ်တောင်ပိုင်းမှဖြစ်ကြောင်း မစ္စစ္စပီအရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီက ဖော်ပြသည်။

ယခုသတင်းဖော်ပြချက်များမှာ အဓိကကျသည့်သတင်းပေးပို့မှုဖြစ်ပြီး နောက်ဆုံးရသတင်းများကို ရနိုင်သမျှ ဖော်ပြသွားမည်ဖြစ်ကြောင်း အဆိုပါအေဂျင်စီက တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းကြိုတင်ခန့်မှန်းမှုစင်တာက မစ္စစ္စပီ၌သာမက အိမ်နီးချင်း အလာဘားမားပြည်နယ်နှင့် ဂျော်ဂျီယာပြည်နယ်များတွင်လည်း ညအချိန် မိုးကြိုးမုန်တိုင်းများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



မစ္စစ္စပီပြည်နယ်၌ လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်မှုကို တွေ့ရစဉ်။

# တောင်ကိုရီးယားက ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးသည့်ကိရိယာများကို အမေရိကန်သို့ သင်္ဘောဖြင့်ပို့ဆောင်မည်

**ဆိုးလ် ဧပြီ ၁၃**

တောင်ကိုရီးယား ကုမ္ပဏီများသည် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရှိမရှိ စမ်းသပ်စစ်ဆေးသည့်ကိရိယာများကို ယခုရက်သတ္တပတ်တွင် အမေရိကန်သို့ သင်္ဘောဖြင့် ပို့ဆောင်ဖြန့်ဖြူးမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံပိုင် ယွန်ဟတ်သတင်းအေဂျင်စီက ဧပြီ ၁၃ ရက်တွင် ဖော်ပြသည်။



ကိုဗစ် – ၁၉ စစ်ဆေးသည့်ကိရိယာဖြင့် စမ်းသပ်စစ်ဆေးမှု ဆောင်ရွက်နေသည့် ဆေးဝန်ထမ်းများကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်သည် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများထက် ပိုမိုများပြားနေပြီး သေဆုံးမှုနှုန်းမှာလည်း ကမ္ဘာ့အမြင့်ဆုံးစံချိန်တင်လျက်ရှိသည်။ သေဆုံးသူအရေအတွက်မှာ ၂၂၀၀၀ ဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံသည်လည်း အစောပိုင်းတွင် တရုတ်နိုင်ငံပြီးလျှင် ကူးစက်မှုနှုန်း အပြင်းထန်ဆုံးနိုင်ငံတစ်ခုဖြစ်ခဲ့သော်လည်း ကိုဗစ်-၁၉ သံသယရှိလူနာများအား နောက်ကြောင်းစစ်ဆေးမှု၊ ကိုဗစ် – ၁၉ ရှိမရှိ စမ်းသပ်စစ်ဆေးမှုနှင့် ကုထုံးများကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့မှုတို့ကြောင့် ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်သည့်အဆင့် ရောက်ရှိခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်း အတည်ပြုထားသည့် လူနာများနှင့် ဆက်နွှယ်မှုရှိသူများသို့မဟုတ် ဆရာဝန်များက ညွှန်းလိုက်သည့် သံသယရှိသူများအပါအဝင် ပြည်သူ ငါးသိန်းကျော်ကို အခမဲ့ကျန်းမာရေးစစ်ဆေးမှုဆောင်ရွက်ပေးခဲ့သည်။

အမေရိကန်၌ ရောဂါ ကူးစက်မှု အရှိန်လျော့ကျလာခြင်း မရှိသေးသည့်အတွက် ရောဂါကူးစက်ပျံ့နှံ့မှုအပေါ် သမ္မတထရမ့်အစိုးရအဖွဲ့၏ ကိုင်တွယ်ဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာသည်ဟု ဝေဖန်မှုများ ပေါ်ထွက်လျက်ရှိသည်။

ပြီးခဲ့သည့်လက တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြပြီးနောက် သမ္မတထရမ့်က ကိုဗစ် – ၁၉ စစ်ဆေးသည့် ကိရိယာများရောင်းချပေးရန် တောင်းဆိုခဲ့ကြောင်း သမ္မတမွန်ဂျယ်အင်းက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## တိုကျို အိုလံပစ်အားကစားပွဲ ရွှေ့ဆိုင်းမှုကြောင့် ကုန်ကျစရိတ်ကြီးမြင့်နိုင်ကြောင်း နိုင်ငံတကာအိုလံပစ်ကော်မတီပြော

**တိုကျို ဧပြီ ၁၃**

တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကို ရွှေ့ဆိုင်းလိုက်ရသည့်အတွက် နိုင်ငံတကာအိုလံပစ်ကော်မတီအနေဖြင့် ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျနိုင်ကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီအကြီးအကဲ သောမတ်စ်ဘက်ချ်က ပြောကြားခဲ့သည်။

တစ်နှစ်ကြာ အချိန်ဆိုင်းမှုသည် အိုလံပစ်အားကစားပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ကုန်ကျစရိတ်များကို မည်မျှအထိများပြားလာစေနိုင်သည်ကို ပြောပြ၍မရနိုင်ကြောင်း သောမတ်စ်ဘက်ချ်က ဂျာမန်သတင်းစာတစ်စောင်ဖြစ်သည့် Welt သို့ ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ်အတွက် တည်ဆဲသဘောတူညီမှုအရ အိုလံပစ်အားကစားပွဲအတွက် ကုန်ကျစရိတ်ကို ဂျပန်က ဆက်လက်ကျခံရန် ဂျပန်ဝန်ကြီးချုပ်နှင့် သဘောတူထားပြီး အိုလံပစ်ကော်မတီအနေဖြင့် အဆိုပါ ကုန်ကျစရိတ်ကို အတူ ဆက်လက်မျှဝေ ကျခံမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အိုလံပစ်အားကစားပြိုင်ပွဲများကို ၂၀၂၂ ခုနှစ်တွင် ကျင်းပရန် အချိန် ပြန်လည်သတ်မှတ်ခြင်း မပြုခြင်းနှင့် သက်ဆိုင်သည့် မေးခွန်းကို ဖြေကြားရာတွင် ဘက်ချ်က ကျွန်ုပ်တို့၏ ဂျပန်မိတ်ဆွေများနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျပန်အနေဖြင့် အားကစားပွဲရွှေ့ဆိုင်းမှုကို လာမည့်နှစ် နွေရာသီထက်ပို၍ နောက်ကျကာ စီမံဆောင်ရွက်၍ မရနိုင်ကြောင်း အတိအလင်း ပြောကြားလာသည့်အတွက် ထိုသို့ စီစဉ်ရခြင်းဖြစ်ကြောင်း သောမတ်စ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံ စီကျန်းပြည်နယ်၌ ကျောင်းသားပေါင်း တစ်သန်းနီးပါး ကျောင်းပြန်တက်

ဟန်ကျိုး ဧပြီ ၁၃

**တရုတ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် နိုင်ငံအရှေ့ပိုင်း စီကျန်းပြည်နယ်၌ ပိတ်ထားခဲ့သည့် ကျောင်းများအနက် အချို့ကို ယခုအခါ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ရာ ဧပြီ ၁၃ ရက်တွင် အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အထက်တန်းကျောင်းသားပေါင်း ၉၇၇၀၀၀ တို့ ကျောင်းပြန်တက်ခဲ့ပြီး သင်ခန်းစာများ ပြန်လည် သင်ကြားလျက်ရှိကြောင်း သိရသည်။**

ဧပြီ ၁၃ ရက် နံနက်ပိုင်းက နှာခေါင်းစည်းများ တပ်ဆင်ထားကြသည့် ကျောင်းသားများသည် အပူချိန်စစ်ဆေးမှုခံယူခဲ့ကြပြီး ကျောင်းထဲသို့ မဝင်ရောက်မီ ဒစ်ဂျစ်တယ်ကျန်းမာရေးစစ်ဆေးအတည်ပြုမှု လုပ်ဆောင်ခဲ့ကြသည်။ ကျောင်းသို့ပြန်လည်တက်ရောက်ခွင့်ရသည့်အတွက် အလွန်ပျော်ရွှင်ကြောင်း၊ အိမ်ထဲမှနေ၍ သင်ယူလေ့လာရသည်မှာ အဆင်ပြေချောမွေ့မှု သိပ်မရှိလှကြောင်း၊ အတန်းဖော်များနှင့်အတူ စာသင်ရသည့်အချိန်များကို လက်လွတ်မခံလိုကြောင်း ပြည်နယ်မြို့တော် ဟန်ကျိုးရှိ ဟန်ကျိုကျွိကျွန် အထက်တန်းကျောင်းမှ ကျောင်းသားတစ်ဦးက ပြောကြားခဲ့သည်။

ကျောင်းများပြန်လည်ဖွင့်လှစ်လိုက်ချိန်တွင် အားကစားကွင်းသို့မဟုတ် ကျောင်းရှိ ခန်းမ၌ မိန့်ခွန်းပြောကြားရမည့်အစား ကျောင်းအုပ်ကြီးအချို့က ကျောင်းစတင်ဖွင့်လှစ်သည့် အထိမ်းအမှတ် မိန့်ခွန်းပြောကြားမှုကို ဗီဒီယိုသို့မဟုတ် ရေဒီယိုမှတစ်ဆင့် လုပ်ဆောင်ခဲ့ကြပြီး ရောဂါကူးစက်ပျံ့နှံ့နိုင်သည့် အခြေအနေကို တားဆီးရန် ထိုသို့မိန့်ခွန်းပြောခြင်းဖြစ်ကြောင်းသိရသည်။



နှာခေါင်းစည်းတပ်ဆင်ကာ ကျောင်းတက်နေသည့် ကျောင်းသားများ

ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခြင်းမပြုမီ အစိုးရရုံးဌာနအများအပြား၌ စာသင်ကျောင်းများ ကူးစက်ရောဂါကျရောက်မှု တားဆီးကာကွယ်ရန်အတွက် လုပ်ငန်းဆောင်ရွက်မှုအဖွဲ့ပေါင်း ၁၁ ခုဖွဲ့စည်းခဲ့ကြောင်း ပြည်နယ်ပညာရေးဌာန အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အီရန်နိုင်ငံ၌ ကိုဗစ် -၁၉ကြောင့် သေဆုံးသူ ၄၅၈၅ ဦးအထိရှိလာ

**တီဟီရန် ဧပြီ ၁၃**

ပြီးခဲ့သည့် ၂၄ နာရီအတွင်း အီရန်နိုင်ငံတွင် ကိုဗစ် -၁၉ကြောင့် သေဆုံးသူ ၁၁၁ ဦး ထပ်မံတိုးလာရာ စုစုပေါင်း သေဆုံးသူအရေအတွက် ၄၅၈၅ ဦးအထိရှိလာ ပြီဖြစ်သည်ဟု အိုင်အာအင်န်အေ သတင်းအေဂျင်စီက ပြောကြားခဲ့သည်။

ဧပြီ ၁၂ ရက်ညပိုင်းအထိ နောက်ထပ်ကူးစက်ခံရသူပေါင်း ၁၆၁၇ ဦး ထပ်မံတွေ့ရှိခဲ့ပြီး တိုင်းပြည်အတွင်း စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၇၁၃၀၃ ဦးက ထိရှိလာခဲ့သည်ဟု ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက်စင်တာမှ အကြီးအကဲဖြစ်သူ ကီရာနူးရှ်ဂျာဟာပါက ပြောကြားခဲ့သည်။ နေပြန်ကောင်း၍ ဆေးရုံမှဆင်း သွားသူအရေအတွက်မှာ ၄၃၉၈၃ ဦး ရှိပြီး ၃၈၇၇ဦးမှာ ရောဂါအခြေအနေ ဆိုးရွားလျက်ရှိသည်။ အီရန်နိုင်ငံအတွင်း ၂၇၅၄၂၇ ဦးကို ကိုဗစ် -၁၉ ရှိမရှိဆက်လက် စစ်ဆေးပေးနိုင်ခဲ့သည်။ အီရန်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၉ ရက်မှ စတင်ကာ ကိုဗစ် -၁၉ ကူးစက်ခံရသူ ကိုစတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသတွင် အီရန်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ခံရမှု အမြင့်ဆုံးဖြစ်သည်။

**ဆင်ဟွာ**

# ပြည်တွင်း ပြည်ပဖိအားများစွာနဲ့ ဗင်နီဇွဲလား

ကလျာမိုးမြင့်



ဗင်နီဇွဲလားနိုင်ငံဟာ နှစ်ပေါင်းများစွာကြာအောင် ငွေကြေးဖောင်းပွမှုကြောင့် စီးပွားရေးအကျပ်အတည်း အောက် ကျရောက်လာခဲ့ရသလို နိုင်ငံရေးဆိုင်ရာ ကသောင်းကနင်းအခြေအနေတွေကိုပါ ရင်ဆိုင်နေရတဲ့ နိုင်ငံအဖြစ် ကမ္ဘာက သိထားကြပါတယ်။ ဒီလိုအနေမျိုး မှာ ပြိုလဲလုလုဖြစ်နေတဲ့ကျန်းမာရေးစောင့်ရှောက်မှု စနစ်က နိုင်ငံအတွင်းကို ကိုဗစ်-၁၉ ကူးစက်ရောဂါ ဝင်ရောက်လာတဲ့အခါမှာတော့ ထိတ်လန့်စရာ အခြေ အနေတွေ ဖြစ်လာမယ့်အရေး တွေးပူနေရပြီဖြစ်ပါ တယ်။

## အစိုးရရဲ့လုပ်ဆောင်ချက်

ဗင်နီဇွဲလားနိုင်ငံမှာ ပြီးခဲ့တဲ့မတ်လလယ်လောက် ကစပြီး ကိုဗစ်-၁၉ ပထမဆုံးကူးစက်ခံရသူတစ်ဦးကို တွေ့ရှိခဲ့တဲ့ ရက်ပိုင်းအတွင်းမှာပဲ သမ္မတမာဒူရိုက ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ဖို့ တစ်နိုင်ငံလုံး အတိုင်း အတာနဲ့ ကန့်သတ်စောင့်ကြည့်မှုတွေ လုပ်ဆောင်ဖို့ အမိန့်ထုတ်ပြန်ခဲ့ပါတယ်။

ယခုနှစ်တွေတစ်လျှောက်လုံးမှာ ကျွန်ုပ်တို့ရဲ့ကျန်း မာရေးစောင့်ရှောက်မှုစနစ်ဟာလည်း ခက်ခက်ခဲခဲ ဆောင်ရွက်နေရတယ်။ အထူးသဖြင့် အခုလို ကပ်ရောဂါ ကျရောက်လာတဲ့အချိန်အခါမျိုးမှာ ဒီလိုအဖြစ်မျိုးတွေ အတွက် ကောင်းကောင်းပြင်ဆင်ထားတယ်လို့ မထင်မိ ဘူးလို့ ကရာကက်စ်မြို့ ဈေးဝယ်ကုန်တိုက်တစ်ခုက ငွေကိုင်ဝန်ထမ်းတစ်ဦးဖြစ်တဲ့ မေဘစ်နိုဂ္ဂီရာက ပြောပါ တယ်။

## ဆေးရုံသုံးစက်ကိရိယာပြတ်လပ်

တစ်နိုင်ငံလုံးမှာရှိတဲ့ ဆေးရုံဆေးခန်းတွေမှာ ဆေးရုံသုံးစက်ကိရိယာတွေနဲ့ ဆေးဝါးပြတ်လပ်မှုတွေ ကလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေတယ်။ ဗိုင်းရပ်စ် ကူးစက်မှုက အရေးပေါ်အကူအညီအထောက်အပံ့ လိုအပ်နေတဲ့အခြေအနေကို ပိုပြီးဆိုးရွားလာစေဦးမယ် ဆိုတာ ကျိန်းသေတယ်လို့ ပြည်သူတွေက ပြောနေပါ တယ်။

နိုင်ငံအတွင်းမှာ အထူးကြပ်မတ်ကုသခန်းသုံး လူနာခုတင်အလုံးရေ ၈၀လောက်သာရှိတယ်။ တကယ် တမ်း ဗင်နီဇွဲလားမှာ လိုအပ်နေတဲ့ လူနာခုတင်အရေ အတွက်က ၂၅၀၀ လောက်ကို လိုအပ်နေတာလို့ ဘွဲ့လွန်ဆေးပညာဆိုင်ရာ ညွှန်ကြားရေးမှူးများ ဘုတ် အဖွဲ့ ဥက္ကဋ္ဌလည်းဖြစ်၊ ဇူလီယာဒေသက ဆရာဝန်တစ်ဦး လည်းဖြစ်တဲ့ ဒေါက်တာ ဖရက်ဒီ ပါချာနိုက ထောက်ပြ ခဲ့ပါတယ်။

## လျှပ်စစ်မီးပုံမှန်မရရှိ

အဲဒီအပြင် ဆေးရုံတွေမှာ အသက်ရှူအထောက် အကူပြုကိရိယာလည်ပတ်ဖို့ အဓိက အားပြုနေရတဲ့ ပုံမှန်လျှပ်စစ်မီးရရှိ မှုလိုမျိုး အခြေခံဝန်ဆောင်မှုတွေ ကလည်း လိုအပ်ချက် ရှိနေတယ်။ ဒီတော့အခု ဖြစ်ပျက်နေတဲ့ မပြည့်စုံ တဲ့အကြောင်းတရားတွေ အားလုံးက နိုင်ငံအတွင်း မှာ ဗိုင်းရပ်စ်ကြောင့် လူတွေ အများအပြား သေကျေ ပျက်စီးကြရ မယ့် မြင်ကွင်းတစ်ခု ဖြစ်လာအောင်ဖန်တီးနေ တယ်လို့ ဒေါက်တာ ဖရက်ဒီပါချာနိုက အသိ ပေးပြောကြားခဲ့ပါတယ်။

ဒီလို ကပ်ရောဂါ ကျရောက်မှုကို မခံစား ရသေးခင် အချိန်က တည်းက သန်းနဲ့ချီတဲ့ ဗင်နီဇွဲလားပြည်သူတွေ ဟာ လက်လှုပ်မှ ပါးစပ် လှုပ်ရတဲ့ အနေအထား မျိုးနဲ့ ရုန်းကန်လာခဲ့ ရတာဖြစ်လေတော့ ကွာရန်တင်းလို့ခေါ်တဲ့ အသွားအလာ ကန့်သတ်မှုတွေနဲ့ ကြုံရချိန်မှာ အခြေအနေတွေ ပိုပြီးဆိုး လာမယ့်သဘောရှိနေပါတယ်။ လှုပ်ရှားမှုတွေသာ ရပ်တန့် နေပေမယ့် ကျွန်တော်တို့ ပေးစရာရှိတဲ့ အရာတွေကတော့ ရပ်မနေဘူး။ လစဉ်လတိုင်း စည်ပင်ကိုပေးရမယ့် အခွန်အခ လိုဟာမျိုးတွေ ရှိနေတုန်းပဲလို့ ပြည်သူတစ်ဦးက ညည်းတွားလျက်ရှိပါတယ်။

## ဝင်ငွေမရှိဘဲ ဘယ်လောက်ကြာအောင် ရပ်တည်နိုင်မလဲ

ပြည်သူတစ်ဦးကတော့ အစိုးရိမ်ရဆုံးက အစား အသောက်ကိစ္စပဲ။ ဝင်ငွေမရှိဘဲ ဘယ်လောက်ကြာကြာ တောင့်ခံပြီးရပ်တည်နေနိုင်မှာလဲဆိုတာကို မသိနိုင်ဘူး။ ဝင်ငွေလုံးလုံးမရှိတော့တဲ့အခါ အခြေခံစားသောက် ကုန်တွေကိုတောင် ဝယ်နိုင်တော့မှာမဟုတ်ဘူးလို့ ဖွင့်ဟခဲ့ပါတယ်။ ဗင်နီဇွဲလားပြည်သူအများစုဟာ အသက်ရှင်နေထိုင်ရေးအတွက် ကြုံရာကျပန်း စီးပွား လုပ်ကိုင်မှုအပေါ် မှီခိုအားထားနေကြရပါတယ်။စီးပွားရေး ဆိုင်ရာတိုင်ပင်ဆွေးနွေးမှုဒါရိုက်တာ ဟန်ကယ်ဂါဇီယာက နိုင်ငံ့လုပ်သားအင်အားဟာ ၄၀ ရာခိုင်နှုန်းနဲ့ ၅၀ ရာခိုင် နှုန်းကြားမှာရှိတယ်လို့ ခန့်မှန်းတွက်ချက် ဖော်ပြပါတယ်။

နောက်ထပ်ရက်သတ္တပတ် အနည်းငယ်ကြာတဲ့အခါ အခြေအနေတွေ တင်းမာမှု ပြည့်နှက်လာတော့မယ်။ လူအများနဲ့ ရောနှောမဆက်ဆံဘဲ ခပ်ခွာခွာနေထိုင်ခြင်းက ဗင်နီဇွဲလားရဲ့ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုအရေအတွက်ကို တော့ မကြုံစဖူး လျော့ကျသွားစေနိုင်ကောင်းပါရဲ့။ ဒါပေမယ့် လူမှုဘဝအခြေအနေတွေကတော့ တစ်ရက်ပြီး တစ်ရက် ပိုပြီးရှုပ်ထွေးလာဖွယ်ရှိတယ်လို့လည်း ပြောဆိုနေ ကြပါတယ်။

> “နိုင်ငံအတွင်းမှာ အထူးကြပ်မတ်ကုသခန်းသုံး လူနာခုတင်အလုံး ရေ ၈၀ လောက်သာရှိတယ်။ တကယ်တမ်း ဗင်နီဇွဲလားမှာ လိုအပ် နေတဲ့ လူနာခုတင်အရေအတွက်က ၂၅၀၀ လောက်ကိုလိုအပ် နေတာ”

## ရေနံရှားပါးမှု

နိုင်ငံအတွင်းမှာ ရေနံရှားပါးပြတ်လပ်လာမှုဟာ ပြည် သူတွေရဲ့ နေ့စဉ်ဖိအားကျရောက်မှုကို ပိုပြီးလေးပင် လာစေ ခဲ့ပါတယ်။ ဗင်နီဇွဲလားနိုင်ငံရဲ့ မလှုပ်ရှားနိုင်အောင် ဖြစ်နေ တဲ့ ရေနံသန့်စင်စက်ရုံတွေနဲ့ အမေရိကန်က ၎င်းအပေါ်ချ မှတ်နေတဲ့ အရေးယူပိတ်ဆို့မှုတွေက ကမ္ဘာ့အကြီးဆုံးရေနံ လုပ်ငန်းပိုင်ဆိုင်ထားတဲ့ ဗင်နီဇွဲလားနိုင်ငံကို ရေနံရှားပါး ပြတ်လပ်သွားစေတဲ့အထိ ပြင်းထန်လွန်းခဲ့ပါတယ်။

နေ့စဉ်နေ့တိုင်း အရဏ်တက်ချိန်မရောက်သေးခင်မှာ ဆရာဝန်တွေနဲ့ သူနာပြုတွေအပါအဝင် အဓိကနေရာကနေ ပါဝင်နေကြရတဲ့ ပြည်သူတွေဟာ ဓာတ်ဆီရနိုင် သေးတယ် လို့ ထင်ရတဲ့ ဆီဆိုင်တွေမှာ နာရီပေါင်းများစွာကြာအောင် မဆုံးနိုင်တဲ့လူတန်းကြီးထဲမှာ ပါဝင်ပြီး စီတန်းစောင့်ဆိုင်း နေကြရတာဟာ ဒုက္ခတစ်ခုပါပဲ။

အခြေခံစားသောက်ကုန်ရှားပါးပြတ်လပ်မှုကို အခါ မလပ်ရင်ဆိုင်ခဲ့ရတဲ့ ဗင်နီဇွဲလားမှာ ဒီလိုလူတန်းရှည်ကြီး တွေကို တွေ့ရမြင်ရတာဟာ သိပ်မဆန်းလှပေမယ့် ကရာ ကက်စ်မြို့တွင်းမှာပါ ဒီလိုမြင်ကွင်းမျိုး မြင်လာရတာက တော့ သိပ်မကြာသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ကရာ ကက်စ်မြို့မှာက နိုင်ငံရဲ့တခြားနေရာတွေနဲ့စာရင် အမြဲလို လို ဝန်ဆောင်မှုပိုပြီးကောင်းခဲ့တာမို့ပါ။

## ဝေဖန်မှုအမျိုးမျိုးထွက်ပေါ်

နိုင်ငံအတွင်းမှာ လက်ရှိအသွားအလာကန့်သတ် စောင့်ကြည့်မှု လုပ်ဆောင်နေကြတဲ့ ပြည်သူသန်းပေါင်း များစွာရှိနေပြီး သမ္မတ နီကိုးလပ်စ်မာဒူရိုဟာ ပြည်သူ တွေအပေါ် ပိုမိုထိန်းချုပ်နိုင်အောင် အားထုတ်လုပ် ဆောင်နေတာကိုတော့ မြင်တွေ့ရပါတယ်။ သို့သော် လည်းပဲ အစိုးရဟာ အ မှန်တကယ် ရောဂါကူးစက်ခံရသူ အရေအတွက် အတိအကျကို ထုတ်ပြန်ဖော်ပြလိုခြင်းရှိ မရှိနဲ့ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်စွမ်းရှိ မရှိဆိုတာနဲ့ ပတ်သက်ပြီး ဝေဖန် မှုတွေနဲ့ကတော့ အမျိုးမျိုးပေါ်ထွက် နေပါတယ်။

ဆရာဝန်တွေကြားမှာလည်း ဗိုင်းရပ်စ် ကူးစက် ဖြစ်ပွားမှု အခြေအနေတွေနဲ့ပတ်သက်ပြီး လွတ်လပ်ပွင့် လင်းစွာ ပြောဆိုကြတဲ့အခါမှာ ဖိအားတွေကို ရင်ဆိုင်နေ ကြရပါတယ်။ ဆရာဝန်အချို့ဟာ ဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး နှုတ်ပိတ်နေဖို့ တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍တစ်ဖုံ ခြိမ်းခြောက်တာတွေ၊ သတိပေးတာတွေ ခံနေရတယ်လို့ ဒေါက်တာ ပါချာနိုက ပြောကြားခဲ့ပါတယ်။

## သတင်းပေးဖို့ခက်ခဲ

ဒေါက်တာပါချာနို ကိုယ်တိုင်လည်းပဲ ဆေးဝန်ထမ်း တွေအတွက် ရောဂါကာကွယ်ရေးဝတ်စုံ၊ အကာအကွယ် ဝတ်စုံ မလုံလောက်တဲ့အကြောင်း ဖော်ပြဖို့နဲ့ သံသယရှိ လူနာတွေနဲ့ ပတ်သက်ပြီး သတင်းပေးဖို့ အခက်အခဲ ရှိနေတယ်လို့ သိရပါတယ်။ ဒီအချက်တွေအားလုံးက ရောဂါကူးစက်မှုသံသယရှိတဲ့ ကိစ္စတွေကို ဖြေရှင်းဆောင် ရွက်ဖို့ အခြေခံကျတဲ့ အကာအကွယ်ဝတ်စုံတွေ တောင်းခံ ဖို့ရာကို ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူတွေ၊ ဆေး ဝန်ထမ်းတွေအနေနဲ့ ကြောက်နေရတဲ့အဖြစ်မျိုးကို ဖန်တီးနေတယ်လို့ ၎င်းက ဖွင့်ဟပြောကြားခဲ့ တာဖြစ် ပါတယ်။ ဒီတော့ ဗင်နီဇွဲလားနိုင်ငံဟာ ကိုဗစ်-၁၉ ကူး စက်မှုကို ထိန်းချုပ်ဖို့အရေး ပြည်တွင်းမှာသာ ဖိအားတွေ စုပုံကျရောက်နေရုံ မဟုတ်တော့ပါဘူး။ သမ္မတမာဒူရို အစိုးရအဖွဲ့ အမှုထမ်းတွေကိုပါ သမ္မတထရမ့်က တင်း ကျပ်တဲ့ ပိတ်ဆို့မှုတွေ ချမှတ်ထားတာကြောင့် နိုင်ငံပြင်ပ မှာပါ ဖိအားတွေနဲ့ အလူးအလဲရင်ဆိုင်နေရလျက်ရှိပါ တယ်။ ။

**ကိုးကား - ဘီဘီစီ၊ အေအက်ဖ်ပီ**

---

နိုင်ငံတကာသတင်းတိုထွာ

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာကြောင့် နောက်ထပ်တစ်ဦးသေဆုံး

**ကင်ရှာဆာ ဧပြီ ၁၃**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းတွင် အီဘိုလာရောဂါကြောင့် နှစ်ဦးမြောက်သေဆုံးသူ ထပ်မံပေါ်ထွက်လာ ခဲ့ကြောင်း သိရသည်။ လပေါင်း၂၀ကြာအောင် ဖြစ်ပွားခဲ့သည့် ကူးစက်ရောဂါ အဆုံးသတ်ကြောင်း ကျန်းမာရေး အာဏာပိုင်များက မျှော်လင့်လျက်ရှိချိန်တွင် သေဆုံးသူနောက်တစ်ဦး ထပ်မံပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် သောကြာနေ့က အသက် ၂၆ နှစ်ရှိ အမျိုးသားတစ်ဦး အီဘိုလာရောဂါဖြင့် သေဆုံးခဲ့ပြီးနောက် ၎င်းတက်ရောက်ကုသခဲ့သည့် ဆေးရုံ၌ပင် မိန်းကလေးငယ်တစ်ဦးမှာ ဧပြီ ၁၂ ရက်တွင် ထပ်မံသေဆုံးခဲ့သည်။ လူနာ နှစ်ဦးလုံးသည် ရောဂါစတင်ဖြစ်ပွားရာ ဗဟိုချက်မဖြစ်သည့် ဘီနီမြို့၌ပင် သေဆုံးသွားခဲ့ကြောင်း ကျန်းမာရေး အာဏာပိုင်များက ဧပြီ ၁၂ ရက်နေ့ခင်းပိုင်းတွင် ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၈၄ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဧပြီ ၁၃**

ဖိလစ်ပိုင်နိုင်ငံ၌ ဧပြီ ၁၃ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူနာ ၂၈၄ ဦး ထပ်မံတိုးပွားလာပြီးနောက် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ အရေအတွက်မှာ ၄၉၃၂ ဦးအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဌာန၏ နေ့စဉ်ထုတ်ပြန်ချက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈ဦးထပ်မံသေဆုံးခဲ့ပြီး သေဆုံးသူ အရေအတွက် စုစုပေါင်းမှာ ၃၁၅ ဦးအထိ မြင့်တက်လာကြောင်း ဖော်ပြခဲ့သည်။ လက်ရှိတွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူနာ ၄၅ ဦးမှာ နေပြန်ကောင်းလာသည့်အတွက် ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူ အားလုံးပေါင်းမှာ ၂၄၂ ဦးဖြစ်ကြောင်း သိရသည်။

လက်ထောက်ကျန်းမာရေးဝန်ကြီး မာရီယာ ရိုဆာရီယို ဗာဂျီရီက ကျန်းမာရေးဌာနအနေဖြင့် လူအမြောက်အမြား ပါဝင်မည့် ရောဂါပိုးစစ်ဆေးမှုကို ဧပြီ ၁၃ ရက်မှစတင်ကာ ကျယ်ကျယ်ပြန့်ပြန့် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ရုပ်မြင်သံကြားမှ သတင်းထုတ်လွှင့်ခဲ့သည်။

**ဆင်ဟွာ**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ယနေ့ညနေ (၆) နာရီအချိန် ထုတ်ပြန်ချက်အရ COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှု ပထမအသုတ်အဖြစ် ဓာတ်ခွဲနမူနာ (၉၂) ခုအား စစ်ဆေးခဲ့ပါသည်။

၂။ ၎င်းတို့အနက် ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သဖြင့် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ဆောင်ရွက်ထားရှိသူ (၁၁) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID–19 ရောဂါပိုး တွေ့ရှိရပါသည်။

၃။ ကျန်ဓာတ်ခွဲနမူနာ (၈၁) ခုတွင် COVID–19 ရောဂါပိုး မတွေ့ရှိပါ။

၄။ သတင်းအပြည့်အစုံကို ထပ်မံဖော်ပြပေးသွားမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၄-၂၀၂၀) ရက်နေ့၊ ည (၁၀:၁၅) နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ယနေ့ည COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှု ဒုတိယအသုတ်အဖြစ် ဓာတ်ခွဲနမူနာ (၉၄) ခု အား ထပ်မံစစ်ဆေးခဲ့ပါသည်။

၂။ ၎င်းတို့အနက် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်ရှိ သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ဆောင်ရွက်ထားရှိသူ (၁) ဦး၏ ဓာတ်ခွဲနမူနာတွင် COVID–19 ရောဂါပိုး တွေ့ရှိရပါသည်။

၃။ ကျန်ဓာတ်ခွဲနမူနာ (၉၃) ခုတွင် COVID–19 ရောဂါပိုး မတွေ့ရှိပါ။

၄။ သို့ဖြစ်ပါ၍ (၁၃-၄-၂၀၂၀) ရက်နေ့၊ ည (၉:၀၀) နာရီအထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၈၆) ခု အား စစ်ဆေးခဲ့ရာ (၁၂) ဦးတွင် COVID–19 ရောဂါပိုး တွေ့ရှိခဲ့ရပါသည်။

၅။ ယနေ့ ည (၈) နာရီသတင်းတွင် ဖော်ပြထားပြီးသော COVID–19 ရောဂါပိုး တွေ့ရှိရသူ (၁၁) ဦးမှာ ရန်ကုန်တိုင်းဒေသကြီးရှိ သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ထားသူများဖြစ်ပါသည်။

၆။ ဓာတ်ခွဲအတည်ပြုလူနာများကို သက်ဆိုင်ရာဆေးရုံကြီးများသို့ ပို့ဆောင်၍ လိုအပ်သလို ကုသမှုပေးသွားမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## နတ်တလင်း၌ ကိုဗစ်–၁၉ ကာကွယ်ရေး အသိပညာပေး

**နတ်တလင်း ဧပြီ ၁၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မြို့မဈေးကြီးအတွင်းမှ ဈေးသည်များနှင့် ဈေးဝယ်ယူသူများ ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေး အသိပညာပေးအဖြစ် နှာခေါင်းစည်းများနှင့် လက်ကမ်းစာစောင်များ ပေးဝေခြင်းကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဟိတကာရီနာရေးကူညီမှုအသင်း၊ တွဲလက်များပရဟိတအဖွဲ့နှင့် အမျိုးသမီးအားကစားအဖွဲ့တို့က ယနေ့နံနက်ပိုင်းတွင် မြို့မဈေးကြီးအတွင်း ဆောင်ရွက်ကြသည်။

ဈေးအတွင်းရောင်းချနေသော ဈေးသည်များနှင့် ဈေးဝယ်လာသူများအား ရောဂါကြိုတင်ကာကွယ်ရေးအတွက် အသုံးပြုရန် နှာခေါင်းစည်း အခု ၆၀၀ နှင့် လက်ကမ်းစာစောင်များ ပေးဝေပြီး ဈေးရောင်းသူနှင့် ဈေးဝယ်သူများ သုံးပေအကွာမှ ရောင်းဝယ်ရေး၊ ဈေးသည်တစ်ဦးတည်းထံတွင် စုပြုံမဝယ်ရေး၊ ဈေးထဲအဝင်တွင် လည်းကောင်း၊ ဈေးဝယ်ပြီးအပြန်တွင် လည်းကောင်း ဈေးပေါက်ဝများတွင်ထားရှိသော ရေနှင့် ဆပ်ပြာအသုံးပြု၍ လက်ဆေးရန် အသိပညာပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ဝင်းမြင့် (နတ်တလင်း)

## ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး ရွှေဘိုမြို့ အမှတ်(၅) ရပ်ကွက်၌ ပိုးသတ်ဆေးဖျန်း

**ရွှေဘို ဧပြီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကိုဗစ်–၁၉ ကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေပိုင်းက ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်သော ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ရွှေဘိုမြို့ အမှတ် (၅) ရပ်ကွက်အတွင်းနေထိုင်သူ ပြည်သူများအား အပူချိန်တိုင်းပေးခြင်းနှင့် တစ်အိမ်တက်ဆင်း ပိုးသတ်ဆေးဖျန်းပေးခြင်းတို့ကို အမှတ် (၅)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄-၄-၂၀၂၀) ရက်နေ့၊ နံနက် (၀၀:၁၅) နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၁၃-၄-၂၀၂၀) ရက်နေ့ ည COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှု တတိယအသုတ် (၁၃-၄-၂၀၂၀ အတွက် နောက်ဆုံး) အဖြစ် ဓာတ်ခွဲနမူနာ (၁၂၃) ခု အား ထပ်မံစစ်ဆေးခဲ့ပါသည်။

၂။ ၎င်းတို့အနက် အင်းစိန်ပြည်သူ့ဆေးရုံကြီးတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုပေးလျက်ရှိသူ (၈) ဦးနှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုပေးလျက်ရှိသူ (၁) ဦး၊ စုစုပေါင်း (၉) ဦးတို့၏ ဓာတ်ခွဲနမူနာများတွင် COVID–19 ရောဂါပိုး တွေ့ရှိရပါသည်။

၃။ ကျန်ဓာတ်ခွဲနမူနာ (၁၁၄) ခုတွင် COVID–19 ရောဂါပိုး မတွေ့ရှိပါ။

၄။ သို့ဖြစ်ပါ၍ (၁၃-၄-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း (၃၀၉) ခု အား စစ်ဆေးခဲ့ရာ ဇယား (၁) ပါ (၂၁) ဦးတွင် COVID–19 ရောဂါပိုး တွေ့ရှိခဲ့ရပါသည်။ လက်ရှိတွင် ၎င်းတို့အားလုံး၏ ကျန်းမာရေး အခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

၅။ ဓာတ်ခွဲအတည်ပြုလူနာများကို သက်ဆိုင်ရာဆေးရုံကြီးများသို့ ပို့ဆောင်၍ လိုအပ်သလို ကုသမှုပေးသွားမည်ဖြစ်ပါသည်။

ဇယား –၁

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၁၄-၄-၂၀၂၀) ရက်နေ့၊ နံနက် (၀၀:၁၅) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | ဆေးကုသမှုပေးရန် လွှဲပြောင်းပေးမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲအဖြေ |
|---|---|---|---|---|---|
| 42 | ၄၃ နှစ် | မ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 43 | ၄၁ နှစ် | မ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 44 | ၃၂ နှစ် | မ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 45 | ၅၄ နှစ် | ကျား | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 46 | ၄၄ နှစ် | ကျား | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 47 | ၅၀ နှစ် | မ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 48 | ၃၁ နှစ် | ကျား | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 49 | ၃၅ နှစ် | ကျား | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 50 | ၄၁ နှစ် | ကျား | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 51 | ၄၉ နှစ် | ကျား | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 52 | ၄၀ နှစ် | မ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 53 | ၃၁ နှစ် | ကျား | မရှိပါ။ | ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | တွေ့ရှိ |
| 54 | ၇ နှစ် | မ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 55 | ၄၀ နှစ် | ကျား | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 56 | ၃၃ နှစ် | မ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 57 | ၃၉ နှစ် | မ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 58 | ၄၆ နှစ် | မ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 59 | ၂၃ နှစ် | မ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 60 | ၃၉ နှစ် | ကျား | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 61 | ၃၈ နှစ် | ကျား | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |
| 62 | ၃၀ နှစ် | မ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | တွေ့ရှိ |

*ကျန် (၂၈၈) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID–19 ရောဂါပိုး မရှိပါ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၂-၄-၂၀၂၀) ရက်နေ့၊ ည (၁၂:၀၀) နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၁၂-၄-၂၀၂၀) ရက်နေ့၊ ည ဓာတ်ခွဲစစ်ဆေးမှုများအရ စောင့်ကြည့်လူနာများ၊ ဆေးရုံများနှင့် သက်ဆိုင်ရာနေရာများတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသူများ စုစုပေါင်း (၂၇၈)ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ ဇယား (၁) ၌ ဖော်ပြထားရှိသော လူနာ (၂) ဦးနှင့် (၁၂-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ဖော်ပြထားရှိသော လူနာ (၁) ဦး၊ စုစုပေါင်း (၃) ဦး၏ ဓာတ်ခွဲအဖြေတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပြီး ကျန်လူနာများနှင့် စောင့်ကြပ်ကြည့်ရှုလျက်ရှိသူ (၂၇၅) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိကြောင်း တွေ့ရှိရပါသည်။

ဇယား -၁

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၁၂-၄-၂၀၂၀) ရက်နေ့၊ ည (၁၂:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | ယခု ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ | အသွားအလာ ကန့်သတ်သည့်/ ဆေးရုံတက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 40 | ၆၈ နှစ် | မ | မရှိပါ။ | မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး | ၁၂-၄-၂၀၂၀ | တွေ့ရှိ |
| 41 | ၃၈ နှစ် | ကျား | မရှိပါ။ | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ၁၂-၄-၂၀၂၀ | တွေ့ရှိ |

*ကျန် (၂၇၅) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိပါ။

၂။ ဓာတ်ခွဲအတည်ပြုလူနာ Case-040 သည် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်တွင်နေထိုင်သော အသက် (၆၈) နှစ်အရွယ် အမျိုးသမီးတစ်ဦး ဖြစ်ပြီး ဓာတ်ခွဲအတည်ပြုလူနာ Case 08 နှင့် Case 028 တို့နှင့်အတူနေ မိသားစုဝင်များဖြစ်ပါသည်။ Case 08 အား ဓာတ်ခွဲအတည်ပြု လူနာအဖြစ် သတ်မှတ်ခဲ့ပြီးနောက် လူနာမှာ (၂၈-၃-၂၀၂၀) ရက်နေ့တွင် Case 028 နှင့်အတူ နေအိမ်၌ အသွားအလာကန့်သတ်ခြင်းပြုလုပ်ထားရှိပါသည်။ အဆိုပါလူနာအား (၉-၄-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲနမူနာရယူစစ်ဆေးခဲ့ပြီး ယင်းနေ့တွင်ပင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှထုတ်ပြန်သောအဖြေအရ ရောဂါပိုးမတွေ့ရှိရကြောင်း သိရှိရပါသည်။ သို့သော်လည်း လူနာမှာ မောခြင်း၊ ချောင်းဆိုးခြင်း လက္ခဏာများခံစားခဲ့ရသဖြင့် (၁၂-၄-၂၀၂၀) ရက်နေ့တွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးသို့သွားရောက်ပြသခဲ့ရာ ၎င်းအား စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ ဓာတ်ခွဲနမူနာ ထပ်မံရယူစစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါလူနာတွင် သွေးတိုးရောဂါနှင့် နာတာရှည်ကျောက်ကပ်ရောဂါအခံများရှိကြောင်း သိရှိရပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာ Case-041 သည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင်နေထိုင်သော အသက် (၃၈) နှစ်အရွယ် အမျိုးသားတစ်ဦး ဖြစ်ပြီး (၆-၄-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်နာကျင်ကိုက်ခဲခြင်း၊ နုံးချိခြင်းစသော လက္ခဏာများ ခံစားခဲ့ရသော်လည်း ရောဂါလက္ခဏာမှာ ပြင်းထန်ခြင်းမရှိသဖြင့် ဆေးရုံသို့ သွားရောက်ပြသခဲ့ခြင်းမရှိကြောင်း သိရှိရပါသည်။ အဆိုပါလူနာသည် Case-024၊ Case-034၊ Case-035၊ Case-036 နှင့် Case-037 တို့နှင့် ဘာသာရေးအခမ်းအနား အတူတက်ရောက်ခဲ့ဖူးသည့် ရာဇဝင်ရှိကြောင်း သိရှိရပါသည်။ လူနာသည် (၁၂-၄-၂၀၂၀)ရက်နေ့တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်းနှင့် ကိုယ်လက်ကိုက်ခဲခြင်းစသော လက္ခဏာများထပ်မံခံစားခဲ့ရသဖြင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ ၎င်းအား စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ ဓာတ်ခွဲနမူနာရယူ စစ်ဆေးခဲ့ခြင်းဖြစ်ပြီး အင်းစိန်ပြည်သူ့ဆေးရုံကြီးမှ ဝေဘာဂီ အထူးကုဆေးရုံကြီးသို့ လွှဲပြောင်းကုသရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၄။ ယခုအခါ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၁၂-၄-၂၀၂၀)ရက်နေ့၊ ည (၁၂:၀၀) နာရီအချိန်အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၄၁) ဦး တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။

၅။ သို့ဖြစ်ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများမှာ ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် (၃)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကု ဆေးရုံကြီးတွင် လူနာ (၂၇)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးပြည်သူ့ဆေးရုံကြီးတွင် (၁)ဦး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁)ဦး၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁)ဦးနှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁)ဦး၊ စုစုပေါင်း (၃၄)ဦး တို့ဖြစ်ပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကု ဆေးရုံကြီးရှိ လူနာ (၁) ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။

၆။ အဆိုပါ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအားလုံးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရှာဖွေစုံစမ်းဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ဓာတ်ခွဲအတည်ပြု လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သည့် ပြည်သူလူထုအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ ဆက်သွယ်အကြောင်းကြားစေလိုကြောင်း တိုက်တွန်းအပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန် အရှိန်အဟုန်ဖြင့်ဆောင်ရွက်

**တောင်ကြီး မေ ၁၃**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီး မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ အဆုတ်ရောင်ပြင်းထန်ရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီက မေ ၁၃ ရက် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ တောင်ကြီး မြို့ အဝင်ဂိတ် လေးဂိတ်တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကျေး/ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ ပူးပေါင်း၍ တောင်လေးလုံးဂိတ် ၂၂ ဦး၊ ဟဲကယ်တိုးဂိတ် ၁၇ ဦး၊ ဟိုပုံးတိုးဂိတ် ၂၂ ဦး၊ ကျောက်တလုံးကြီး (နောင်ယာဆိုင်း လမ်းဆုံ)၂၀ စုစုပေါင်း ၈၁ ဦးတို့က ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များပေါ်ရှိ ခရီးသည်များအား လမ်းဆင်းလျှောက်စေပြီး အပူချိန်တိုင်းခြင်း၊ ကားများနှင့် ဆိုင်ကယ်များအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ဂိတ်လေးဂိတ်တွင် ယာဉ်၇၈၈ စီး ပိုးသတ်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခဲ့ကြသည်။ ခရီးသည် အမျိုးသား ၁၁၇၈ ဦး၊ အမျိုးသမီး ၃၈၄ ဦး စုစုပေါင်း ၁၅၆၂ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး ပြည်ပနိုင်ငံမှ ဝင်ရောက်လာသူမရှိကြောင်း၊ တောင်ကြီးမြို့နယ်အတွင်း ပြည်တွင်း/ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား စောင့်ကြည့်ရေးစခန်း ၁၃၂ နေရာတွင် အမျိုးသား ၄၁၃ ဦး၊ အမျိုးသမီး ၃၃၂ ဦး စုစုပေါင်း ၇၄၅ ဦး လက်ခံဆောင်ရွက်ထားသည်။

တောင်ကြီးသို့ မေ ၁၃ ရက်တွင် အမျိုးသား နှစ်ဦး ထပ်မံလက်ခံခဲ့သည်။ စုစုပေါင်း စောင့်ကြည့်ရေးစခန်း ၁၃၂ နေရာတွင် အမျိုးသား ၄၁၅ ဦး၊ အမျိုးသမီး ၃၃၂ ဦး စုစုပေါင်း ၇၄၇ ဦး လက်ခံဆောင်ရွက်ထားရှိသည်။ အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ခြောက်ဦးမှာ သတ်မှတ်ရက် စောင့်ကြည့်ပြီး ကျန်းမာရေးကောင်းမွန်၍ စောင့်ကြည့်ရေးစခန်းများမှ ပြန်လည်ထွက်ခွာပြီးဖြစ်သဖြင့် စုစုပေါင်း စောင့်ကြည့်ရေးစခန်း ၁၃၂ နေရာတွင် အမျိုးသား ၄၁၂ ဦး၊ အမျိုးသမီး ၃၂၉ ဦး စုစုပေါင်း ၇၄၁ ဦး ကျန်ရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်ရေးစခန်းများတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မတီများအနေဖြင့် ကျန်းမာရေးစစ်ဆေးခြင်း၊ စောင့်ကြည့်ခြင်း၊ စားနပ်ရိက္ခာ ထောက်ပံ့ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)



နိုင်ငံတော်မှ အခြေခံလူတန်းစားများအတွက် ထောက်ပံ့သော စားသောက်ကုန် ပစ္စည်းများကို ကမာရွတ်မြို့နယ် အမှတ် (၁၀) ရပ်ကွက်အတွင်း၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် လူမှုရေးအသင်းအဖွဲ့များက မေ ၁၃ ရက်က အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးစဉ်။

ထင်ပေါ်ဝင်း(ကမာရွတ်)

# ထိုင်းနိုင်ငံမှပြန်လာသော အလုပ်သမား ၁၃၈ ဦးအား ရောဝတီတိုင်းဒေသကြီးအစိုးရက နေရပ်သို့ပို့ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၁၃**

မြန်မာနိုင်ငံဒေသအသီးသီးမှ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများ မြဝတီသို့ ပြန်လည်ဝင်ရောက်ရာ၌ မြဝတီမြို့ရှိ အမှတ်(၁) အထက်တန်းကျောင်း၊ ကျောက်လုံးကြီး၊ ညီနောင်၊ ရွှေမြဝတီဈေး၊ ပတ်စ်ပို့ရုံးနှင့် လေးကျိတ်ကော်တို့ရှိ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစခန်းတို့တွင် ထားရှိလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးမှ အလုပ်သမား ၁၃၈ ဦးကိုလည်း ဧရာဝတီတိုင်းဒေသကြီးအစိုးရ၏ ကူညီဆောင်ရွက်မှုဖြင့် မိမိတို့နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဒဂုံ-ဧရာ အဝေးပြေးကားဝင်းမှ မှန်လုံယာဉ်များ မေ ၁၃ ရက်က မြဝတီမြို့တွင် စောင့်ကြိုလျက်ရှိကြောင်း သိရသည်။

"လှိုင်သာယာ ဒဂုံ-ဧရာ ကားဝင်းကို မေ ၁၂ ရက် မွန်းတည့်မှာ သတင်းပို့ပြီး ကားသမားတွေကို ကျန်းမာရေးစစ်ဆေးပြီးတော့ မြဝတီကို သွားတာ ရောက်နေပါပြီ။ ပထမ ၁၃ ရက်နေ့ ဒဂုံ-ဧရာ အဝေးပြေးကို ပြန်ဝင်ဖို့ရှိပေမယ့် မြဝတီမှာ အဝင်/အထွက် ကန့်သတ်ထားမှုကြောင့် ကားတွေအသင့် စောင့်ဆိုင်းနေကြပါတယ်။ ပြီးတဲ့အချိန်မှာ ဘားအံကနေ အလုပ်သမားတွေကို ခေါ်လာဖို့ရှိပါတယ်"ဟု YRTA မှ ဒဂုံ-ဧရာအဝေးပြေးတာဝန်ခံ ဦးမြင့်အောင်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးမှ အလုပ်သမားများကို မြဝတီမှ ဘားအံသို့ ပို့ဆောင်ထား၍ အမျိုးသား ၁၂၃ ဦးနှင့် အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၁၃၈ ဦး အား သတ်မှတ်ထားသောကာလပြီးဆုံးပါက နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးနိုင်ရန် ဆောင်ရွက်ထားရှိရာ မတ် ၂၈ ရက်ကလည်း ဧရာဝတီတိုင်းဒေသကြီးမှ အလုပ်သမား ၈၆ ဦးကို မှန်လုံယာဉ်သုံးစီးဖြင့် ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ဧရာဝတီတိုင်းဒေသကြီးမှ အလုပ်သမားများကို ပို့ဆောင်နိုင်ရန် ရန်ကုန်မြို့ရှိ YRTA နှင့် အတူ ယာဉ်ပိုင်ရှင်နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်၍ အလုပ်သမားများကို အခမဲ့ပို့ဆောင်ခြင်းဖြစ်ရာ အလုပ်သမားများကို ထမင်းတစ်ကြိမ်ကျွေး၍ ပို့ဆောင်သွားမည်ဖြစ်ကြောင်း ဒဂုံ-ဧရာအဝေးပြေးရှိ YRTA ရုံးမှ သိရသည်။

သစ္စာ

# ကိုဗစ်-၁၉ သံသယလူနာများ၏ ဓာတ်ခွဲနမူနာများကို Polymerase Chain Reaction (PCR) နည်းပညာဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပုံ အဆင့်ဆင့်

**နေပြည်တော် မေ ၁၃**

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ ပေးပို့လာသော ကိုဗစ်-၁၉ သံသယလူနာများ၏ ဓာတ်ခွဲနမူနာများကို လက်ရှိကမ္ဘာတစ်ဝန်းအသုံးပြုလျက်ရှိသော Polymerase Chain Reaction (PCR) နည်းပညာဖြင့် နေ့စဉ်ပိတ်ရက် မရှိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၀၀) မှ (၃၀၀) ခန့်အထိ စစ်ဆေးပေးလျက်ရှိကြောင်း ယင်းဌာနမှ သိရသည်။

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနအနေဖြင့် ကိုဗစ်-၁၉ သံသယလူနာများ၏ ဓာတ်ခွဲနမူနာများကို စစ်ဆေးရာတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ PCR နည်းပညာဖြင့် စစ်ဆေးရုံသာမက အဆိုပါ သံသယလူနာများ၏ Clinical Pathology စစ်ဆေးမှုများ၊ ဗက်တီးရီးယား ပိုးမွေးခြင်းဆိုင်ရာ လုပ်ငန်းများကိုပါ တာဝန်ယူဆောင်ရွက်ရသည်။ PCR နည်းပညာဖြင့် စစ်ဆေးရာတွင် အောက်ပါအတိုင်း အဆင့်ဆင့် စမ်းသပ်စစ်ဆေးရကြောင်း သိရသည်။

**(၁) ဓာတ်ခွဲနမူနာများရယူခြင်း**

တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံအသီးသီးမှ Clinical Management Team မှ စောင့်ကြည့်လူနာ (PUI) အဖြစ် သတ်မှတ်သော လူနာများ၊ Hospital Quarantine Cases များ၊ ဓာတ်ခွဲ အတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူ (Contact) များ၏ နှာခေါင်းတို့ဖတ်နှင့် အာခေါင်တို့ဖတ်နမူနာများကို တာဝန်ကျ ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းက တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးဝတ်စုံ (PPE) အပြည့်အစုံဖြင့် စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း (SOP) အတိုင်း စနစ်တကျရယူ၍ Viral Transport Media (VTM) ဖြင့်ထည့်ပြီး သတ်မှတ်ထားသော စံလုပ်ထုံးလုပ်နည်းများအတိုင်း Laboratory Request Form နှင့်တကွ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်လျက်ရှိသည်။

ထိုသို့ ပေးပို့ရာတွင် တိုင်းဒေသကြီး/ ပြည်နယ် ခရီးအကွာအဝေးအလိုက် ခရီးကြာမြင့်ချိန် ကွာခြားမှုရှိသည်။ ဓာတ်ခွဲနမူနာများ ရယူခြင်း၊ ထုပ်ပိုးခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းများကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနက သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများကို သင်တန်းများပို့ချပြီး လိုအပ်သော SOP နှင့် Guideline များကို ဖြန့်ဝေပြီးဖြစ်သည်။

**(၂) ဓာတ်ခွဲနမူနာများကို လက်ခံခြင်းနှင့် စာရင်းသွင်းခြင်း**

ပထမဦးစွာ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံအသီးသီးမှ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနသို့ ရောက်ရှိလာသော ကိုဗစ်-၁၉ သံသယ လူနာများ၏ ဓာတ်ခွဲနမူနာများကို လက်ခံ၍ လူနာအမည်၊ နေရပ်လိပ်စာ၊ ရောဂါလက္ခဏာများ စသည့် Case Investigation တွင်ပါသည့် အချက်အလက်များကို စာရင်းသွင်းပါသည်။

**(၃) ဓာတ်ခွဲနမူနာများကို ထုတ်ယူခြင်း/ပြင်ဆင်ခြင်း**

တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံများမှ ထုပ်ပိုး၍ ပေးပို့လာသော ဓာတ်ခွဲနမူနာများကို စနစ်တကျ အဆင့်ဆင့်ထုတ်ယူရသည်။ ပထမဦးစွာ ဓာတ်ခွဲနမူနာ ထည့်သည့် အအေးပုံး(Sample Carrier (Cold Box)) ထဲမှ ဓာတ်ခွဲနမူနာကို မထုတ်ယူမီ Sample Carrier ပုံးကို 0.5 % Hypochlorite Solution ဖြင့် စနစ်တကျ ဆေးကြောရသည်။

ထို့နောက် Sample Carrier ပုံးထဲမှ ဓာတ်ခွဲနမူနာ ထည့်ထားသော ပလတ်စတစ်ဘူးကို ထုတ်ယူ၍ ထပ်မံဆေးကြောရသည်။ ပလတ်စတစ်ဘူးကို တစ်ရှူးဖြင့် ခြောက်သွေ့အောင် သုတ်ရသည်။ အဆိုပါ အဆင့်ဆင့်ကို Biosafety Cabinet အတွင်းတွင် စနစ်တကျ ပြုလုပ်ရသည်။ ထို့နောက် ဓာတ်ခွဲနမူနာထံမှ Ribonucleic Acid (RNA) ထုတ်ယူရန်အတွက် Nucleic Acid Extraction Room (၂) ခန်းမှ (၃) ခန်းအတွင်းသို့ ပို့ဆောင်ရသည်။

ဓာတ်ခွဲနမူနာကို Sample Carrier ပုံးထဲမှ ထုတ်ယူ၍ RNA ထုတ်ယူရန် အဆင်သင့်ဖြစ်စေရန်အတွက် ဆောင်ရွက်ခြင်း အဆင့်သည် ဓာတ်ခွဲနမူနာ ၂၀၀ ကျော်မှ ၃၀၀ ကျော်အတွက် တစ်နေ့လျှင် (၂) ကြိမ် ပြုလုပ်ရပြီး စုစုပေါင်းကြာမြင့်ချိန် (၆) နာရီခန့်ဖြစ်သည်။ ဓာတ်ခွဲနမူနာကို ပြင်ဆင်သူအနေဖြင့် ပုံတွင်ပြထားသည့်အတိုင်း Personal Protective Equipment (PPE) အပြည့်အစုံ ဝတ်ဆင်ရသည်။

**(၄) ဓာတ်ခွဲနမူနာမှ Ribonucleic Acid (RNA) ထုတ်ယူခြင်း**

ဓာတ်ခွဲနမူနာများကို Centrifuge တွင် လှည့်ခြင်းနှင့် Washing ပြုလုပ်ခြင်းတို့ကို အကြိမ်များစွာပြုလုပ်၍ Virus Inactivation ပြုလုပ်ရသည်။ ထို့နောက် Inactivated ပြုလုပ်ပြီးသော ဓာတ်ခွဲနမူနာထံမှ RNA ကို Manual Method အပြင် Automatic Extractor ဖြင့် အသုံးပြု၍ ထုတ်ယူပါသည်။ ဓာတ်ခွဲနမူနာ ၂၀၀ မှ ၃၀၀ ခန့်အတွက် စုစုပေါင်းကြာမြင့်ချိန် (၅) နာရီခန့်ဖြစ်သည်။

**(၅) Mastermix preparation ပြုလုပ်ခြင်းနှင့် Extracted RNA ကို Mastermix နှင့် ရောစပ်ခြင်း**

ထုတ်ယူပြီးသော ဓာတ်ခွဲနမူနာ၏ RNA နှင့် Primer & Probe, Nucleotide, Polymerase စသည့် Enzyme များကိုရောစပ်၍ Polymerase Chain Reaction ဆောင်ရွက်ရန်အတွက် ပြင်ဆင်ခြင်း (Master Mix Preparation) ကို ဆောင်ရွက်ရသည်။ ပြင်ဆင်ပြီးသော Master Mix ကို Extracted RNA နှင့် ထပ်မံရောစပ်ရသည်။ အဆိုပါအဆင့်တွင် ဓာတ်ခွဲနမူနာ ၂၀၀ မှ ၃၀၀ အထိ ကြာမြင့်ချိန် (၃) နာရီမှ (၄) နာရီခန့်ဖြစ်သည်။

**(၆) ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး ရှိ/မရှိ Polymerase Chain Reaction (PCR) နည်းပညာဖြင့် စစ်ဆေးခြင်း**

Polymerase Chain Reaction သည် ဓာတ်ခွဲနမူနာတွင် ပါဝင်သော Deoxyribonucleic Acid (DNA) ကို အဆများစွာပွား၍ ဓာတ်ခွဲနမူနာ၏ DNA နှင့် သက်ဆိုင်ရာ ဗိုင်းရပ်စ်ပိုး၏ DNA တို့ ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးသော ဓာတ်ခွဲစမ်းသပ် စစ်ဆေးနည်းဖြစ်သည်။ PCR စစ်ဆေးသည့် အဆင့်တွင် ဓာတ်ခွဲနမူနာ၏ RNA ကို DNA သို့ ပြောင်းလဲခြင်း (Reverse Transcription)၊ ပြောင်းလဲပြီးသော DNA ကို Double Stranded မှ Single Stranded သို့ ပြောင်းလဲခြင်း (Denaturing Stage)၊ Single Stranded DNA များကို primer ဖြင့် ပေါင်းခြင်း (Annealing Stage)၊ Primer ပေါင်းပြီးသော Single Stranded DNA များကို Polymerase ကို အသုံးပြု၍ Nucleotide များဖြင့် ပေါင်းစပ်ကာ Double Stranded DNA ဖြစ်အောင် ဆောင်ရွက်ခြင်း (Extending Stage) စသည်တို့ကို (၄၅)ကြိမ်အထိ ပြုလုပ်သည်။ DNA Copies များ Billion Copies အထိ တိုးပွားအောင် ဆောင်ရွက်နိုင်သည်။ False Negative များ မရှိစေရန်နှင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး၏ မျိုးရိုးဗီဇ(Gene)များကို ရှာဖွေနိုင်ရန်အတွက် Different Protocol (၂) ခုမှ (၃) ခုဖြင့် ဆောင်ရွက်ရသည်။

သက်ဆိုင်ရာ PCR စက် အမျိုးအစားပေါ်မူတည်၍ စက်တစ်လုံးလျှင် ဓာတ်ခွဲနမူနာ ၉၀ ကျော် စစ်ဆေးနိုင်ပြီး စစ်ဆေးချိန် တစ်နာရီခွဲခန့်အထိ ကြာမြင့်သောကြောင့် ဓာတ်ခွဲနမူနာ ၂၀၀ မှ ၃၀၀ အထိဖြစ်ပါက စက် (၂)လုံးဖြင့် (၂) ကြိမ် စစ်ဆေးရသည့်အတွက် (၃) နာရီခန့် ကြာမြင့်သည်။

ထို့နောက် PCR နည်းပညာဖြင့် အဆများစွာ ပွားပြီးသော ဓာတ်ခွဲနမူနာ၏ DNA ကို ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး၏ DNA နှင့် တူညီမှု ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးပါသည်။ သံသယလူနာ၏ ဓာတ်ခွဲနမူနာ DNA သည် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး၏ DNA နှင့် တူညီမှုရှိပါက ကိုဗစ်-၁၉ ရောဂါပိုးရှိသည်ဟု သတ်မှတ်နိုင်သည်။ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် Positive Control နှင့် Negative Control တို့ ကောင်းမွန်စွာ အဖြေမှန်ကန်မှသာ စစ်ဆေးချက်အဖြေကို အတည်ပြု သတ်မှတ်နိုင်သည်။ အဆိုပါအဆင့်၌ Positive Control နှင့် Negative Control များ ကောင်းမွန်စွာ အလုပ်မလုပ်လျှင် Master Mix အဆင့်မှ တစ်ဖန်ပြန်လည်စတင် ဆောင်ရွက်ရသည်။

**(၇) ဓာတ်ခွဲအဖြေထုတ်ပေးခြင်း**

ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု အဖြေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဆေးရုံများသို့ Code No. ဖြင့် လုံခြုံရေးအဆင့် သတ်မှတ်၍ အချိန်နှင့် တစ်ပြေးညီ ပေးပို့အကြောင်းကြားလျက်ရှိသည်။

PCR နည်းပညာသည် ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စမ်းသပ်စစ်ဆေးရာတွင် လက်ရှိကမ္ဘာတစ်ဝှမ်း အသုံးပြုလျက်ရှိသော နည်းပညာဖြစ်ပါသည်။ PCR နည်းပညာဖြင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုး ရှိ/မရှိ စမ်းသပ်စစ်ဆေးရာတွင် ဓာတ်ခွဲစစ်ဆေးမှုအဆင့်ဆင့်၏ စုစုပေါင်းကြာမြင့်ချိန်သည် (၁၆) နာရီမှ (၁၇) နာရီခန့်အထိ ဖြစ်သည်။

ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု အဆင့်တိုင်းတွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးသော ဓာတ်ခွဲဝန်ထမ်းများအနေဖြင့် ရောဂါပိုးကူးစက်ခံရမှု မရှိစေရန်အတွက် ကူးစက်ရောဂါကာကွယ်ရေးဝတ်စုံ (Personal Protective Equipment-PPE) အပြည့်အစုံကို ဝတ်ဆင်၍ ဓာတ်ခွဲခန်း လုံခြုံရေး အဆင့်အရ သတ်မှတ်ထားသော Enhanced BSL-2 Laboratory ထဲတွင် ကောင်းမွန်သော ဓာတ်ခွဲခန်းကျင့်စဉ် (Good Laboratory Practice) ဖြင့် ဆောင်ရွက်ရသည်။

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ပေးပို့လာသော သံသယ ကိုဗစ်-၁၉ လူနာများ၏ ဓာတ်ခွဲနမူနာများကို လက်ခံ၍ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုး ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို နေ့စဉ်နေ့တိုင်း ပိတ်ရက်မရှိ နေ့ရောညပါ တာဝန်ကျဝန်ထမ်းများက(၂၄/၇) တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ထက်လျှံ**

## Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လာရောက်သည့်ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ် ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှု မရှိစေရေးအတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂) ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁) ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်းနိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/ သတ်မှတ်နေရာများတွင် နေထိုင်ရမည့်ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်းကာလစုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှု အကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့် နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၂၈) ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ် ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း ပြီးစီးသည့်နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုးဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေး ထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကိုဗစ်-၁၉ လက္ခဏာတွေ့ရှိသူ လူနာအမှတ်စဉ်(၃၂) လိုက်ပါစီးနင်းလာသော လားရှိုး - ရန်ကုန် ရွှေမန္တလာကားမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် လက်မှတ်ရောင်းဝန်ထမ်းတို့အား သက်ဆိုင်ရာ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ထားရှိ

**မိတ္ထီလာ မေ ၁၃**

မိတ္ထီလာမြို့နယ်၌ ကိုဗစ်-၁၉ လက္ခဏာတွေ့ရှိသူ လူနာအမှတ်စဉ်(၃၂) လိုက်ပါစီးနင်းလာသော လားရှိုး-ရန်ကုန် ရွှေမန္တလာကားမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် လက်မှတ်ရောင်းဝန်ထမ်းတို့အား မေ ၁၂ ရက် ညနေပိုင်းမှ စတင်၍ မိတ္ထီလာမြို့နယ်ရှိ သက်ဆိုင်ရာ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ထားရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ လက္ခဏာတွေ့ရှိသူသည် မတ် ၂၆ ရက်က လားရှိုး-ရန်ကုန် ရွှေမန္တလာကားဖြင့် လိုက်ပါစီးနင်းလာ၍ ၎င်းနှင့် ဆက်စပ်မှုများနိုင်သည့် မိတ္ထီလာမြို့နယ် ဇရပ်ကုန်းကျေးရွာမှ ကိုဖိုးထောင် (ယာဉ်မောင်း)၊ သရက်ပင်ကျေးရွာမှ ကိုအောင်အောင်ထွန်း (ယာဉ်နောက်လိုက်)နှင့် ရေတွင်းဖြူကျေးရွာမှ မနန်းအိအိမော် (လက်မှတ်ရောင်းဝန်ထမ်း)တို့ သုံးဦးအား မေ ၁၂ ရက် ညပိုင်းမှ စတင်၍ သက်ဆိုင်ရာ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အအုံများတွင် ထားရှိပြီး အသွား အလာကန့်သတ်ခြင်းဖြင့် စောင့်ကြည့်နေပြီဖြစ်ကြောင်း မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်က ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine) နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများသို့ အသိပေးကြေညာချက်

၁။ COVID–19 ရောဂါပိုးကူးစက်သူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများကို ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် Community Based Facility Quarantine တွင် ပါဝင်စေခြင်း ဖြစ်ပါသည်။

၂။ မိမိတို့တွင် ရောဂါလက္ခဏာပြသခြင်းမရှိသော်လည်း ရောဂါပိုးကိုသယ်ဆောင်သူဖြစ်နေနိုင်ခြင်းကြောင့် အခြားသူများသို့ ပြန့်ပွားခြင်းမရှိစေရန် ရောဂါပျိုးချိန်ကာလဖြစ်သော (၂၈)ရက်တာကာလကို စောင့်ကြည့်ခြင်းဖြစ်ပြီး ဤအစီအစဉ်တွင် (၂၁) ရက် ပြီးမြောက်ပါက မိမိနေအိမ်တွင် (၇) ရက်ထပ်မံ၍ Home Quarantine ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်ကို ရောဂါပိုးမပြန့်ပွားအောင် ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို သိရှိစေလိုပါသည်။

၃။ ထိုသို့ သီးခြားနေထိုင်စဉ်ကာလအတွင်း COVID–19 ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်နည်းလမ်းများကိုစနစ်တကျ တိကျစွာ လိုက်နာကျင့်သုံးပေးစေလိုပါသည်။ (၂၈) ရက်တာအသွား၊ အလာကန့်သတ်ခြင်း (သို့) တားမြစ်ခြင်းတို့ ဆောင်ရွက်ရာတွင် သီးခြားခွဲခြားနေထိုင်ရခြင်းနှင့် ဆက်စပ်သော အကြောင်းများကြောင့် စိတ်ဖိစီးမှုများခံစားရနိုင်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စိတ်ခံစားရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် ယုံကြည်စိတ်ချစွာ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ဆက်သွယ်ရမည့်နည်းလမ်းများကို စေတနာလုပ်အားရှင်များက ကူညီဆောင်ရွက်ပေးပါမည်။

၄။ လူကြီးမင်းတို့အနေဖြင့် Quarantine ကာလပြီးဆုံးသွားပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဤအစီအစဉ်နှင့်အညီ လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးမည်ဖြစ်ပြီး မိမိနေအိမ်သို့ ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း အခြားသူများနည်းတူ ရောဂါပိုးကူးစက်ခံရနိုင်ခြေရှိနေသေးသည့်အတွက် COVID–19 ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်နည်းလမ်းများကို ဆက်လက်လိုက်နာကျင့်သုံးရန် လိုအပ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community-Based Facility Quarantine) နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအတွက် စိတ်ပိုင်းဆိုင်ရာ အကြံပြုချက်

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ သတ်မှတ်နေရာများတွင် Facility Quarantine (၂၁) ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine (၇)ရက် စုစုပေါင်း (၂၈)ရက်တာ နေထိုင်ရသူများနှင့် ပြည်သူလူထုအများစုတွင် စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုစသည်တို့ ခံစားရလေ့ရှိပါသည်။ COVID–19 နှင့်ပတ်သက်၍ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် ရှေ့ရေးတို့အတွက် စိုးရိမ်ပူပန်ခြင်း၊ အိမ်တွင်ရှိသော မိသားစုဝင်များအတွက် စိုးရိမ်ပူပန်ခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါသည်။

သီးခြားနေထိုင်နေရသည့်ကာလအတွင်း အထီးကျန်သလိုခံစားရခြင်း၊ ငြီးငွေ့ခြင်း၊ စိတ်အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အကူအညီမဲ့သလို ခံစားရခြင်းစသည့် ပိုမိုလွန်ကဲသောစိတ်ခံစားချက်များလည်း ဖြစ်ပေါ်လာတတ်ပါသည်။

သီးခြားနေထိုင်ရသည့်ကာလအတွင်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို မျိုသိပ်မထားဘဲ အမှန်တကယ်လိုအပ်သောအကူအညီများကို တာဝန်ရှိသူများထံ ဖွင့်ဟဆွေးနွေးအကူအညီရယူသင့်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။

**ထိုစိတ်ခံစားချက်များ လျော့ပါးသက်သာစေနိုင်ရန် ယခုဖော်ပြထားသည်တို့ကို လုပ်ဆောင်နိုင်ပါသည်–**

- မိမိ၏လူမှုအသိုက်အဝန်းဖြစ်သော မိသားစုဝင်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ ချစ်ခင်ရသူများနှင့် တယ်လီဖုန်း၊ အီးမေးလ်၊ အင်တာနက်လူမှုကွန်ရက် စသည်များမှတစ်ဆင့် အဆက်အသွယ်ပြုလုပ်ပါ။
- နေ့စဉ်အိမ်တွင်လုပ်ဆောင်နေကျအလုပ်များထဲမှ လက်ရှိပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိမည့် သူတစ်ပါးကိုလည်း မထိခိုက်စေနိုင်သည့် မိမိဝါသနာပါရာအလုပ်များကို ဆက်လက်လုပ်ဆောင်ပါ။
- စားသောက်ခြင်း၊ အိပ်စက်အနားယူခြင်းတို့ကို ကျန်းမာရေးနှင့်ညီညွတ်မျှတအောင် သတိပြု ဆောင်ရွက်ပါ။ ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို ရှောင်ကြဉ်ပါ။
- ကိုယ်/ စိတ်ဖြေလျှော့သည့်လေ့ကျင့်မှုများနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ပါ။
- မိမိကိုးကွယ်ရာဘာသာတရားအလိုက် ဝတ်ပြုဆုတောင်းခြင်း၊ တရားမှတ်ခြင်းများ ပြုလုပ်ပါ။
- COVID–19 ရောဂါနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များဖြင့်သာ အချိန်ကုန်နေတတ်ခြင်းသည် စိုးရိမ်စိတ်နှင့် စိတ်ဖိစီးမှုများကို ပိုမိုဆိုးရွားစေနိုင်သဖြင့် ဆင်ခြင်ရှောင်ကြဉ်ပါ။
- ကောလာဟလသတင်းများကိုလည်း အထူးသတိပြုရှောင်ကြဉ်ပါ။
- ယုံကြည်စိတ်ချရသော၊ အသိအမှတ်ပြုထားသည့် သတင်းအချက်အလက် အရင်းအမြစ်များမှ ထုတ်ပြန်သော သတင်းများ၊ ညွှန်ကြားချက်များကိုသာ လေ့လာမှတ်သားလိုက်နာပါ။
- လက်လှမ်းမီသော အကျိုးရှိမည့်စာပေများကို ဖတ်ရှုပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ စိတ်ကျန်းမာပညာအဖွဲ့တို့ ပူးပေါင်းစီစဉ်သည်။**



## လောက်ကိုင်မြို့နယ် စောင့်ကြည့်ရေးစခန်းများနှင့် သီးခြားလူနာဆောင် ပြင်ဆင်ထားရှိမှုအခြေအနေများ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ကြည့်ရှုစစ်ဆေး

**လောက်ကိုင် မေ ၁၃**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် စောင့်ကြည့်ရေးစခန်းများနှင့် သီးခြားလူနာဆောင် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ယမန်နေ့ မွန်းလွဲပိုင်းက လာရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများသည် ချင်းရွှေဟော်မြို့နှင့် လောက်ကိုင်မြို့ပေါ်ရှိ စောင့်ကြည့်ရေးစခန်းများနှင့် သီးခြားလူနာဆောင် ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ချင်းရွှေဟော်မြို့ဆေးရုံနှင့် လောက်ကိုင်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးသုံးပစ္စည်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**

## သီပေါမြို့နယ်၌ ရပ်/ကျေး အိမ်ထောင်စု ၄၈၅ စုနှင့် အသက် ၉၀ ကျော် ဘိုးဘွားများအား စားသောက်ကုန်နှင့် ငွေလှူဒါန်း

**သီပေါ မေ ၁၃**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကာလအတွင်း အခြေခံ လက်လုပ်လက်စားများ လတ်တလောစားဝတ်နေရေး အဆင်မပြေသူ အိမ်ထောင်စုများအား အထောက်အကူပြုစေရန် အခြေခံစားသောက်ကုန်များ၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၁၁ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ရွှေကျောင်းရိပ်သာ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် ငွေကြေးများကို လှူဒါန်းပေးကြသော သီပေါမြို့နယ်မှ စေတနာရှင်များကို ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရွှေကျောင်း၊ ပန်းတိမ်မြောက်၊ ဇာတ်စုရပ်ကွက်နှင့် တုံစင့်၊ မန်ပြစ်၊ တိန်းချေ၊ တိန်းစံ၊ ပန်စောက်မိန်း၊ မန်ပဲ၊ ကျင်သီ၊ လော်ခွန်၊ တွန်ကြိုင်း၊ အုံမု၊ ဆင်ကြော့၊ နမ္မ၊ ဆိုင်းလိုင်၊ ဆွန်လုံ၊ ဆောင်ကြဲ၊ ကုန်းဆော့၊ ဟိုခဲ စသည့်ကျေးရွာအုပ်စုများမှ အိမ်ထောင်စု ၄၈၅ စုအတွက် ရပ်ကွက်၊ ကျေးရွာများသို့ အရောက် ကူညီထောက်ပံ့သွားရန် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေး ကော်မတီဝင်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့၊ အသင်းအဖွဲ့များသို့ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးက အိမ်ထောင်စုအလိုက် အခြေခံစားသောက်ကုန်များ အပါအဝင် ကြက်ဥသေတ္တာများကို ပေးအပ်ခဲ့သည်။

ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများအနေဖြင့်လည်း မိမိတို့ဌာန ဝန်ထမ်းများကို စားသောက်ရေးကိစ္စရပ်များ အခက်အခဲမရှိစေရေးအတွက် ထောက်ပံ့ကူညီလျက်ရှိသကဲ့သို့ ရပ်/ကျေးများမှ အသက်အရွယ် ကြီးရင့်သူများ၊ ကျောထောက်နောက်ခံ သားသမီးမရှိသည့် အသက်(၉၀)ကျော် အဘိုးအဘွားများပါ တစ်ဦးလျှင် အလှူငွေကျပ် ၁၀၀၀၀၀ နှင့် အာဟာရဖြစ်ဖွယ် အစားအစာများ၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူပစ္စည်းများကို မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်နှင့် ဝန်ထမ်းများက ကျင်သီကျေးရွာသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ငှါသရောက်မြစ်ရေတင် ရေမပို့လွှတ်နိုင်သော ပင်မမြောင်းနှင့်လက်တံမြောင်းများကို ပိတ်သိမ်းမြေဖို့ပြီး မူလယာပိုင်ရှင်များသို့ ပြန်လည်ပေးအပ်မည်

**ညောင်ဦး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငှါသရောက် မြစ်ရေတင် ၁၀ မိုင် ခန့်ရှိသည့်အနက် ရေမပို့လွှတ်နိုင်တော့သော ၆ ဒသမ ၇ မိုင် ပင်မမြောင်းနှင့် လက်တံမြောင်းများ ပိတ်သိမ်းမြေဖို့၍ ယာမြေပြန်လည်ဖော်ထုတ်ခြင်း လုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်မှ စတင်ကာ စက်ယန္တရားကြီးများဖြင့် မြေဖို့၊ မြေညှိခြင်းများ စတင်လုပ်ဆောင်ခဲ့ရာ မကြာမီပြီးစီး၍ မူလယာပိုင်ရှင်များသို့ ပြန်လည်အပ်နှံနိုင်တော့မည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်က ပြောသည်။

အဆိုပါ ညောင်ဦးမြို့နယ် ငှါသရောက်လျှပ်စစ် မြစ်ရေတင်သည် ၁၀ ဒသမ ၆ မိုင်ခန့်ရှိပြီး ကန်လေးအထိသာ လျှပ်စစ်မြစ်ရေတင်ပို့လွှတ်နိုင်ခဲ့ရာ မြစ်ရေမပို့လွှတ် တော့သော ၆ ဒသမ ၇ မိုင်အား စက်ယန္တရားများဖြင့် ကန်ငါးမှ စတင်ကာမြေဖို့၊ မြေညှိခြင်း၊ မူလမြေပိုင်ရှင်များစိတ်တိုင်းကျမြေညှိခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၃ ကန်အထိ မြေဖို့၊ မြေညှိခြင်း၊ မြောင်းလက်တံများမြေညှိ၊ မြေဖို့ခြင်းများ ဆောင်ရွက်ပြီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ငှါသရောက်မြစ်ရေတင် ပင်မမြောင်းဖောက်လုပ်စဉ်က ယာခင်းရှင်များ တစ်စုံတစ်ရာ အစားထိုးပေးအပ်ထားခြင်း၊ လျော်ကြေးငွေပေး အပ်ထားခြင်းမရှိဘဲ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုလျှပ်စစ်မြစ်ရေတင်ပို့လွှတ်မှုမရှိတော့သည့် ငှါသရောက်မြစ်ရေတင် ပင်မမြောင်းကြီးကို တစ်ဆင့်ချင်း တူးဖော်ထားသည့် ကန် ၁၈ ကန်ရှိရာ ၁၃ ကန်မြေဖို့၊ မြေညှိပြီးဖြစ်ကာ ကန်ငါးကန်သာကျန်တော့ကြောင်း၊ ၁၈ ကန်လုံးမြေဖို့၊ မြေညှိပြီးပါက ယာမြေ ၁၆၇ ဧက ပြန်လည်ဖော်ထုတ်ရရှိနိုင်မည်ဖြစ်ကာ မူလမြေပိုင်ရှင်၊ ယာပိုင်ရှင်များဖြစ်ကြသော ညောင်ဦးမြို့နယ် တောင်ဖက်တန်းကျေးရွာ၊ ပျော့ကန်ကျေးရွာ၊ ကုလားတဲကျေးရွာ၊ ဆင်သားမွေးကျေးရွာ၊ တမာခါးကျေးရွာများမှ မူလမြေပိုင်ရှင်၊ ယာပိုင်ရှင်များအား ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်က ပြောသည်။

လျှပ်စစ်မြစ်ရေတင်ပို့လွှတ်တော့ခြင်းမရှိသည့် ငှါသရောက်မြစ်ရေတင် ပင်မမြောင်းမကြီးရှိ ကန် ၁၈ ကန်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က ကြီးကြပ်လျက် ဘတ်ဟိုးလေးစီး၊ ဒိုဇာသုံးစီး၊ မြေသယ်ယာဉ်ခုနစ်စီးဖြင့် ဆောင်ရွက်လျက်ရှိရာ မကြာမီ မူလမြေပိုင်ရှင်၊ ယာပိုင်ရှင်များသို့ ယာမြေ ၁၆၇ ဧက ပြန်လည်ပေးအပ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

# တန်ဖိုးမြင့်သီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး စီမံကိန်းကို ဩဂုတ်လလယ်ခန့်တွင် စတင်အကောင်အထည်ဖော်မည်

**ရန်ကုန် မေ ၁၃**

ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို အရည်အသွေးပြည့်မီပြီး တန်ဖိုးမြင့်သီးနှံအဖြစ် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး စီမံကိန်းတစ်ရပ်ကို ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းကာ ဩဂုတ်လလယ်ခန့်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါစီမံကိန်းသစ်၏ အဓိက ရည်ရွယ်ချက်မှာ အရည်အသွေးမြင့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်ပြီး တစ်ယူနစ်ဝင်ငွေ တိုးမြှင့်ခြင်းဖြင့် အမှန်တကယ် စိုက်ပျိုးနေသော တောင်သူလယ်သမားများ၏ ဝင်ငွေကို မြှင့်တင်ပေးရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ စီမံကိန်းတွင် မှော်ဘီမြို့နယ်ရှိ စိုက်ပျိုးရေးတိုးချဲ့ ပညာပေးဝန်ထမ်းများနှင့် စိုက်ပျိုးထုတ်လုပ်သူများအား အရည်အသွေးပိုမိုကောင်းမွန်ပြီး စိတ်ချရသည့် သီးနှံများ ထုတ်လုပ်သည့် နည်းပညာပေးခြင်း၊ စိုက်ပျိုးထုတ်ကုန်များအား ရန်ကုန်မြို့ရှိ အရည်အသွေးမြင့် ဈေးကွက်အတွင်း ရောင်းချနိုင်ပြီး ဒေသတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများ၏ ဝင်ငွေတိုးပွားလာစေမည် ဖြစ်သည်။

ထို့အပြင် တန်ဖိုးမြှင့်သီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ လယ်ယာထုတ်ကုန် စီးပွားရေးကို စိုက်ပျိုးထုတ်လုပ်ခြင်းမှ ဈေးကွက်အထိ ပေါင်းစပ်ချိတ်ဆက်ပေးနိုင်ပြီး ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၏ တန်ဖိုးမြှင့် ကွင်းဆက်ထုတ်လုပ်မှုစွမ်းအားတိုးတက်မှုကို အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။



ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်အတွင်းရှိ ဂေါ်ဖီထုပ်စိုက်ခင်းတစ်ခုကို တွေ့မြင်ရစဉ်။

တန်ဖိုးမြှင့်သီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်ခြင်း စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးထုတ်ကုန်များ၏ ဈေးကွက်သည် သီးနှံအထွက်နှုန်းတိုးတက်ရေးအပေါ်တွင် အလေးထားခဲ့သည့်အတွက် အများဆုံးစိုက်ပျိုးထုတ်လုပ်နိုင်သည့် လယ်သမားများသာလျှင် ဝင်ငွေကောင်းမွန်လျက်ရှိပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးသော တောင်သူလယ်သမားအများစုမှာ အမြတ်အစွန်းနည်းပါးခဲ့ကြောင်း သိရသည်။

ယခု ဂျပန်-မြန်မာ ပူးတွဲဖော်ဆောင်မည့်စီမံကိန်းတွင် အရည်အသွေးကောင်းမွန်၍ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် စားသုံးသူများ အန္တရာယ်ကင်းပြီး လုံခြုံစိတ်ချရသော ဟင်းသီးဟင်းရွက်များထုတ်လုပ်နိုင်ရန် ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၄ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၅ | ကျပ် | ၅၃၀/၅၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ | ကျပ် | ၅၄၅/၅၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ | ကျပ် | ၄၃၀/၄၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ | ကျပ် | ၆၀၅/၆၁၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၉ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၄ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၁ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၃ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၈၉ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၂၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၇ . ၁၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၅၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၇၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၃၂၁၆ | ၃၄၅၉၉၅၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၁၁၅၂၈ | ၄၂၀၇၇၂၀၅၀ |
| MCB | ၉၁၀၀ | ၈၅၀၀ | ၃၀ | ၂၇၂၄၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁၁ | ၂၃၆၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၃၁၈ | ၈၉၀၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

# သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများအား ငွေနှင့်ပစ္စည်းများထောက်ပံ့

**သီပေါ မေ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးရှိ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ဝယ်ယူနိုင်ရန် ပံ့ပိုးလှူဒါန်းခြင်းကို ယမန်နေ့က မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က သင်္ကြန်ကာလရုံးပိတ်ရက်အတွင်း အခြေခံစားသောက်ကုန်များ ဝယ်ယူနိုင်ရန်နှင့် ဒါနကုသိုလ်ပြုနိုင်ရေးအတွက် မိမိတို့ရပ်မိရပ်ဖရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက တတ်စွမ်းသမျှ ကူညီပံ့ပိုးခြင်းဖြစ်ကြောင်း ပြောကြားကာ ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှင့် လုပ်ငန်းခွင်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန် နှာခေါင်းစည်း၊ ပိုးသတ်ဆေးရည်ပါသော လက်ဆေးဆပ်ပြာများနှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးစိုင်းမင်းလွင်ထံ ထောက်ပံ့လှူဒါန်းခဲ့သည်။ (အောက်ပုံ)

စိုင်း(သီပေါ)




မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး

ခေတ္တစာတည်းမှူး - ဝင်းကျော်

သတင်းထောက်ချုပ် - မြင့်ဆွေ

စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ

ဘာသာပြန်စာတည်း - ချို့စန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း

အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး

ဓာတ်ပုံသတင်းထောက် - တင်စိုး

သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့

စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့

အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

## သင်္ကြန်ရင်ခုန်သံအစီအစဉ်

# ‘မောင်တို့ချယ်ရီမြေ’ ရုပ်ရှင်ဇာတ်ကား စကားဝိုင်း

*မှတ်တမ်း – အောင်ကျော်ထက် (ပြန်/ဆက်)*

ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် မြန်မာ့ရိုးရာ သင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရပ်ဆိုင်းထားချိန်တွင် ပြည်သူများ အပန်းဖြေကြည့်ရှုနိုင်ရန်အတွက် မြန်မာ့ရိုးရာသင်္ကြန်၏ ပုံရိပ်ကို ထပ်ဟပ်စေသည့် “မောင်တို့ချယ်ရီမြေ” ရုပ်ရှင်ဇာတ်ကား၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသခဲ့ပါသည်။



“ မောင်တို့ချယ်ရီမြေ” ရုပ်ရှင်ဇာတ်ကား စကားဝိုင်းဆွေးနွေးကြစဉ်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် အစီအစဉ်မှူးအဖြစ် အကယ်ဒမီ ဆွေဇင်ထိုက်၊ ‘မောင်တို့ ချယ်ရီမြေ’ ရုပ်ရှင်ဇာတ်ကားတည်းဖြတ်သူ အကယ်ဒမီ အောင်လွင်၊ သရုပ်ဆောင် မယ်ဒဂုံမေမြင့်ရီနှင့် ဇာတ်ဝင်တေးသီချင်း သီဆိုသူ တေးသံရှင် ထားတို့၏ ပါဝင်ဆွေးနွေးခဲ့မှုများကို ဖော်ပြလိုက်ရပါသည်–

**အကယ်ဒမီ ဆွေဇင်ထိုက်**

မင်္ဂလာပါ ဒီနေ့မှာတော့ ‘သင်္ကြန်ရင်ခုန်သံ’ စကားဝိုင်းဆိုပြီးတော့ ရုပ်ရှင်ဇာတ်ကား တစ်ကားကို ဆွေးနွေးဖို့အတွက် ရွေးချယ်ထားပါတယ်။ ဒီကားကတော့ မြန်မာ့သင်္ကြန်ဆိုရင် မပြရင် မပြီးတဲ့ ‘မောင်တို့ ချယ်ရီမြေ’ဆိုတဲ့ ဇာတ်ကားဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ ဦးအောင်လွင်ကို မေးချင်ပါတယ်။ ဒီကားကို ကြည့်တဲ့အခါမှာ ဇာတ်လမ်းဇာတ်ညွှန်းရေးတာက ဦးဝင်းဦး ဖြစ်ပါတယ်။ ဦးဝင်းဦးအနေနဲ့ ဒီကားကို ဘယ်လို Inspiration ယူခဲ့လည်း ပြောပြပေးပါ။

**အကယ်ဒမီ အောင်လွင်**

မန္တလေးရုပ်ရှင်ကနေပြီးတော့ ကမ်းလှမ်းပါတယ်။ ဦးတင်ယုနဲ့ ဦးဝင်းဦးတို့အတွဲကို မန္တလေး သင်္ကြန် ၁၉၆၃ ခုနှစ်အတွက် သင်္ကြန်အတွင်းရိုက်လို့ရတဲ့ ကားတစ်ကား ရိုက်ပေးပါ ပြောတယ်။ အဲဒီအခါမှာ သင်္ကြန်အနံ့လည်ဖို့ သင်္ကြန်နဲ့ လိုက်လျောညီထွေပြနိုင်တဲ့ ကားတစ်ကားရှာတဲ့အခါ ကျတော့ လူငယ်သဘာဝ Teenager အကြောင်းပေါ့။ ၁၉၅၆ ခုနှစ်လောက်ဆိုရင် Love Me Tender ဆိုတဲ့ကားနဲ့ Elvis Presley ဆိုတာပေါ်လာတယ်။ သူနဲ့ခေတ်ပြိုင်ပေါ်လာတာက Pat Boone ပေါ့။ Pat Boone က Rock & Roll မဆိုဘူး။ တည်တည်တံ့တံ့တွေ ဆိုတယ်။ Pat Boone ကလည်း Love Letters In the Sand တို့ ဆိုတာပေါ့။ အဲ့ဒီအတွက်ကို သူက ဘာကားတွေ ရိုက်တာလဲဆိုတော့ April Love ဆိုတဲ့ကားရိုက်တယ်။ နောက်ပြီးတော့ ‘မောင်တို့ ချယ်ရီမြေ’ ထဲမှာပါတဲ့ ဦးသန်းနွဲ့တို့၊ ဦးအောင်မိုးတို့ အပျော်သူငယ်ချင်းတွေ အတွက်ကို Bernardine ဆိုတဲ့ ကားရှိတယ်။ အဲဒီနှစ်ကားကို ဦးတင်ယုနဲ့ ဦးဝင်းဦးကို ခေါ်ပြီးတော့ မန္တလေးရုပ်ရှင်က ပြတယ်။ အဲဒီကားနှစ်ကားကို ပေါင်းပြီး ပို့လိုက်တဲ့အခါကျတော့ Bernardine က သူငယ်ချင်းတွေ အများကြီးပါတယ်။ April Love ဇာတ်ကားမှာကျတော့ Kentucky ဆိုတဲ့ မြို့နယ်ပွဲတစ်ပွဲမှာ ကောင်မလေးက မျက်နှာဖုံးနဲ့လှည့်တယ်။ အဲဒီနှစ်ခုယူရိုက်တဲ့အခါကျတော့ ‘မောင်တို့ ချယ်ရီမြေ’ ဖြစ်သွားရပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

တကယ်တမ်း ကျွန်မအနေနဲ့မြင်တာကျတော့ Concept ပေါ့။ Concept ကိုပဲ ယူလိုက်ပြီး Create လုပ်လိုက်တဲ့ အခါမှာ ဦးဝင်းဦး ထည့်ပေးလိုက်တဲ့ စာလုံးတွေက အလွန်ကောင်းပါတယ်။ ဇာတ်ညွှန်းရေးဆရာက စကားလုံးလည်း ကြွယ်ဝတယ်။ ဒီဇာတ်လမ်းကိုပြတဲ့အခါ သတိထားမိတာက သီချင်းက ၁၃ ပုဒ် တောင်ပါတယ်။ သီချင်း ၁၃ ပုဒ်အကြောင်းကိုလည်း ပြောပြပေးပါဦး။ ဘယ်သူတွေ ရေးဖြစ်ခဲ့တာလဲ။

**အကယ်ဒမီ အောင်လွင်**

သီချင်းက နံပါတ်(၁)အနေနဲ့ မောင်တို့ချယ်ရီမြေ Theme Song ကို အလင်္ကာကျော်စွာ ဆရာကြီး ဦးရွှေပြည်အေး ဖြစ်ပါတယ်။ အဲဒါနဲ့အတူတူ ပါဝင်ခဲ့တာက ကိုအောင်ကိုဆိုတာ ပါပါတယ်။ စန္ဒရားအောင်ခင် ဆိုတာ ပါပါတယ်။ စိန်မြမောင်ဆိုတာ ပါပါတယ်။ နောက်ပြီး တော့ သင်္ကြန်သီချင်းတွေကို ဒေါ်မေမြင့်ရီတို့ဆိုဖို့၊ ကိုသန်းနွဲ့တို့ဆိုဖို့ “ဟောဟိုမှာ ပွင့်တဲ့ပန်း ဘယ်ပန်းရယ်လို့ခေါ်တဲ့ပန်း” အဲဒီလို သီချင်းကို ဦးမောင်ကိုက ရေးပေးတယ်။ ပြီးတော့ ဒီကားထဲမှာ ဦးဝင်းဦးက နည်းနည်းတော့ ခေတ်စောတာပေါ့။ သင်္ဘောသားအဖြစ်နဲ့ ပြန်လာပြီးတော့ ကိုယ့်မြို့ကိုယ့်ရွာ ကိုယ့်ယာတောကို ပြန်လာတဲ့အချိန်မှာ “ကိုယ်ပြန်လာသည်”ဆိုတဲ့ သီချင်းကို စန္ဒရားလှထွဋ်က ရေးခဲ့ပါတယ်။

**အကယ်ဒမီ ရွှေဇင်ထိုက်**

Swing တွေလည်း ပါတယ်။ Rock တွေလည်း ပါတယ်။ Group လိုက်ဆိုတဲ့သီချင်းတွေလည်း ပါတယ်။ တေးရေးဆရာများရဲ့ Contribution ပေါ့။ သူတို့ရဲ့ တီထွင်မှုကလည်း ဂုဏ်ယူရမှာ ဖြစ်ပါတယ်။

**အကယ်ဒမီ အောင်လွင်**

တစ်ဆက်တည်းပြောချင်တာက ဦးတင်ယုကလည်း Play- Back ကို ခေါ်တဲ့သီချင်းကို ရိုက်တာ အင်မတန် ဝါသနာပါတယ်။ သူတို့ကြောင့်လည်း ကျွန်တော်က Play-Back ဆက်တတ်လာတယ်။ ဦးဝင်းဦးကလည်း သီချင်းဆို ဝါသနာပါတယ်။ အဲဒီတော့ ဒီနှစ်ယောက်က ဆရာကြီးတွေ အကုန်လုံးကိုလည်း ပါစေချင်တယ်။ လုပ်ငန်းသဘောပေးချင်တာလည်း ပါတယ်။ သူတို့ရဲ့ လက်ရာတွေကို စုထားခဲ့ချင်တာလည်း ပါတယ်။ အဲဒါတွေကို စိန်မောင်ခြံမှာ တအုံကြီး နှစ်ရက်သုံးရက် သွင်းကြပါတယ်။ ကျွန်တော်တို့က ဘာလုပ်ရလဲဆိုရင် ရိုက်လိုက် သီချင်းဆိုလိုက်ပေါ့။ တေးသံရှင် ဒေါ်ထားတို့လည်း ပါတာပေါ့။ ကားရိုက်တဲ့အခါကျတော့ သူတို့က ပြင်ဦးလွင်မှာနေတယ်။ သူတို့ မော်တော်ကားနာမည်က မောင်တို့ချယ်ရီမြေ။ အဲ့ဒီကားက ပြင်ဦးလွင်ကနေ မန္တလေးဆင်းလည်မယ်။ ဇာတ်သဘောက မန္တလေးမှာ ရုပ်ရှင်မင်းသမီးနာမည်ကြီးနေတဲ့ ခင်သန်းနုလာလည်မယ်။ အဲဒါကို သွားငမ်းကြမယ်။ နောက်ပြီး တောင်ယာ၊ ယာခင်းပွဲတော်မှာ ခင်သန်းနုကို ဖိတ်မယ်။ မင်းတာဝန် ငါ့တာဝန် မဲနှိုက်ပေါ့လေ။ အဲဒီကိုသွားဖို့ လုပ်ရင်းကနေ ကဲ ကောင်းပြီ သင်္ကြန်လှည့်ဖို့ ဘယ်မှာလဲသီချင်း၊ သင်္ကြန်လှည့်ဖို့ သီချင်းမရှိဘူး။ စန္ဒရားလှထွဋ်က ‘ကိုယ်ပြန်လာသည်’ တစ်ပုဒ် ပြီးသွားပြီ။ မန္တလေးခြံမှာ သူက သူ့မိသားစုရှိတဲ့ မန္တလေးကို သင်္ကြန်အခါကာလမှာ အမြဲတမ်း ပြန်နေကျဖြစ်ပါတယ်။ ပြန်နေရာကနေ ကိုလှထွဋ်ကို ကပျာကယာခေါ်ပြီးတော့ ခြံထဲမှာပဲရှိတဲ့ စန္ဒရားနဲ့ မြို့မအဖွဲ့တွေနဲ့ ‘မန်းမြို့သူဇာမေ’ သီချင်းကို စပ်ခဲ့တာပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ထူးထူးခြားခြားပေါ့။ မမထားရယ် အဲဒီမှာ မခင်သန်းနုနဲ့ လေ Love Scene လေးမှာ နှစ်ယောက်စုံတွဲဆိုတာ ရှိပါတယ်။ အဲဒီတုန်းက အဆိုတော်များဟာ သီချင်းများကို Onset ပေါ်မှာပဲ မြင်ရတယ်။ တစ်ခါတည်း စန္ဒရားနဲ့ကြောင်းပေးလိုက်တာကို သွင်းကြရတယ်။ အဲဒီအလေ့အထလေးကို ရှင်းပြပေးပါဦး။

**တေးသံရှင် ထား**

အဲဒီအလေ့အထကတော့ မမတို့ ငယ်ငယ်တုန်းက ဆရာကိုဆိုတဲ့ မမတို့ဆရာပေါ့လေ။ သီချင်းကို သေချာကျကျနန Key ချိန်လေ့မရှိဘူး။ သူက သိတယ်လေ။ ဒီအသံဟာ ဘယ် Key မှာ ဘယ်သံဆုံးတယ်။ ဘယ် Key မှာ ညာသံဆုံးတယ်ဆိုတာ သိပြီးသား။ Key ပြန်ထည့်စရာမလိုဘူး။ ချက်ချင်း သူ့ဟာသူ သီချင်းတွေ အသံသွင်းနေတုန်း အတင်းနားထောင်ရတယ်။ သူ့စိတ်ထဲမှာ ရသလောက်ဆိုသွင်းမယ်။ အဲဒီလိုလုပ်တာ သွင်းမယ်ဆို ကြောက်တာပေါ့။ သိပ်မရသေးဘူးလေ။ အဲဒီလိုသွင်းလိုက်ရင်း၊ သွင်းလိုက်ရင်းနဲ့ပဲ ရသွားတာ ပေါ့လေ။ ငယ်သေးတော့လည်း ဉာဏ်ကကောင်းတာပေါ့။

**အကယ်ဒမီ ဆွေဇင်ထိုက်**

အစ်မတို့ ခေတ်တုန်းကပေါ့။ အန်တီ မာမာအေး၊ တို့၊ မမထားတို့၊ မမတင်တင်လှတို့ဆိုတာ ရုပ်ရှင်နောက်ခံတေးသီချင်းများကို ဆိုပေးရင် ဘာ Acting လုပ်ရမယ်ဆိုတာ Expression ကိုရတယ်။ အဲဒီဟာလေးအကြောင်းကိုလည်း ပြောပြပါ။

**တေးသံရှင် ထား**

တို့တွေကလည်း ရုပ်ရှင်သီချင်းဆိုရတဲ့အတွက်ကြောင့် တစ်နည်းအားဖြင့် ကိုယ့်မှာလည်း ပညာရတယ်။ ဘာလို့လဲ ဆိုတော့ ရုပ်ရှင်သီချင်းဆိုတာ အစုံဆိုရတယ်။ ဥပမာ – ရည်းစားနဲ့ ချိန်းတွေ့တာပျော်ကြတယ်။ ဆိုကြတယ်။ နောက်ကိုယ်တစ်ယောက်တည်း မြူးတယ်။ ပျော်တယ်။ ဒါမှမဟုတ်လည်း လွမ်းလို့ အလွမ်းသီချင်း အဲဒီလိုလေး ရသစုံအောင် ဆိုရတဲ့အတွက်ကြောင့် အဆိုတော်အနေနဲ့လည်း ရုပ်ရှင်သီချင်းသည် ပညာရတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ဟုတ်တယ်၊ အကုန်လုံး ဝိုင်းလုပ်ရတာပေါ့။ ကိုယ့်ကျွမ်းကျင်ရာ ကျွမ်းကျင်ရာကို ဒီကားကြီးကောင်းဖို့အတွက်ဆိုပြီး ထည့်ရတာပေါ့။

**တေးသံရှင် ထား**

မောင်တို့ချယ်ရီမြေ သွင်းတုန်းကလည်းလေ ဆရာရွှေပြည်အေးကလည်း ရှိတယ်ဆိုတော့ ကိုယ်ကြောက်ရတဲ့ လူကြီးတွေပဲ ဖြစ်နေရတော့ တုန်တုန်ချည့်ချည့်လေးနဲ့ပေါ့။

**အကယ်ဒမီအောင်လွင်**

အဲဒီ ကြောက်တဲ့အသံလေးကိုက ကောင်းနေတာတဲ့ ပြောကြသေးတာ။ အဲဒီတုန်းက ပြောကြသေးတာ။ မမီမကမ်းလေးဖြစ်နေတာကို ကောင်းတယ်တဲ့။ အဲဒီလို ပြောကြသေးတာ မှတ်မိသေးတယ်။

**တေးသံရှင် ထား**

ကြောက်ကြောက်ရွံ့ရွံ့နဲ့ဆိုတာပေါ့။ တုန်တုန်ချည့်ချည့်နဲ့ဆိုလိုက်ရတာ အဲဒီတုန်းက ကိုယ့်စိတ်ကြိုက်မဟုတ်ဘူး။ ခုလိုဆိုမယ်ဆိုရင် ကိုယ့်စိတ်ကြိုက်ဆိုမယ်။ အရင်တုန်းက စိတ်ကြိုက်တော့မဟုတ်ဘူး။ လူကြီးတွေ ဘာများ ပြောမလဲ။ ဆူများ ဆူမလားဆိုတဲ့စိတ်လေးကလည်းပါနေတယ်။ အဲဒီစိတ်နဲ့ ဆိုလိုက်ရတာပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်**

သရုပ်ဆောင်များအကြောင်းကိုလည်း ထည့်ပြီး ပြောချင်ပါတယ်။ သရုပ်ဆောင်ထဲမှာတော့ အဓိကသရုပ်ဆောင်ကတော့ မမခင်သန်းနု ဖြစ်ပါတယ်။ ဒါပေမယ့်လို့ မမခင်သန်းနုနဲ့တွဲပြီး ပါလာခဲ့တော့ မမေမြင့်ရီ ဖြစ်ပါတယ်။ အစ်မ မေမြင့်ရီဟာ မယ်ဒဂုံလည်း ဖြစ်တယ်။ ပြီးတော့ ဒီရုပ်ရှင်ကားကို ဘယ်လိုလေးများ ရိုက်ဖြစ် သွားလဲဆိုတဲ့အကြောင်းကို ရှင်းပြပေးပါလား မမ။

**သရုပ်ဆောင် မေမြင့်ရီ**

အဲဒီရုပ်ရှင်ကားကိုတော့ ကိုဝင်းဦးကနေ ‘ဟဲ့ မြင့်၊ နင် အဲဒီအခန်းမှာ ပါမလား၊ ပါလို့ရှိရင် ငါနင့်ကို ထည့်ရိုက်မယ်’။ ‘ဟာ အစ်ကို ကြိုက်တာလုပ် မြင့်ကတော့ ဘာမှတော့ မပြောဘူးလို့၊ ဒါရိုက်တာကလည်း ကျွန်မ အစ်ကိုဝမ်းကွဲတော်တယ်လေ။ မြင့်တို့နဲ့ဆို မောင်နှမတစ်ဝမ်းကွဲတော်တယ်။ အစ်ကိုကလည်း မေမြင့်ရီဆို ထည့်လိုက်၊ ထည့်လိုက်ဆိုတော့ အဲဒီတုန်းက ကလေးနှစ်ယောက်ရှိနေပြီ။ ကလေးနှစ်ယောက်နဲ့ အစ်ကိုကလည်း ဖြစ်ပါ့မလားဆိုတော့၊ ဟာ – ဖြစ်တယ်၊ ဘာဖြစ်လဲ ကလေးရှိလည်း ခုချိန်က ဖြစ်တယ်။ အဲဒါနဲ့ ကဲ ရိုက်မယ်ဆိုပြီးတော့ ထည့်ရိုက်ရော။

စာမျက်နှာ ၂၁ သို့

*စာမျက်နှာ ၂၀ မှ*

ဘယ်အခန်းကလဲဆိုတော့ ခင်သန်းနုရဲ့အစ်မအခန်းက ရိုက်ရတယ်။ ခင်သန်းနုကို လိုက်ထိန်းရတာပေါ့။ ရိုက်တဲ့အခါကျတော့ သူက "မမြင့်ရယ် ကျွန်မလေ သင်္ကြန်ဆိုတစ်ခါမှ မလည်ဖူးဘူး။ မန္တလေးသင်္ကြန်ကို သူလည်ချင်တယ်ဆိုတော့" "ကဲ လည်ချင်ရင် ဘယ်လို လုပ်မှာတုန်းဆိုတော့" "ဟာ အစ်မ သမီးက ဥာဏ်ရှိတယ်တဲ့။ ပြောမယ်ပြောမယ်"တဲ့။ ပြောလည်းမပြောဘူး။ သူကလေ တစ်ခါတည်း မြင့်ကနေ ဟိုသူ့ကို အင်္ကျီလေး ချုပ် ပေးတယ်။ ချုပ်တဲ့အခါကျတော့ လက်ကိုအပ်စူးသွားရော။ စူးတဲ့အခါကျ ကမန်းကတန်းသွားပြီး တင်ချာ သွားယူမယ် ဆိုပြီး လျှောက်ရှာ။

ရှာတဲ့ အချိန်မှာပဲ သူက တစ်ခါတည်း အဝတ်အစား တွေလဲ ဦးထုပ်လေးဆောင်း ပြီးတော့ လစ်ထွက်သွား ရော။ ထွက်သွားတာကို မမြင့်က မသိဘူး။ ဟဲ့ ခင်သန်းနု ဘယ်ရောက်နေတုန်း လိုက်ရှာတာ မတွေ့ဘူး။ ဒီကောင် မလေး ဘာလုပ်သွားတာတုန်း မသိဘူးဆိုပြီး အဲဒါနဲ့ မမြင့်က အခန်းထဲဝင်ပြီး ခင်သန်းနု ရဲ့ မျက်နှာဖုံးနဲ့ သူ့အဝတ်အစားကြီးဝတ်ပြီးတော့ နေနေရော။ ဦးထွန်း ရွှေက ရောက်လာတယ်။ "ဟဲ့ ခင်သန်းနု နင်ထွက်ရ တော့မယ်။ ဘာလုပ်နေလဲ"ဆိုတော့ "ဒီမှာလေ ခင်သန်းနု" ဆိုတော့ "ဟဲ့ မေမြင့်ရီ ဘယ်လို ဖြစ်တာ တုံး" ဆိုတော့ "အဲဒီလို အဲဒီလိုပဲဖြစ်တယ် အစ်ကိုရဲ့ ဘယ်လိုလုပ်မတုံး" ဆိုတော့ "အေး အဲဒီတော့ နင်ပဲထွက်တော့" တဲ့။

**အကယ်ဒမီ ဆွေဇင်ထိုက်**

အဲဒီမှာ မမတို့ဝတ်ထားတဲ့ အဝတ်အစားတွေက ကျွန်မတို့ အခုပြန်ပြီး ဝတ်နေရတဲ့ ထုပ်သီးကြယ်သီး တွေပေါ့။ သိပ်ကို ခေတ်မီပါတယ်နော်။ အဲဒီ ဒီဇိုင်းတွေက ဘယ်သူထုတ်ပေးတာလဲ မမ။

**သရုပ်ဆောင် မေမြင့်ရီ**

အဲဒီ ဒီဇိုင်းတွေကတော့ ရုပ်ရှင်မင်းသား အေဝမ်း သိန်းဇော်ရဲ့ ညီမနှစ်ယောက်ရှိတယ်။ ညီမနှစ်ယောက် ကနေပြီး "ကဲ မြင့်ရေ၊ အဲဒီအခန်းမှာပါမယ်ဆိုရင် ငါတို့ ချုပ်ပေးမယ်ပေါ့"။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ဒီအေဝမ်းရဲ့ ရုပ်ရှင်တွေကလည်း သူတို့ကိုယ်တိုင် အင်္ကျီဒီဇိုင်းတွေထွင်ပြီး ချုပ်တာ နာမည်ကြီးပါတယ်။ အခု ဘာအကြောင်းကို စိတ်ဝင်စားလဲဆိုတော့ လူအုပ် ကြီးနဲ့၊ လူတွေအများကြီးနဲ့ ရုပ်ရှင်ကားထဲမှာ မြင်ရတာ သိပ်ကို အားရဖို့ကောင်းတာပဲ။ အဲဒီတော့ အဲလူအုပ် Scene တွေနဲ့ ဒီသင်္ကြန် ၁၉၆၃ ခုနှစ် သင်္ကြန်ကြီးကို ဘယ်လိုတွေ ရိုက်ခဲ့လဲဆိုတာ ပြန်ပြောပြပေးပါဦး။

**အကယ်ဒမီ အောင်လွင်**

မည်သို့ပင်ဖြစ်စေကာမူပေါ့။ မန္တလေးရုပ်ရှင်ဆိုတာ က မန္တလေးမှာရှိတဲ့ ဥပမာ အဘရွှေမန်းတင်မောင်တို့ ပါခဲ့တယ်။ တခြားနာမည်ကြီးတဲ့ ဥပမာ ကိုဇော်မြင့်ရဲ့ အဘိုးဖြစ်တဲ့ ဒါးတန်း ဦးသန့်တို့ ပါခဲ့တယ်။ ဝါးတန်းက ဦးအေးမောင်တို့ ပါခဲ့တယ်။ အဲဒီလိုလူကြီးတွေကနေ ရှယ်ယာလုပ်ပြီး ပါခဲ့တယ်။ ဒါကိုတစ်ခုပြောချင်တဲ့စကား က ဒီမျက်နှာကြီးတွေက သူတို့သိက္ခာနဲ့ဂုဏ်တွေနဲ့ဟာ မြို့ပေါ်ကလူတွေ အလှူဆိုလည်း သူတို့ဝင်ပါကြတယ် ဆိုတော့ ဒီမန္တလေးကလူသိများတဲ့ ပုဂ္ဂိုလ်ကြီးတွေက ထူထောင်ထားတဲ့ မန္တလေးရုပ်ရှင်က ရိုက်တဲ့ကားဆိုတော့



" မောင်တို့ချယ်ရီမြေ" ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်နေရာ။

အလိုလို ကြည်ညိုပြီးသား ဖြစ်တယ်ပေါ့။ အဲဒီလိုဖြစ်တဲ့ အခါကျတော့ ဒီပင်လယ်ဓားပြလုပ်တဲ့ Pirate သင်္ဘောကြီးကိုဆောက်၊ အဲဒီအပေါ်မှာ ခင်သန်းနုက မျက်နှာဖုံးနဲ့ ပင်လယ်ဓားပြ အဝတ်အစားနဲ့လှည့်တဲ့ အခါမှာ ဘေးကနေ ကားရိုက်အဖွဲ့ကလည်း ကြိုးနဲ့ ကွယ်ပြီးတော့ ဆွဲရတယ်။ လိုက်ကြည့်တဲ့လူတွေက တလေးတစားနဲ့ လိုက်ကြည့်ကြတယ်ပေါ့နော်။ နောက်တစ်ချက်က အခုလို ရေပက်တာ မသောင်းကျန်း ဘူး။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ဟုတ်တယ်။ အဲဒါလည်း သတိထားမိတယ်။ ဒီလောက်လူတွေအများကြီးနဲ့ရှိနေတာ ရေပက်တာတွေ အော်တာ၊ ဟစ်တာ၊ ခုန်တာ၊ ပေါက်တာတွေ လုံးဝ အနှောင့်အယှက်မရှိဘူး။

**အကယ်ဒမီ အောင်လွင်**

မရှိဘူး။ (၂) အချက်က မန္တလေးက မူလအခြေခံကိုက သူတို့က ယဉ်ကျေးတဲ့ မြို့တစ်မြို့လို့ သတ်မှတ်ထားတယ်။ သင်္ကြန်တွင်းဆိုရင် အကနဲ့ဖျော်ဖြေကြတာ ပိုများတယ်။ အလှလှည့်တာ များတယ်။

**တေးသံရှင် ထား**

သင်္ကြန်တွင်း ညနေ ၆ နာရီဆို ဘယ်သူမှ ရေမပတ် တော့ဘူး။ ဘာလို့လဲဆိုတော့ လျှောက်လည်ဖို့အတွက် အဲဒီအချိန်က အဲဒီလို ပြင်ဆင်ကြပြီလေ။

**အကယ်ဒမီ အောင်လွင်**

အဲဒါကြောင့် ဒီလူအုပ် Scene တွေမှာ ဘာမှအနှောင့် အယှက်မရှိဘဲနဲ့ ဝိုင်းကူညီသလို လုပ်ခဲ့ကြတာတွေ့ရ ပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

အဲဒီထဲမှာပါတဲ့ Character တွေ အကြောင်းကို ပြောကြည့်ရအောင်ပေါ့။ ဟို ဦးဝင်းဦးက လူငယ်လေး ဖြစ်တယ်။ သူက တစ်နယ်တစ်ကျေးကနေမှ တစ်ယောက် ကိုလာပြီး ချစ်ရတာမျိုးပေါ့။ နောက် မခင်သန်းနုက ရုပ်ရှင်မင်းသမီးဖြစ်တယ်။ ဒါကြောင့် သူက ပွင့်ပွင့်လင်းလင်း ပေါ့။ Introvert ပေါ့။ ပြောတာဆိုတာ ရဲရဲတင်းတင်း ရှိတယ်။ နောက် ဦးသန်းနွဲ့ ဆိုတဲ့ လူရွှင်တော်ကလည်း လူရွှင်တော်



" မောင်တို့ချယ်ရီမြေ" ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်နေရာ။

ဆိုပေမယ့်လည်း ကျွန်မ သတိထားမိတယ်။ သူတို့ရဲ့ သရုပ်ဖော်မှုတွေကို အယ်ဒီတာတစ်ယောက်အနေနဲ့ ဘယ်လိုတွေလုပ်ခဲ့ရလဲဆိုတာ ပြောပြပါဦး။

**အကယ်ဒမီ အောင်လွင်**

ဦးဝင်းဦးရဲ့ Character က ဒီကားထဲမှာ ဇာတ်အရ ဖြစ်လာရတာပေါ့။ ဒီကားထဲမှာ သူဟာ ရုပ်ရှင်ဝါသနာ ပါတဲ့ လူတစ်ယောက်ဖြစ်တယ်။ ရုပ်ရှင်ဝါသနာပါတဲ့ လူတစ်ယောက်ဖြစ်တဲ့အခါကျတော့ ရုပ်ရှင်ဝါသနာ လုပ်လို့ဆိုပြီး မေမြို့ကိုလာရိုက်တဲ့ ရုပ်ရှင်အဖွဲ့တစ်ဖွဲ့နဲ့ ပါသွားတယ်။ ပါလည်းပြီးရော ကလေကချေဖြစ်ပြီး ပျက်စီးသွားတယ်။ သူပြန်လာတဲ့အချိန်မှာ သူ့အမေ မုဆိုးမကြီးက သေသွားရှာတယ်။ အဲဒါကိုက ဦးဝင်းဦးရဲ့ ထုံးစံအတိုင်းပေါ့။ O. Henry တို့ ဇာတ်ရေးသလိုပေါ့။ နောက်ဆုံးမှာ Twist ဝှက်ထားတာပေါ့။ နောက်ဆုံးမှာ ပြောတာပေါ့။ ဒီအပေါ်မှာ မူတည်ပြီးတော့ သူ့အမေရဲ့ မောင်ဖြစ်တဲ့ ဦးချန်ထွန်းဆိုတဲ့ မန္တလေးရုပ်ရှင်က လူကြီးက သူ့ကို ကြည့်လို့မရဘူး။ မင်းအဲဒီလိုဖြစ်တဲ့ အတွက်ကို 'ခွေးမြီးကောက်ကျည်တောက်စွပ်' ဆူခံရတာပေါ့။ အဲဒီလိုနဲ့ သူက ရုပ်ရှင်ကို စိတ်နာရတဲ့ ဘဝကို ရောက်သွားတယ်။ အဲဒီအချိန်မှာ သူမထင်မှတ်ဘဲ သူနိုင်ငံခြားရောက် နေတုန်းမှာ ခင်သန်းနုက နာမည်ကြီးနေပြီ။ ဒီရောက်တဲ့အခါ ခင်သန်းနုက ရှူးချင်ယောင်ဆောင်ပြီး ရုပ်ဖျက်လာတဲ့အခါ ကျတော့ ခင်သန်းနုကို တကယ့်ရိုးရိုးမိန်းကလေးထင်ပြီး ချစ်သွားတယ်။ ချစ်သွားတဲ့အခါကျမှ အကုန်လုံးကနေ ပြီးတော့ ခင်သန်းနုက ရည်းစားရနေပြီဆိုပြီး တော့ စာစောင်ထဲမှာပါတယ်။ ဦးထွန်းရွှေက မွှေလိုက်တဲ့အခါ ကျတော့ သူ့ဦးလေးက အကြီးအကျယ် ဆူတာပေါ့။ အဲဒီအပေါ်မှာ မူတည်ပြီး သူက ဝမ်းနည်းရတယ်။ စိတ်မကောင်းဖြစ်ရတယ်။ ဒါက သူ့ Character ပါ။ ခင်သန်းနုရဲ့ Character ကတော့ ပွင့်ပွင့်လင်းလင်းနေမယ်။ ရုပ်ရှင်မင်းသမီးဆိုတာ သူ့အလုပ်ပဲ။ ကိုယ့်ရဲ့ လွတ်လပ်ခွင့်နဲ့နေမယ်။ အဲဒီ Character ပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ဒီထဲမှာ ဦးထွန်းရွှေကလည်းပဲ Shape Shifter လို့ ခေါ်တာပေါ့။ သူ့ရဲ့ Role ကလည်းရှိတော့ သူ့ရဲ့ Character အကြောင်းပြောပြပါဦး။

**အကယ်ဒမီ အောင်လွင်**

ဘောလုံးစကားပြောရရင် ဦးထွန်းရွှေက ဒီကားထဲမှာ Blender ပါ။ ဦးထွန်းရွှေက ပြဇာတ်က လာတယ်။ ကျွန်တော်သိသလောက် လူကြီးတွေပြောတဲ့စကား ကြားရ တာတော့ ဦးထွန်းရွှေက ပြဇာတ်မှာ သီချင်းဆိုရင် သီချင်း စာသား ဘယ်တော့မှ မရဘူး။ သူ့ပါးစပ်ထဲတွေ့တဲ့ စာသား လုပ်ဆိုတာ။ အဲဒီဟာတော့ မမှားဘူး။ တီးတာနဲ့တော့ အကိုက်ပဲ။ ဒါပေမယ့် သူ့စာသားက သင်ပေးထားတဲ့ စာသားမဟုတ်ဘူး။ အဲဒီလို တရုတ်အဘိုးကြီး ဖြစ်ပါတယ်။ ပျော်စရာကောင်းပါတယ်။ တော်ပါတယ်။ ဦးဝင်းဦးရဲ့ ကားရိုက်လက်ခံတာတို့၊ ငွေကြေးလက်ခံတာတို့၊ မန်နေဂျာ အဖြစ်နဲ့ အကြာကြီးနေခဲ့ပါတယ်။

**အကယ်ဒမီ ရွှေဇင်ထိုက်**

ဦးထွန်းရွှေကို အဖေတစ်ခု သားတစ်ခု ဇာတ်ကားမှာ ကျွန်မ ရိုက်ဖူးပါတယ်။ သရုပ်ဆောင်တာ တော်တော် ပီပြင်ပါတယ်။ ကျွန်မအနေနဲ့ ပိုပြီးစိတ်ဝင်စားတာက အဲဒီတုန်းက ရိုက်ခဲ့တဲ့ Setting တွေပေါ့။ Setting တွေကို မန္တလေးမှာလည်း ရိုက်တယ်။ ရန်ကုန်မှာလည်း ရိုက်တယ် ပြောတယ်။ Studio ကြီးတွေနဲ့ ရိုက်တာလို့ ထင်ပါတယ်။ အဲဒီအကြောင်းလည်း ပြောပြပေးပါဦး။

**အကယ်ဒမီ အောင်လွင်**

မောင်တို့ချယ်ရီမြေ ဇာတ်ကားကတော့ မန္တလေးမှာ အကုန်လုံးရိုက်ခဲ့တယ်။ ဘာလို့ Studio မှာ ရိုက်လဲ ဆိုတော့ ကျွန်တော်တို့အရွယ်ရောက်လာတော့ အခု သူများ အိမ်တွေမှာ ရိုက်တဲ့အခါ မီးချိန်ရတာ မလွယ် ဘူး။ နောက်ပြီးတော့ မင်းသား၊ မင်းသမီးကို သင်ရတာ မလွယ်ဘူး။ ခြံထဲမှာ ကိုယ့်မိသားစုတွေပြောတော့ ကိုယ်နားထောင်တယ်။ တစ်ခုခုဆူလိုက်လို့ အခုခြံတွေ မှာ၊ သူများတွေရှေ့မှာ၊ သူများအိမ်တွေမှာ တက်ရိုက် တော့ အဆူခံရတဲ့အခါ သူလည်း မျက်နှာပျက်သွားတော့ မကောင်းတော့ဘူး။ သူ Acting လုပ်ရတာလည်း သူပေါ် ချင်တိုင်းပေါ်မှာကို အမြင်မခံချင်ဘူး။ သူငိုချင်ငိုမယ်။ ကားအတွက်ကောင်းဖို့ ဦးတည်ချက်အပျက်မခံတဲ့ အတွက် Studio ရိုက်တာ အကောင်းဆုံးလို့ ကျွန်တော် ထောက်ခံပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ဒီရုပ်ရှင်ဇာတ်ကားကို ရိုက်တဲ့အချိန်မှာ Post Production အကြောင်းကိုလည်း စိတ်ဝင်စားတယ်။ ဘာလို့လဲဆိုတော့ မခင်သန်းနုနဲ့ ဦးဝင်းဦး သီချင်းလေး တစ်ပုဒ်တည်း တိုတိုလေးဆိုသွားတဲ့ အချိန်တွင်းမှာ Cast ပေါင်း မြောက်မြားစွာ ဖြတ်သွားတာတွေ့တယ်။ နောက် ဟိုဘက် ဒီဘက် မျက်လုံးတွေကအစ Continued ကိုက်တာကိုလည်း တွေ့တယ်။ အဲဒါကို ဘယ်လိုလုပ်ခဲ့ လဲဆိုတာ ပြောပြပါဦး။

**အကယ်ဒမီ အောင်လွင်**

အဲဒါက ဆရာဦးတင်ယု ရိုက်ကတည်းက ပါတာပေါ့။ နောက်တစ်ခုက ကားဆက်တဲ့ လူတစ်ယောက်ရဲ့ တကယ့် ဈေးချုပ်မဟုတ်ဘူး။ ရောင်းရပြီးရောဆိုပြီး လုပ်တာ မဟုတ်ဘူး။ ဒါနဲ့ ဆက်ထားတယ်။ ဆက်ထား ပြီးရင် အိပ်ရာပေါ်လှဲပြီး (သို့မဟုတ်) ညတစ်ရေး အိပ်ဖြစ်ဖြစ် ပြီးရင် Edit လုပ်ပြီးသားကို ဟိုဟာလုပ်လိုက် ပိုကောင်းမယ် ထင်တယ်ဆိုပြီး လုပ်ပြီးသားတွေကို အကုန်လုံးပြန်ဖျက်ပြီး ပြန်ဆက်တယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ဝီရိယကောင်းတာပေါ့။ အားစိုက်တာပေါ့။

**အကယ်ဒမီ အောင်လွင်**

အဲဒါမျိုး Editor တိုင်းမှာ ရှိသင့်တယ်။ ကြာတော့ ကြာတယ်။ ကိုယ်လည်းပင်ပန်းတယ်။ ဒါပေမယ့် ပရိသတ်မှာ အလွန်ကောင်းသွားတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ပရိသတ်ပေါ်မှာ စေတနာထားတယ်။ Technician အနေနဲ့လည်း ဇာတ်လမ်း Flow ကို ခံစားပြီးလုပ်တယ်။ အဲဒါတောင်မှ အဲဒီအချိန်တုန်းက Edit က ဖလင်တွေကို ကတ်ကြေးနဲ့ ညှပ်ပြီးဆက်ရတယ်။ နောက်ဆုံးပြောချင် တာတော့ အုပ်စုလိုက်တွေကို ရိုက်တဲ့အခန်းတွေမှာဆိုရင် စိတ်အဝင်စားဆုံးကတော့ သင်္ကြန်ကို အမျိုးသားတွေ ချည်းပဲ 'မောင်တို့ ချယ်ရီမြေ' ဆိုတဲ့ကားနဲ့ လည်တဲ့ အခါမှာ လည်စည်းလေးတွေဆင်တူနဲ့ လည်ပင်းလေး တွေ စည်းထားတာတွေ့တယ်။ အဲဒီလိုမျိုး Fashion တွေလုပ်တဲ့နေရာမှာ အဲဒီအချိန်တုန်းက မမေမြင့်ရီတို့ အနေနဲ့ စီစဉ်ပေးတဲ့လူတွေနဲ့ ဘယ်လိုများညှိပြီး လုပ်တာလဲ။ သူတို့ Idea နဲ့ Fashion ထုတ်လာတာလား။

**သရုပ်ဆောင် မေမြင့်ရီ**

သူတို့ဟာ သူတို့ ချုပ်တာပဲ။

**အကယ်ဒမီ အောင်လွင်**

ကျွန်တော်နားလည်သလောက်ပြောရရင် ဦးဝင်းဦး Idea ပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ကျွန်မတို့ မြန်မာ့ရုပ်ရှင်ဟာ စနစ်တကျလည်း ရိုက်ခဲ့ ပါတယ်။ စနစ်တကျ ရိုက်ခဲ့တဲ့အတွက်ကြောင့်လည်း ကောင်းတဲ့ကားတွေ၊ ဂန္ထဝင်မြောက်တဲ့ကားတွေလည်း ဖြစ်ခဲ့ပါတယ်။ အမှတ်တရတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုလို 'မောင်တို့ချယ်ရီမြေ'လို ဂန္ထဝင် မြောက်တဲ့ ဇာတ်ကားများ နောင်မျိုးဆက်များ ထုတ်လုပ်နိုင်ပါစေ။ ကျွန်မတို့လည်း ကြည့်သွားရနိုင်ပါ စေလို့ ဆုတောင်းရင်း ဒီစကားဝိုင်းလေးကို အဆုံးသတ် ပါရစေ။ တစ်ခေတ်တစ်ခါက မြန်မာ့ဂန္ထဝင်မြောက် ဇာတ်ကားများကို အမှတ်တရဖြစ်နိုင်ပါစေ။ ။

ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မေတ္တာပြည့်ဝနှလုံးလှအဖွဲ့က ငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ အဖွဲ့ကိုယ်စား နာယကကြီးများ ဖြစ်ကြသည့် အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဗောတရေ ဦးညွန့်ဒွေး (ကြာငါးခိုင်)၊ သီဟသုဓမ္မဇောတိကဓဇ ဗောတရေ ဦးအောင်သန်းစိန်တို့က မေ ၁၂ ရက် က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ ပေးအပ်လှူဒါန်းစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



## ပဲခူးမြို့အလှူရှင်များက ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အလှူငွေလှူဒါန်း

ပဲခူး မေ ၁၃

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တွင် ဖွင့်လှစ်ထားရှိသည့် ပဲခူးတိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကြီးကြပ်မှုကော်မတီရုံးခန်းသို့ ယမန်နေ့က ပဲခူးမြို့ဟိန္ဒူဗုဒ္ဓဘာသာ နာမှုနှင့်လူမှုကူညီအသင်းနှင့် အခြားအလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းမှုပြုလုပ်ပေးကြသည်။

အလှူရှင်များမှ ကိုဗစ် – ၁၉ အထောက်အကူပြုပစ္စည်းများ ဝယ်ယူရန်အတွက် ပဲခူးမြို့ဟိန္ဒူဗုဒ္ဓဘာသာ နာမှုနှင့်လူမှုကူညီအသင်းက အလှူငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း ပဲခူးအဖွဲ့ခွဲက အလှူငွေကျပ် ၁၀ သိန်း၊ မောင်ဟိန်းလူလူ ပဲခူးမြို့က အလှူငွေကျပ် တစ်သိန်း၊ ပြည်ခရိုင် သဲကျောက်လုပ်ငန်းရှင်များက အလှူငွေကျပ် ၄၅ သိန်းတို့ကို လည်းကောင်း၊ ပဲခူးဆေးရုံကြီးတွင် လိုအပ်နေသည့် အသက်ရှူအထောက်အကူပြုစက်ဝယ်ယူရန်အတွက် ပြည်ခရိုင် ရွှေတောင်မြို့နယ် မြစ်သဲ ကျောက်လုပ်ငန်းရှင်များက အလှူငွေကျပ် ၄၅ သိန်း၊ တိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနနှင့် ကုမ္ပဏီများက အလှူငွေကျပ် ၃၂၀၀၀၀၊ ဦးထွန်းလှ – ဒေါ်ကျင်သန်း၊ သမီး–မစန္ဒာဝင်း၊ မဝေဝေထွန်းမိသားစု ဥဿာမြို့သစ်က အလှူငွေကျပ်နှစ်သိန်း၊ တောင်တန်းသာအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်က အလှူငွေကျပ်သုံးသိန်း ကိုကျော်စန်းနိုင်မိသားစုက အလှူငွေကျပ်နှစ်သိန်း၊ ကိုဇော်မင်းနိုင် ဆိုင်ကယ်ပစ္စည်းဆိုင်မိသားစုက အလှူငွေကျပ်ငါးသိန်း၊ ဦးထွန်းထွန်းမိသားစု ပဲခူးက အလှူငွေကျပ်နှစ်သိန်း၊ Kyaw Thar Engineering & counstruction group Co.,ltd. မိသားစုက အလှူငွေကျပ်သိန်း ၃၀၊ ချွန်ကောင်းစက်သုံးဆီရောင်းဝယ်ရေးမိသားစုက အလှူငွေကျပ်သုံးသိန်း၊ ဦးအောင်ကျော်ဦး (အောင်ပွဲ ပဲမျိုးစုံရောင်းဝယ်ရေး) မိသားစုက အလှူငွေကျပ် ၁၀ သိန်း၊ ကိုရန်နိုင် (နိုင်စက်သုံးဆီရောင်းဝယ်ရေး) မိသားစုက အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ကော်မတီအဖွဲ့များက လက်ခံယူကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့အမှတ်(၁)ရပ်ကွက်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများ အတွက် အခြေခံစားသောက်ကုန်များ ဖြန့်ဝေပေး

ဘားအံ မေ ၁၃

ကရင်ပြည်နယ်အတွင်း ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်များ ဖြန့်ဝေပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက စတင်ကာ ဘားအံမြို့ပေါ် အမှတ်(၁)ရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၃၅၀ အား လိုက်လံဖြန့်ဝေပေးခဲ့သည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် အခြေခံစားသောက်ကုန်များ ဖြန့်ဝေပေးစဉ်။

ထိုသို့ဖြန့်ဝေပေးရာတွင် ဘားအံမြို့ အမှတ် (၁) ရပ်ကွက် အတွင်းရှိ အိမ်ထောင်စု ၃၅၀ အတွက် အိမ်ထောင်စုတစ်စုလျှင် နိုင်ငံတော်မှထောက်ပံ့သည့်အခြေခံစားသောက်ကုန်ငါးမျိုးဖြစ်သော ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ကြက်သွန်နီတစ်ပိဿာတို့ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်နှင့် တာဝန်ရှိသူများသည် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ အကူအညီဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်လေးခရိုင်တွင် ရပ်ကွက်/ ကျေးရွာ အိမ်ထောင်စု ၉၂၈၆၅ စုအတွက် ထောက်ပံ့ပေးနေလျက် ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် လောင်းလုံးမြို့နယ် ပြည်သူများအား အခြေခံစားသောက်ကုန်ငါးမျိုး ပေးအပ်

ထားဝယ် မေ ၁၃

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် နခံတောကျေးရွာအုပ်စုနှင့် မြို့ဟောင်းကျေးရွာအုပ်စုတို့တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစား ပြည်သူများအား အခြေခံစားသောက် ကုန်ငါးမျိုး ပေးအပ်ပွဲကို မေ ၁၁ ရက်က ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က လက်လုပ်လက်စား ပြည်သူများအား ကိုဗစ် – ၁၉ ရောဂါကာကွယ်နိုင်ရန်အတွက် အိမ်ထဲတွင်နေရသော ကာလအတွင်း နိုင်ငံတော်အစိုးရမှချမှတ်ထားသောစံနှင့် ကိုက်ညီမှုရှိသော ပြည်သူများအား အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ မလိုအပ်ပါက အပြင်မထွက်ကြဘဲ ကိုဗစ် – ၁၉ ရောဂါ မပြန့်ပွားအောင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားဖြင့် ထိန်းချုပ်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုများအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်နှင့် ရပ်ကွက်/ကျေးရွာများအတွင်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ညွှန်ကြားချက်များကိုပါ မပျက်မကွက် ပြုမူနေထိုင်သွားကြစေလိုကြောင်း ပြောကြားသည်။

နခံတောကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၂၀၀ နှင့် မြို့ဟောင်းကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၁၈၀ ရှိပြီး တက်ရောက်လာသော အိမ်ထောင်စုများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့ပေးအပ်ခဲ့ကာ မတက်ရောက်နိုင်သော အိမ်ထောင်စုများအား တာဝန်ရှိသူများက ပြန်လည်ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ပြည်နယ်အတွင်း သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းများ ကြည့်ရှုစစ်ဆေး

လားရှိုး မေ ၁၃

ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ပြည်နယ်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာတင်မောင်ညွန့်တို့သည် ကွမ်းလုံမြို့နယ် သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းအတွက် ကာကွယ်ရေးပစ္စည်း များနှင့် ထောက်ပံ့ငွေများကို ကွမ်းလုံမြို့နယ်ပြည်သူ့ဆေးရုံ၌ ယမန်နေ့က ထောက်ပံ့ပေးအပ်ခဲ့သည်။



ရှမ်းပြည်နယ်ဝန်ကြီး ဒေါက်တာမျိုးထွန်း အသွားအလာကန့်သတ်နေရာများကို ကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာခွန်စောထွန်းတို့က မြို့နယ်သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်လူမှုရေးဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

ကွမ်းလုံမြို့နယ် သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းဆောင်ရွက်မှုအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း ၂၁ ရက် နေရပ်ပြန်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၂၅ သိန်း၊ တာဝန်ကျဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ ငွေကျပ်ငါးသိန်း၊ လည်ရှည်ဖိနပ်အစုံ ၂၀၊ လက်အိတ်အခု ၁၀၀ ပါ ငါးဘူး၊ လက်အိတ်ရှည် ၁၀ စုံ၊ အပူချိန်တိုင်းကိရိယာနှစ်ခု၊ ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၃၀၊ မျက်မှန်အခု ၄၀ နှင့် နှာခေါင်းစည်းအခု ၅၀ ပါ ၁၀ ဘူးကို ကူညီထောက်ပံ့ခဲ့ပြီး ပြည်နယ်ကုသရေးဦးစီးဌာနမှ နှာခေါင်းစည်းအခု ၅၀ ပါ ဘူး ၅၀ နှင့် အပူချိန်တိုင်းကိရိယာ ၁၀ ခုတို့ကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# အသိပေးကြေညာခြင်း

COVID–19 ကူးစက်မြန်ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် ကိစ္စရပ်များအပေါ် အများပြည်သူများ သတင်းပေးဆက်သွယ်နိုင်ရန် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့၏ တယ်လီဖုန်းနံပါတ် ၀၆၇၃–၄၁၂၇၁၂ နှင့် ၀၆၇၃–၄၁၂၇၁၈ တို့အား Hotline ဖုန်းများအဖြစ် သတ်မှတ် ထားရှိပါသည်။ အဆိုပါ Hotline ဖုန်းများအား (၂၄)နာရီ ဖွင့်လှစ်ထားပါ၍ သတင်းပေးဆက်သွယ် နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19)**
**ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

# Mahar Mobile Application မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာအခမဲ့ ပြသလျက်ရှိ

**နေပြည်တော် ဧပြီ ၁၃**

ABC Content Solution Co.,Ltd (Mahar Mobile Application) မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာအခမဲ့ ပြသလျက်ရှိသည်။

ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်သူများနေအိမ်တွင် နေထိုင်ကြရန် နှိုးဆော်ထားစဉ် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် စိတ်ဓာတ် မြှင့်တင်ပေးနိုင်ရေးကို အထောက်အကူပြုနိုင်ရန် Mahar Mobile Application မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကား လေးထောင်ကျော်အနက်မှ နှစ်ထောင်ကျော်ကို တစ်လတာအခမဲ့ ပြသနေသည်။ အဆိုပါ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများကို ဧပြီ ၃၀ ရက် အထိ တစ်လတာကြည့်ရှုခွင့် Promo Code အရေအတွက်ပေါင်း သုံးသန်းကို ယင်းကုမ္ပဏီက လှူဒါန်းပေးဝေလျက်ရှိရာ Mahar Mobile App – Code နံပါတ် 230320 ဖြည့်စွက်၍ အခမဲ့ကြည့်ရှုနိုင်သည်။ ပြသလျက်ရှိသည့် ရုပ်ရှင်ဇာတ်ကားများအနက် အချို့မှာ –




မောင့်မှုပိုင်ရှင်

ဒွေး၊ လွင်မိုး၊ ထက်ထက်မိုးဦး၊ ထွန်းအိန္ဒြာဗို




မကြွေပါနဲ့ ဆာကူရာ

အောင်ရဲလင်း၊ ရဲအောင်၊ ခင်ဇာခြည်ကျော်၊ စူးရှနိုင်



သေးသေးလေးပဲလား ကြီးကြီးလား ကျော်ရဲအောင်၊သီဟတင်စိုး၊ ရဲရင့်ထူး၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ မေသဉ္ဇာဦး၊ ချစ်သုဝေ၊ ချမ်းမီမီကို



တင့်တောင့်တင့်တယ် တူတူတန်တန်

ရန်အောင်၊ လူမင်း၊ နေဒွေး၊ စိုးပြည့်သဇင်၊ မယ်လိုဒီ၊ အေသင်ချိုဆွေ




အေပရယ်ဗိုင်းရပ်(စ်)

နေဒွေး၊ မိုးယုစံ၊ သီရိရှင်းသန့်



ဝက်ပါအခြစ်နှင့် သူ၏ချစ်ကိုကိုချစ်

နေတိုး၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ သင်ဇာဝင့်ကျော်




ဝါဆိုဖယောင်းတိုင်

လွင်မိုး၊ လူမင်း၊ ခန့်စည်သူ၊ စိုးမြတ်သူဇာ၊ မေကဗျာ၊ သင်ဇာဝင့်ကျော်




မေ့မရတဲ့နေ့များ

ဒွေး၊ ခန့်စည်သူ၊ ထက်ထက်မိုးဦး၊ မြတ်ကေသီအောင်



နှစ်ယောက်တစ်အိပ်မက်

ဒွေး၊ ထက်ထက်မိုးဦး၊ ကြည်လဲ့လဲ့ဦး

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းအခု ၆၀၀၀ ဝေငှ

**မန္တလေး ဧပြီ ၁၃**

မန္တလေးတိုင်း ဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ဈေးများသို့ သွားရောက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သော နှာခေါင်းစည်းအခု ၆၀၀၀ ဝေငှ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



ဈေးသူဈေးသားများအား နှာခေါင်းစည်း ပေးဝေစဉ်။

အဆိုပါ ဝေငှထောက်ပံ့ခြင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဆင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက စုပေါင်းဝေငှခဲ့ကြသည်။

နှာခေါင်းစည်းများ ဝေငှခြင်းကို ချမ်းအေးသာစံမြို့နယ် အတွင်းရှိ ဟေမာဇလရပ်ကွက် မီးရထား အခွန်လွတ်ဈေး၊ ကန်ကောက်ရပ်ကွက် ချမ်းအေးစည်သာဈေး၊ ပြည်ကြီးမျက်ရှင်ရပ်ကွက် ၆၃ လမ်း ပျံကျဈေး၊ ရန်မျိုးလုံရပ်ကွက် ယာယီမင်္ဂလာဈေး၊ ကဥ္စနမဟီရပ်ကွက် ၇၆ လမ်း ပျံကျဈေး၊ ချမ်းအေးသာစံအနောက်ရပ်ကွက် သစ်သီးတန်းပျံကျဈေး၊ သီရိဟေမာ အရှေ့ရပ်ကွက် ကိုင်းတန်းဈေး၊ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်ရှိ ပြည်ကျော်ဈေးများသို့ သွားရောက်၍ ထောက်ပံ့ဝေငှခဲ့ကြောင်း သိရသည်။

**ထိပ်ထားနိုင်**

## ကိုဗစ်–၁၉ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**နမ္မတူ ဧပြီ ၁၃**

ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆပ်ပြာခဲများ ထောက်ပံ့ပေးအပ်ခြင်း၊ နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့က ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ် ဟင်ဘုတ်ကျေးရွာ၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နမ္မတူမြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေး ကော်မတီဝင်များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ဇာထွန်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ယုဝေခိုင်၊ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ခံ ဒေါ်မြတ်သူနှင်း၊ မိတ်ဆွေကောင်း လူမှုကူညီရေး အသင်းမှ ဦးအောင်ဆန်းမြင့်တို့က



ပြည်သူတစ်ဦးသို့ နှာခေါင်းစည်းတပ်ဆင်ခြင်းသရုပ်ပြ တပ်ဆင်ပေးစဉ်။

ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားလျှင် ခံစားရသော ရောဂါလက္ခဏာများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ပေးကြရန်နှင့် ကိုဗစ်–၁၉ရောဂါ ကြိုတင်ကာကွယ်ရေး ဆော်ဩချက်များကို အသိပညာပေး ရှင်းလင်းခဲ့ကြောင်း သိရသည်။

**လှမော် (ပြန်/ဆက်)**

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၂၁၅)

# အမှုစစ်ဆေးရာမှာ ဘာ့ကြောင့်ကြာ



**ဦးဟန်ညွန့် (ဥပဒေ)**

### ချိန်းလိုက်ပြန်ပြီ

"ဒီနေ့လည်း သက်သေမလာလို့ အမှုမစစ်ဖြစ်ဘူး။ ချိန်းလိုက်ပြန်ပြီဆရာကြီး" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက စိတ်ပျက်သည့်လေသံနှင့် ကျွန်တော့်အား ပြောနေလေသည်။ အမှုတွေကြာတာ သက်သေမလာလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ တရားသူကြီးတွေက ချိန်းနေကြတယ်။ "သက်သေလာအောင် စီမံရမှာက တရားသူကြီးတွေရဲ့ တာဝန်မဟုတ်လား"ဟုလည်း မောင်ပျင်းရိက ကျွန်တော်အားမေးနေပြန်ပါသည်။

### ဘာ့ကြောင့်ကြာ

အမှုတွေစစ်သည့်အခါ ဘာ့ကြောင့်ကြာသလဲ။ လက်တွေ့ဘဝတွင် တရားသူကြီး၏ အဓိကတာဝန်ဟု ပြောရမည်ဖြစ်သော်လည်း စုပေါင်းတာဝန်ယူရမည့် လုပ်ငန်းဖြစ်သည်ကို သတိပြုသင့်ပါသည်။ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနှင့် မပြည့်စုံပါ။ တရားစီရင်ရေးကို ဝိုင်းလုပ်ရမည့်သူများ တာဝန်ကျေမှ ဖြစ်ပါသည်။

### သက်သေ

တင်ပြသော သက်သေမှန်မှန်လာဖို့မှာ အဓိကဖြစ်ပါသည်။ သက်သေစာရင်းကို တရားလိုဘက်က တိတိကျကျ၊ လိပ်စာမှန်မှန်နှင့် တင်ပြသင့်ပါသည်။ တရားလိုဘက်သက်သေ မှန်မှန်လာဖို့ တရားလိုဘက်၏ တာဝန်သည် အဓိကဖြစ်ပါသည်။ သက်သေများ အချိန်မီ၊ အချိန်မှန်လာရန် တရားလိုဘက် ( တာဝန်ယူသူ အမှုစစ်အရာရှိ)က အပြည့်အဝ တာဝန်ယူသင့်ပါသည်။

### သက်သေခံစာရွက်စာတမ်းများ

အမှုတွဲတင်သည့်နေ့တွင် အမှုနှင့်စပ်ဆိုင်သော စာရွက်စာတမ်းများ၊ (ဥပမာ၊ ဆေးစာ၊ ထင်မြင်ချက်အရေးကြီးစာ) များစုံလင်ဖို့ လိုအပ်သည်။ နာကျင်စေမှုများတွင် ဆေးစာမပါဘဲ အမှုစွဲတင်ခြင်းမှာ အရုပ်ဆိုးလှသည်။ ဒဏ်ရာ အခြေအနေမသိဘဲ ပုဒ်မတပ်၍ မရသဖြင့် ဥပဒေအရာရှိက ဥပဒေအကြံပေးရာတွင်လည်း အခက်အခဲဖြစ်ရသည်။ ဥပဒေလောကသားတိုင်း သိကြပြီးသားကိစ္စပါ။ တရားရုံးသို့အမှုစွဲတင်ပြီးမှ စာရွက်စာတမ်း (မစုံလင်) ဟု အကြောင်းပြချက်မှာ အမှုကြန့်ကြာခြင်း၏ အကြောင်းရင်းတစ်ချက်ဖြစ် ပါသည်။

### နှစ်ဖက်ရှေ့နေ

တရားလို၊ တရားခံ နှစ်ဖက်ရှေ့နေများ ရက်ချိန်းမှန်ဖို့မှာလည်း အဓိကကျပါသည်။ တရားလိုဘက်က ရှေ့နေက ပျက်လိုက်၊ တရားခံဘက်က ရှေ့နေက ပျက်လိုက်နှင့်၊ ရက်ချိန်းယူမှုတွေ များနေလျှင် အမှုကြာမည်။ ရှေ့နေမပါဘဲ မစစ်နိုင်သော အမှုများတွင် ပို၍ခက်ခဲမည်။ တရားသူကြီးကလည်း နှစ်ဖက်ရှေ့နေမလာ၍ အခက်တွေ့မည်။ အဝေးကြီးက သက်သေက ခရီးဝေးကရောက်နေပါလျက် စစ်မေးမည့် ရှေ့နေမလာ၍ ပြန်ချိန်းရလျှင် အတော်မလွယ်။ နိုင်ငံတော်စရိတ်လည်းကုန်၊ ခရီးဝေးကလာရသည့်သက်သေလည်း နောက်တစ်ခေါက် ထပ်ပြီးလာရဦးမည်။ နောက်တစ်ခေါက်ရက်ချိန်းမှာ လာသည့်သက်သေ၏ ကျန်းမာရေး (မဖျား၊ မနာဖို့) လိုသေးသည်။

### ရုံးကိုစိတ်ပျက်

ရုံးရောက်ပြီးမှ ဘာမှအကျိုးမရှိ။ အမှုမစစ်၊ ပြန်လွှတ်ခြင်းမှာ အတော်အရုပ်ဆိုးသည်။ တရားရုံးကို ပြည်သူတို့ အားကိုးသည်။ ယုံကြည်သည်။ တရားရုံးရောက်ပြန်တော့လည်း တောသူတောင်သားများက ဘာမှမသိ၊ ဘာမှ နားမလည်၊ တရားခွင်စာရေးသို့ သတင်းပို့ပြီး၊ ရုံးခေါ်စာပြသ၊ ဘယ်အချိန်၊ ဘယ်တရားခွင်မှာ အစစ်ခံရမည်၊ ဥပဒေအရာရှိနှင့် စစ်ရမည့်အမှုလား၊ သက်သေခေါ်သည့်ဘက်က ဘယ်သူလဲ၊ ဘာအတွက်၊ ဘယ်အမှု၊ ဘာကိစ္စ အစစ်ခံရမည်လဲ စသည်စသည်များ ပညာပေးကြမှ ဖြစ်မည်။ ရှေ့နေပါသည့်အမှု ဆိုလျှင် ဘယ်လိုစသည်များ တရားရုံးက ပြန်ကြားရေးအရာရှိနှင့် တွေ့ရမည်လား။ ဘယ်သူက လမ်းညွှန်မှာလဲ။ တာဝန်ရှိသူနှင့်မတွေ့ဘဲ အမှုပွဲစားနှင့်သွားတွေ့လျှင်တော့ ကိစ္စပြတ်ပြီ။ သက်သေဖျက်မည့်သူ၊ အမှုဖျက်မည့်သူများက တောသူတောင်သား



မလည်မဝယ် သက်သေများကိုတွေ့ပြီ၊ မနှိပ်စက်စေချင်ပါ။ တရားစီရင်ရေးကို ကူညီရမည့်အစား အမှုပျက်အောင်၊ လိမ်တတ်၊ ညာတတ်အောင် အမှုပွဲစားများက ဖန်တီးတတ်သည်မို့ သတိပြုသင့်သည်ပါ။ မကြာခဏလည်း သတိပေးနေလျက်ပါ။

### ဆရာဝန်

ဆရာဝန်သက်သေများအနက် ပုံမှန်လာသူများလည်း ရှိပါသည်။ သို့သော် တစ်ခါတစ်ရံ အရေးကြီးကိစ္စ(ဥပမာ၊ ခွဲစိတ်ခန်းဝင်နေရ၍) တရားရုံး ရုံးချိန်းနှင့် တိုက် ဆိုင်နေသောကြောင့် (ကြိုတင်စီမံညှိနှိုင်းထားပါလျက်) ပျက်ကွက်ခြင်းများ ရှိနိုင်ပါသည်။ သို့ဖြစ်၍ ကျန်းမာရေးဌာနနှင့် တရားရုံးတို့ သီးခြားတွေ့ ညှိနှိုင်းလျှင် အဆင်ပြေကြောင်း သာဓကများရှိပါသည်။

### ရဲအရာရှိ

ရဲအရာရှိနှင့် တရားသူကြီးမှာ နေ့စဉ်မိတ်ဖက်များဖြစ်ကြပါသည်။ ဆက်သွယ်မှု အများဆုံးပြုလုပ်ရသောဌာနလည်း ဖြစ်ပါသည်။ တရားရုံး၏ အခက်အခဲများကို အဓိကနေရာက ကူညီရသော ရဲအရာရှိများလည်း ဖြစ်ပါသည်။

### ဥပဒေအရာရှိ

ဥပဒေအရာရှိများ၏ အခန်းကဏ္ဍမှာ တရားစွဲမတင်ပို့မီ အထူးတာဝန်ယူရသူများ ဖြစ်သောကြောင့် အပြစ်မရှိသူ(တရားခံ)မဖြစ်ရေး၊ ဥပဒေနှင့်အညီ ဥပဒေအခွင့်အရေးရရှိရေး အလေးပေးဆောင်ရွက်ရပါသည်။ တရားသူကြီးများ အမှန်ကန်ဆုံးအဆုံးအဖြတ်ပေးနိုင်အောင် စွမ်းဆောင်ပေးရသော ဥပဒေတာဝန်ယူရသည့် ဥပဒေအရာရှိများ၏ တာဝန် ကြီးလေးလှပါသည်။

### အကျဉ်းဦးစီး

အကျဉ်းဦးစီးဌာနသည်လည်း တရားရေးကဏ္ဍတွင် အဓိကအင်အားတစ်ရပ်ပါ။ ထောင်ကျအကျဉ်းသား၏ အမှုကိစ္စကို အချုပ်သားဘဝမှစတင်၍ ရာဇဝင်အစုံအလင်၊ ပြစ်ဒဏ်ကျမှုအခြေအနေ၊ ရုံးထုတ်ရက်ချိန်း၊ ဘဝသစ်ထူထောင်ရေးများအထိ အရေးပါလှပါသည်။ အချုပ်ကားပျက်နေ၍၊ ထောင်မှာ အရေးကြီးတာဝန်ရှိနေ၍ အချုပ်သားကို ထုတ်မပေးနိုင်ပါ။ တရားရုံးက အမှုစစ်သည့်အချိန်(နံနက် ၁၀ နာရီ) အရောက်မပို့နိုင်ပါဟုဆိုလျှင် တရားသူကြီး ဘာမှမတတ်နိုင်ပါ။ ရက်ချိန်းပြန်ပေးဖို့သာ ရှိပေလိမ့်မည်။

### PRIMAFACIE CASE

လုံလောက်သော သက်သေထွက်ချက် (Primafacie Case) ရှိပြီးသားအမှုများကို တရားသူကြီးက သိပါသည်။ သက်သေတွေ ဘယ်လောက်များများရှိပြီးသား သက်သေများနှင့်ပင် အမှုကပေါ်နေပြီ၊ ထင်ရှားနေပြီဆိုလျှင် ကျန်သက်သေများ မစစ်တော့ဘဲ စွဲချက်တင်ခြင်းမျိုးကို ဆိုလိုပါသည်။ ရာဇဝတ်ကျင့်ထုံးနှင့်အညီ ဆောင်ရွက်နိုင်ပါသည်။ အမှုမကြာအောင်၊ မြန်အောင်စေတနာနှင့် ဆောင်ရွက်သည့်သဘောဖြစ်ပါသည်။

### တရားသူကြီး

အမှုစစ်ဆေးသော တရားသူကြီးမှာ အမှုမြန်ခြင်း၊ နှေးခြင်းတို့အတွက် အဓိကတာဝန် ရှိသူဖြစ်ပါသည်။ တရားရုံးအမှုတွဲ၏ လုပ်ထုံးလုပ်နည်း၊ တရားရုံးများလက်စွဲ၊ ရာဇဝတ်ကျင့်ထုံး၊ တရားမကျင့်ထုံးများကို ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပါက အကင်းပါးပြီး အများသဘောကျသော တရားသူကြီးဖြစ်ပါသည်။ စာတွေ့သာမက လက်တွေ့ကျင့်ကြံနိုင်လေလေ တရားစီရင်ရေးပို၍ ပို၍ အောင်မြင်လေ ဖြစ်ပါမည်။

### အမှုခေါ်စာရင်း

အမှုခေါ်စာရင်းကို ရုံးရှေ့နံ့တစ်တွင် ကပ်ထားပြီးပါပြီ။ စာရင်းပါအတိုင်း တိတိကျကျ၊ အချိန်မှန်မှန်ဆောင်ရွက်ပါသလား။ တရားခွင်စာရေးကလည်း တက်တက်ကြွကြွ၊ မျှမျှတတ ပူးပေါင်းကူညီပါသလား။ မည်သူ့တာဝန် ချို့ယွင်းနေပါသလဲ။ အမှုတစ်မှုကို အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန်စစ်နိုင်ပါသလား။ မလိုသောမေးခွန်း၊ မထိရောက်သောမေးခွန်း၊ သက်သေခံမဝင်သော မေးခွန်း၊ သက်သေခံဥပဒေနှင့် မညီသော မေးခွန်းများကို တရားသူကြီးက အချိန်ကုန်ခံပြီး မေးခွင့်ပြုနေပါသလား။

တစ်ဖက်ဖောင်းနင်း (တရားလိုဘက်ကိုဖြစ်စေ၊ တရားခံဘက်ကိုဖြစ်စေ)အလေးပေးနေသောဖြစ်ရပ်မျိုး တရားသူကြီး ကိုယ်တိုင်က ခွင့်ပြုထားပါသလား။ ဤသို့သော မြင်ကွင်းမျိုးရှိနေကြောင်း အများပြည်သူက (တရားရုံးရှေ့ ပရိသတ်က) အထင်အမြင်သေးဖွယ်ရှိနေခြင်းမျိုး ပေါ်ပေါက်စေပါသလား။

ဤတရားသူကြီးက တိကျသည်၊ သေချာသည်၊ ဥပဒေနှင့်ညီသည်၊ ဥပဒေကျွမ်းကျင်သည်၊ ဘယ်ဘက်မှ ဘက်မလိုက်။ သက်သေများစစ်မေးရာတွင်လည်း မလို၊ မပို၊ အမှန်တရားကိုသာ ဦးတည်သည်၊ အချိန်ကိုလေးစားသည်။ ရပ်ဝေးသက်သေ(ဥပမာ၊ သင်္ဘော၊ မီးရထား၊ မော်တော်ကား) အချိန်နာရီသတိမူ၍ ဦးစားပေးစစ်ဆေးသည်။ အမှုခေါ်စာရင်းအတိုင်း မှန်ကန်စွာဆောင်ရွက်သည်။ တရားသူကြီး ပီသသည်။ အများလေးစားသည်။

### တရားသူကြီး အစည်းအဝေးရှိ၍

တရားသူကြီးမလာနိုင် အစည်းအဝေးရှိ၍ဟု ကြိုတင်အကြောင်းမကြားဘဲ ပျက်ကွက်ခြင်းမျိုး (မကြာခဏ)မဖြစ်စေရ။ ရုံးချိန်မှန်၊ နောက်မကျ၊ မိမိကြောင့် ဘယ်တော့မှသူတစ်ပါးအခက်အခဲမဖြစ်စေရဟု တရားစီရင်ရေး၏ စံပြဝန်ထမ်းဖြစ်စေရမည်ဟုခံယူသော တရားသူကြီးများကို ပြည်သူတို့ကြိုဆိုသည်။

### စေတနာ

အမှုစစ်ဆေးရာမှာ ဘာ့ကြောင့် ကြာသည်ကို အများသိကြပါသည်။ မကြာအောင် ဘာလုပ်ကြမည်လဲဟု တွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

---

## မြန်အောင်တွင် အနေ့းယာဉ်လုပ်သားများနှင့် စည်ပင်သာယာရေးအဖွဲ့သန့်ရှင်းရေးဝန်ထမ်းများအား ဆန်နှင့်စားသောက်ဖွယ်ရာများ လှူဒါန်း

**မြန်အောင် မေ ၁၃**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ကုသရေး ဆောင်ရွက်နေစဉ် ကာလအတွင်း မြို့ပေါ်ရှိ အခြေခံလူတန်းစားများဖြစ်သည့် အနေ့းယာဉ်လုပ်သားများနှင့် စည်ပင်သာယာရေးအဖွဲ့သန့်ရှင်းရေးဝန်ထမ်းများ စားသောက်ရေးအဆင်ပြေစေရန် မြန်အောင်မြို့လမ်းလျှောက်သကြံန်ကျင်းပရေးအဖွဲ့က ဆန်၊ ဆီ၊ ကြက်သွန် စသည့် စားသောက်ဖွယ်ရာများကို ယနေ့နံနက်ပိုင်းက မြန်အောင်နေခြည်ဈေးရှေ့၌ ပေးလှူခဲ့သည်။

လမ်းလျှောက်သကြံန်မကျင်းပဖြစ်၍ စတုဒိသာကျွေးမွေးလှူဒါန်းမှုအစား အခြေခံလူတန်းစားများဖြစ်သည့် အနေ့းယာဉ်လုပ်သားများနှင့် စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဝန်ထမ်းများအား သကြံန်ကာလ စားသောက်ရေးအဆင်ပြေစေရန်စုပေါင်း၍ လှူဒါန်းခြင်းဖြစ်ကြောင်း ဦးအောင်မျိုးညွန့်က ပြောသည်။

လှူဒါန်းမှုဆောင်ရွက်ရာတွင် အနေ့းယာဉ်လုပ်သားများကို ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် အနေ့းယာဉ်များ ပိုးသတ်ဆေးဖျန်းခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးတင်ဦး၊ ခေတ္တအမှုဆောင်အရာရှိနှင့် အဖွဲ့ဝန်ထမ်းများ၊ မြန်အောင်မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ညွန့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့သည်။

လှူဒါန်းရာတွင် အနေ့းယာဉ်လုပ်သား ၂၃၀ နှင့် စည်ပင်သန့်ရှင်းရေးဝန်ထမ်း ၂၂ ဦးတို့အား ဆင်းသုခဆန် သုံးပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲထောပတ်နို့ဆီဘူးလေးဘူး၊ ကြက်သွန်နီ ၅၀ကျပ်သား၊ ဆပ်ပြာမှုန့် တစ်ထုပ်စီ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄ သိန်းခန့် ပေးလှူခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ် - မြန်အောင်**



အနေ့းယာဉ်လုပ်သားများအား အလှူရှင်များက စားသောက်ကုန်များ လှူဒါန်းကြစဉ်။

---

## သမီးလှကျွန်း(ခ) လိပ်ကျွန်း၊ လိပ်စခန်းရှိ ဝန်ထမ်းများအား စားသောက်ကုန်များထောက်ပံ့

**ဟိုင်းကြီးကျွန်း မေ ၁၃**

ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အနီး ပင်လယ်ပြင်ရှိ ငါးလုပ်ငန်းဦးစီးဌာန၏ ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးစခန်းတည်ရှိရာ လိပ်ကျွန်း(ခ)သမီးလှကျွန်းတွင် ယနေ့ နံနက်ပိုင်းက ပင်လယ်လိပ်ထိန်းသိမ်းရေး တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား စခန်းတာဝန်ခံအရာရှိ ဦးဖုန်းမော်က မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ပျံ့နှံ့နေချိန်၌ စားသောက်ရေး အဆင်ပြေစေရန် အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် ပဲတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



လိပ်စခန်းရှိ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ လှူဒါန်းပေးစဉ်။

## ချင်းရွှေဟော်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင်အသုံးပြုရန် အထောက်အကူပြုပစ္စည်းများလှူဒါန်း

**ချင်းရွှေဟော် မေ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ပြည်သူ့ဆေးရုံတွင် ယမန်နေ့က ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသ ရေးတွင် အသုံးပြုနိုင်ရန်အတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်း နှာခေါင်းစည်းအခု ၅၀ ပါ ၁၄ ဘူး၊ ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၄၀၊ တစ်ခါသုံးလက်အိတ်ငါးဘူး၊ လက်သန့်ဆေးရည်ပုံးကြီးတစ်ပုံး၊ ကလိုရင်းအမှုန့်ပုံးကြီး တစ်ပုံး၊ အဖျားတိုင်း စက်ခုနစ်ခု၊ လည်ရှည်ဖိနပ် ၁၀ စုံ၊ မျက်မှန်အခု ၂၀တို့ကို လှူဒါန်း ပေးအပ်ရာ ချင်းရွှေဟော်မြို့ ပြည်သူ့ဆေးရုံ တာဝန်ခံဆရာဝန်ဒေါက်တာသီဟက လက်ခံယူခဲ့သည်။ **(ထက်ယာပုံ)**



လူမှုရေးဝန်ကြီးသည် ချင်းရွှေဟော်မြို့ မြို့တော်ခန်းမနှင့် မြို့ဂုဏ်ရောင် ဘုန်းကြီးကျောင်းများတွင် ဖွင့်လှစ်ထားသည့် ယာယီ အသွားအလာကန့်သတ်စောင့်ကြည့်ရေး စင်တာများ ဆောင်ရွက်ထားမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ချင်းရွှေဟော်မြို့၌ ယာယီကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းစင်တာသုံးနေရာရှိပြီး မြို့တော်ခန်းမတွင် ၁၄ ဦး၊ အထက ကျောင်းတွင် ၄၇ ဦးနှင့် မြို့ဂုဏ်ရောင်ဘုန်းတော် ကြီးကျောင်း တွင် ၄၂ ဦးတို့အား ကျန်းမာရေး စောင့်ကြပ်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## ကူးစက်ဆေးရုံ(ဝေဘာဂီ)တွင် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများဆောင်ရွက်

**မြောက်ဥက္ကလာပ မေ ၁၃**

ကိုဗစ်-၁၉ ကူးစက်ရောဂါပိုးတွေ့ရှိသူ၊ စောင့်ကြည့်ခံရသူ၊ သံသယဖြစ်ပွားသူလူနာများထားရှိသည့် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပ မြို့နယ် ဝေဘာဂီရပ်ကွက်၊ ကူးစက်ဆေးရုံ (ဝေဘာဂီ) ပြင်ပလူနာဌာနတွင် Sodium Hypochlorite ဆေးဖျန်းခြင်းလုပ်ငန်းများကို ယမန် နေ့က ဆောင်ရွက်ခဲ့သည်။



ဝေဘာဂီဆေးရုံအတွင်းခန်းများ၌ ပိုးသတ်ဆေးဖျန်းဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လွင် ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦး ပြည့်စုံနှင့် သန္တေတပ်ဖွဲ့ဝင် လေးဦး၊ (၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသူရထွန်းတို့က ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဝေဘာဂီဆေးရုံတွင် ယနေ့အထိ ကိုဗစ်-၁၉ ကူးစက်ရောဂါပိုးတွေ့ရှိသူ ၂၈ဦး၊ စောင့်ကြည့်လူနာ လေးဦး၊ သံသယလူနာရှစ်ဦးနှင့် မြောက်ဥက္ကလာပ ဆေးရုံကြီးတွင် စောင့်ကြည့်လူနာ လေးဦးရှိကြောင်း သိရသည်။ မြမြဝင်း(ပြန်/ဆက်)

## စေတုတ္တရာမြို့တွင် အောက်ဆီဂျင်ဘူးများ ဝယ်ယူနိုင်ရန် အလှူငွေများပေးအပ်

**စေတုတ္တရာ မေ ၁၃**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါကာကွယ်ကုသရေးအတွက် လိုအပ်ပါက အသုံးပြုနိုင်ရန် အောက်ဆီဂျင်ဘူးများ ဝယ်ယူရန်အတွက် အလှူငွေများကို ယမန်နေ့က စလင်းမြို့ရှိ အလှူရှင်နှစ်ဦးက ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် လိုအပ်သည့် အောက်ဆီဂျင်ဘူးများ ဝယ်ယူနိုင်ရေးအတွက် စလင်းမြို့နေ ဦးစိုးဝင်း-(ဒေါ်ရေး) ရတနာစိုး ရွှေဆိုင်မှ အောက်ဆီဂျင်ဘူး ကြီးသုံးဘူးအတွက် အလှူငွေကျပ်သုံးသိန်း ကိုးသောင်းကိုလည်းကောင်း၊ စလင်းမြို့နေ ဦးကျော်မင်းဆန်း-ဒေါ်ဥမ္မာလှိုင်(ဆွေသဟာလက်ဖက်နှင့် ပဲဖူးကြော်လုပ်ငန်း)မှ အောက်ဆီဂျင်ဘူးကြီးတစ်ဘူးအတွက် အလှူငွေကျပ်တစ်သိန်းသုံးသောင်းကိုလည်းကောင်း စေတုတ္တရာမြို့ အောက်ဆီဂျင်ကုသိုလ်အလှူရှင်များအသင်းသို့ လှူဒါန်းပေးအပ်ရာ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦး၊ စေတုတ္တရာမြို့ အောက်ဆီဂျင်ကုသိုလ်အလှူရှင်များအသင်း ဒုဥက္ကဋ္ဌ(၁) ဦးနိုင်လင်း၊ ဒုဥက္ကဋ္ဌ(၂) ဦးအေးချို့နှင့် အတွင်းရေးမှူး ဦးညီညီအောင်တို့က လက်ခံယူခဲ့ကြောင်း သိရသည်။

ခင်သန်းလှိုင်(ပြန်/ဆက်)

## ကာမိုင်းမြို့၌ အနယ်နယ်အရပ်ရပ်မှ ဝင်ရောက်ဖြတ်သန်းသွားလာသူများအား စစ်ဆေးနိုင်ရေး လုံခြုံရေးကင်းမရာများတပ်ဆင်ထား

**ကာမိုင်း မေ ၁၃**

ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ဖားကန့်မြို့နယ်သို့ အခြားအနယ်နယ်အရပ်ရပ်မှ ဝင်ရောက်ဖြတ်သန်းသွားလာသည့် ပြည်သူများအား အဝင်စစ်ဆေးဆောင်ရွက်ခြင်းနှင့် လုံခြုံရေးကင်းမရာများ တပ်ဆင်ထားရှိမှုကို ဖားကန့်မြို့နယ် ကာမိုင်းမြို့ လဝါးပူးပေါင်း စစ်ဆေးရေးဂိတ်၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

### စောင့်ကြပ်ကြည့်ရှု စစ်ဆေး

အဆိုပါလုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းအလုပ်သမားများသည် ဖားကန့်မြို့နယ်အတွင်းသို့ ပိုမိုဝင်ရောက်လာခြင်းကြောင့် ကိုဗစ်-၁၉ ကူးစက်မှုကို တားဆီးကာကွယ်၊ ထိန်းချုပ်ရာတွင် အခက်အခဲဖြစ်နိုင်သဖြင့် လက်ရှိကာလမှ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းပိတ်သိမ်းချိန်ကာလ (ဇွန်လကုန်အထိ) ဖားကန့်မြို့နယ်အတွင်းသို့ ဝင်ရောက်ဖြတ်သန်းသွားလာမှုမရှိစေရေး၊ ဒေသန္တရအမိန့်ထုတ်ပြန်တားမြစ်ရေးအတွက် ညွှန်ကြားမှုများ ပြုလုပ်ထားလျက်ရှိကာ အဆိုပါရောဂါကူးစက်မှုမှ တားဆီးကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ယင်းစစ်ဆေးရေး ဂိတ်တွင် တာဝန်ရှိဌာနဆိုင်ရာအဖွဲ့အစည်းများက ဝင်ရောက်လာမည့်ခရီးသွားပြည်သူများအား ဒေသခံမှတ်ပုံတင်(သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင် ဆောင်ထားမှုရှိ/မရှိ၊ ကုမ္ပဏီဝန်ထမ်း/ အလုပ်သမားဟုတ်/မဟုတ်၊ သက်ဆိုင်ရာရပ်/ ကျေးအုပ်စု၏ ထောက်ခံချက်များ ပါ/မပါစိစစ်ပြီးမှသာ ဝင်ရောက်သွားလာခွင့်ပြုမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးကင်မရာနှစ်ခုတပ်ဆင်ပြီး စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည်ဖြစ်သည်။

### စစ်ဆေးဆောင်ရွက်

ထို့နောက် စစ်ဆေးရေးအဖွဲ့များအနေဖြင့် မြို့ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက မေ ၁၃ ရက်မှ ၃၀ ရက်အထိ အဆိုပါလမ်းဆုံဂိတ်တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ နေ့စဉ်တာဝန်အလှည့်ကျ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဗွဲသူရအောင် (ပြန်/ဆက်)**

## အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လက်ဆေးကန်များ တပ်ဆင်ပေး

**အောင်လံ မေ ၁၃**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် UNICEF တို့ပူးပေါင်း၍ ကျေးလက်နေပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်စေရန်ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ ၌ အများပြည်သူနှင့် သက်ဆိုင်သည့် အများသုံးလက်ဆေးကန်များကို ကွင်းဆင်းတပ်ဆင်ပေးလျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးအောင်ကြီး ဦးဆောင်၍ ဌာနမှဝန်ထမ်းများကိုယ်တိုင် မြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ ၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်ဆောင်ရန်ရှောင်ရန် အချက်များပါရှိသော အသိပညာပေး ဗီနိုင်းပိုစတာ၊ လက်ဆေးကန်၊ ဆပ်ပြာ၊ လက်သန့်ဆေးရည်နှင့် ရေပုံး၊ ရေခွက်များကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အများသုံးလက်ဆေးကန်များကို လူစည်ကားသည့်နေရာများဖြစ်သော ဈေးများ၊ ကျန်းမာရေးဌာနများ၊ ရောဂါထိန်းချုပ်ရေးစခန်းများ၊ ဘာသာရေးဆိုင်ရာနေရာများတွင် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ ကျန်းမာရေးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပေါင်းစပ်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများကိုယ်တိုင်လိုက်လံ၍ တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက ပြောသည်။

ငြိမ်းသူ(စလင်း)



လက်ဆေးခြင်းအတွက် လိုအပ်သည့်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

## မွန်ပြည်နယ် ရပ်ကွက်/ ကျေးရွာ ၁၀၉ ရွာတို့တွင် လက်ဆေးကန် ၁၃၄ ခု ထားရှိဆောင်ရွက်ပေးမည်

**မော်လမြိုင် မေ ၁၃**

ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်နိုင်ရေးအတွက် မွန်ပြည်နယ်အတွင်း မြို့နယ်ကိုးမြို့နယ်ရှိ ရပ်ကွက်/ ကျေးရွာ ၁၀၉ ရွာတွင် လက်ဆေးကန် ၁၃၄ ခု ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ လက်ဆေးကန်များကို ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ လူစည်ကားရာနေရာများ၊ ကျန်းမာရေးဌာနများ၊ ကားဂိတ်များနှင့် ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်နေသည့် နေရာများတွင် မေ ၇ ရက်မှ စတင်ထားရှိပြီး လက်ဆေးကန်များထားရှိ ဆောင်ရွက်ရန်ကျန်ရှိနေသေးသည့် ကျေးရွာတို့ကို လည်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ်ကျေးရွာတစ်ရွာတွင် လက်ဆေးဘေစင်တပ်ဆင်ပြီးစဉ်။

## ခါမ်းပါတ်မြို့ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၉၆ သန်းကျော် အကုန်အကျခံဆောင်ရွက်

**ခါမ်းပါတ် မေ ၁၃**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသည့် ခါမ်းပါတ်မြို့ အမှတ်( ၁ )ရပ်ကွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလမှစတင် ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ရွှေစင်ငွေစင်သွန်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အလျားပေ ၅၅၀ ရှိ နံရံဆောင်ရွက်ခြင်းနှင့်အလျားပေ ၈၀၀ နှင့် အနံပေ ၇၀ ရှိ သောင်တူးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီကာလ ရေကြီးမှုဖြစ်စဉ်တွင် ကမ်းပြို ကာကွယ်မှုများဖြစ်ပေါ်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေဖြင့် အလျားပေ ၉၂၀ ရှိ သုံးတန်းသွားမျှောတိုင်တန်း ကျောက်စီရေကာတာကို ဆောင်ရွက် ပေးခဲ့သော်လည်း ပြန်လည်ပျက်စီးခဲ့ကြောင်း သိရသည်။



သားငယ်(ပထဝီဝင်)

## မြိုင်မြို့နယ် မြေရင့်ကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေး ဆောင်ရွက်နေ

**မြိုင် မေ ၁၃**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မြေရင့်ကျေးရွာ ဒေသခံပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မတ်လနောက်ဆုံးပတ်မှစ၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ယခုအခါ စက်ရေတွင်းတူးဖော်ခြင်း ပြီးစီးပြီဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနတာဝန်ရှိသူထံမှ သိရသည်။ **(အောက်ပုံ)**



မြိုင်မြို့နယ် မြေရင့်ကျေးရွာအုပ်စု မြေရင့်ကျေးရွာသည် အိမ်ခြေ ၂၉၇ အိမ်၊ လူဦးရေ ၁၅၁၁ ဦးရှိပြီး ယခင်က ကျေးရွာပိုင် စက်ရေတွင်းတစ်တွင်းရှိသော်လည်း အိမ်ခြေ၊ လူဦးရေအားလုံးအတွက် သောက်သုံးရေလုံလောက်မှု မရှိသောကြောင့် နွေရာသီကာလရောက်တိုင်း သောက်သုံးရေရှားပါးမှု အခက်အခဲများ နှစ်စဉ်ကြုံတွေ့ခဲ့ရကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

မြေရင့်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် ယခုဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၄၁၉ သန်းဖြင့် အကျယ် ၄ လက်မ၊ အနက်ပေ ၈၀၀ ရှိစက်ရေတွင်း တူးဖော်ခြင်း ဆောင်ရွက်ပေးနေကြောင်း၊ လက်ရှိတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီး တွင်းဆေးလေမှုတ်ခြင်း ဆောင်ရွက်ရာ ရေဂါလန် ၁၆၀၀ ထွက်ရှိကြောင်း၊ ကျန်ရှိသည့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို လည်း မကြာမီပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းထွန်းက ပြောသည်။

ကျော်ဦး

## ရေတာရှည်မြို့နယ်တွင် နွေစပါးရိတ်သိမ်းချိန် ရွှေ့ပြောင်း ဘဲမွေးမြူသူများရောက်ရှိလာ

**ရေတာရှည် မေ ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နွေစပါးများရိတ်သိမ်းလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုနယ်ဘက်မှ ရွှေ့ပြောင်း ဘဲမွေးမြူသူများ စတင်ရောက်ရှိလာပြီဖြစ်သည်ကို တွေ့ရသည်။ ဘဲမွေးမြူသူများအနေဖြင့် ရေအိုင်ရှိသည့်နေရာများတွင် ဘဲအုပ်များကို ထားရှိ၍ စပါးရိတ်သိမ်းပြီးသည့် လယ်ကွက်များ၌ လွှတ်ကျောင်းခြင်းဖြစ်သည်။ **(ယာပုံ)**



''ဘဲအကောင်ရေက ထောင်နဲ့ချီတော့ အစာဖိုးက အတော်ကုန်တယ်။ ရိတ်ပြီးတဲ့ လယ်တွေမှာက ရိတ်ခြွေစက်ကကျခဲ့တဲ့ စပါးစေ့တွေရှိတော့ ဘဲအစာအတွက် အဆင်ပြေပါတယ်'' ဟု ဘဲမွေးမြူသူတစ်ဦးက ပြောသည်။

ဘဲမွေးမြူသူများသည် မိုးစပါးစိုက်ပျိုးသည့်ကာလမရောက်မီ သယ်ယူရွှေ့ပြောင်းစရိတ်၊ ဘဲကျောင်းသူများအတွက် ကုန်ကျစရိတ်၊ စားစရိတ်များကာမိစေရန် ရရှိသည့် ဘဲဥများကို ဒေသတွင်းရှိ ကျေးရွာများသို့ လည်းကောင်း၊ မြို့ပေါ်ဈေးများတွင် ဖောက်သည်ဈေးဖြင့် ရောင်းချကြပြီး ကျေးရွာများကို လှည့်လည်ရောင်းချရာ၌ ဘဲဥရှစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချခြင်းဖြစ်သည်။

သန်းလွင်

## မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ကာကွယ်ရေးများဆောင်ရွက်

**တောင်ငူ မေ ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်း ကိုဗစ်- ၁၉ ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက တောင်ငူမြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မေ ၁၁ ရက်မှ ၁၃ ရက်အထိ ကန့်သတ်စောင့်ကြည့်နေရာများ၊ ကျေးလက်ဆေးပေးခန်းများ၊ ဆေးရုံများ၊ ဈေးများ၊ လူအများသွားလာသည့် ကားဂိတ်နေရာများ၊ ဘူတာရုံများ၊ မြို့အဝင်စစ်ဆေးရေးဂိတ်များတွင် ရေပိုက်များသွယ်တန်းပေးခြင်း၊ ရေပုံးများထားရှိပေးခြင်း၊ အများသုံး လက်ဆေးဘေစင်များ တပ်ဆင်ပေးခြင်း၊ ရေပုံးရေခွက်များ၊ လက်ဆေးဆပ်ပြာများ ထားရှိပေးခြင်း၊ အသိပညာပေး ဗီနိုင်းပိုစတာများတပ်ဆင်ပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များအတိုင်း ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းများအား လက်တွေ့ရှင်းလင်းပြသခြင်းများကို ရပ်ကွက် ၁၀ခုနှင့် ကျေးရွာပေါင်း ၄၀ တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

ခင်ကို(ကျောက်တံခါး)

## နှမ်းသီးနှံကို စိုက်ပျိုးရေးအလေ့အကျင့်ကောင်းစနစ်ဖြင့် ဧက ၂၀၀၀ စိုက်ပျိုးရန် နှမ်းမျိုးများ စုဆောင်း

**ဂန့်ဂေါ မေ ၁၃**

ဂန့်ဂေါမြို့နယ်အတွင်း ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် အရည်အသွေးကောင်း နှမ်းနက်သီးနှံများကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

''ဂန့်ဂေါမြို့နယ်မှာ ၂၀၁၈ ခုနှစ် မိုးရာသီက အရည်အသွေးကောင်း နှမ်းနက်သီးနှံ ဧက ၄၀၀ ကျော်၊ ၂၀၁၉ ခုနှစ်မှာ ဧက ၁၇၀၀ ကျော်ကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ်နဲ့အညီ စိုက်ပျိုးခဲ့ပြီး ဒီနှစ်မှာတော့ ဧက ၂၀၀၀ လောက်ကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်'' ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးထင်အောင်ကြွယ်က ပြောသည်။

ယခုအခါ တောင်သူများလိုအပ်မည့် နှမ်းနက်မျိုးများ ရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိရာ မကွေးမြို့မှ ရောက်ရှိလာသော စမုန်နက်နှမ်းမျိုးအချို့ကို တောင်သူများထံ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်းနှင့် လိုအပ်သည့်နှမ်းမျိုးများကို ဆက်လက်စုဆောင်းလျက်ရှိကြောင်း သိရသည်။

၁၄၄



## ဟင်းသီးဟင်းရွက်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရန် မျိုးစေ့များ အခမဲ့ဖြန့်

**အင်တော မေ ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း အင်တောမြို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေးအတွက် အထောက်အကူဖြစ်စေရန် ဒေသခံပြည်သူများ မိမိနေအိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်များ တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့နှင့်ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

မိမိ မိသားစု ပတ်ဝန်းကျင်ကို ကာကွယ်ရန်အတွက် အချိန်ကာလတိုတိုနှင့် ခူးဆွတ်စားသုံးနိုင်သည့် ဟင်းသီးဟင်းရွက် မျိုးကောင်းမျိုးသန့် စားသုံးသီးနှံပင်များ မိမိတို့အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားခြင်းဖြင့် လူအသွားအလာများသည့်ဈေးသို့ သွားရောက်ဝယ်ယူခြင်းကို လျှော့ချနိုင်ရန်အတွက် မုန်လာထုပ်၊ ကြက်ဟင်းခါးသီး၊ မုန်လာဥနီ၊ ကိုက်လန်၊ မုန်ညင်းစသည့်မျိုးစေ့များကို အင်တောမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ပူတာအိုမြို့ မြို့မဈေး(မနက်ဈေး)၌ ကိုဗစ်-၁၉ ကာကွယ်ရေး နှိုးဆော်

**ပူတာအို မေ ၁၃**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးနှင့်ကာကွယ်ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင်ပြည်သူများသိရှိလိုက်နာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများကို အဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပူတာအိုမြို့ မြို့မဈေး(မနက်ဈေး)၌ အသိပညာပေးနှိုးဆော်သည်။

ကိုဗစ်-၁၉ ကို မိမိက စ၍ကာကွယ်ပါ ၊ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ကာကွယ်ရမည့်နည်းလမ်းများ၊ ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရေး၊ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာနေထိုင်ရေး၊ နှာခေါင်းစည်းများတပ်ဆင်ရေး၊ လက်ကိုမကြာခဏ စနစ်တကျဆေးကြောရန်၊ ပြည်ပမှပြန်လည်ရောက်ရှိလာသူများ ရှိပါက ကျန်းမာရေးဌာနသို့ သတင်းပို့ပြီး ကျန်းမာရေးစစ်ဆေးမှုများ ခံယူရန်စသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာသိကောင်းစရာများကို အသံချဲ့စက်ဖြင့် ပြည်သူများ သိရှိလိုက်နာစေရန် အသိပညာပေးနှိုးဆော်ခဲ့ကြခြင်းဖြစ်သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိမ်းလေးနှင့် မြို့နယ်ကျန်းမာရေးမှူး ဦးကျော်မြင့်အောင်တို့ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မနက်ဈေးတွင် ဈေးရောင်းဈေးဝယ်နှင့် လမ်းသွားလမ်းလာပြည်သူများအား အသိပညာပေးနှိုးဆော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

စေတီပုထိုးများနှင့် မတူးဖော်ရသေးသောကုန်းများ အပါအဝင် ရှေးဟောင်းအဆောက်အအုံ ၃၈၈၂ ခု ကျန်ရှိနေသည့် ကမ္ဘာ့အမွေအနှစ် ပုဂံယဉ်ကျေးမှုနယ်မြေတွင် ပုဂံခေတ်ဗိသုကာလက်ရာများ၊ အင်္ဂတေပန်းများ၊ နံရံဆေးပန်းချီများနှင့်အတူ စဥ့်လက်ရာများကိုလည်း တွေ့ရှိနိုင်ကြသည်။ ပုဂံခေတ်အတွင်းက စေတီများကို စဥ့်ဖြင့် တန်ဆာဆင်ရာတွင် မြေမီးဖုတ်အုတ်ခွက်များ သို့မဟုတ် စဥ့်ရည်သုတ်ထားသည့် သဲကျောက်များကို အသုံးပြုခဲ့ကြသည်။

ထို့ကြောင့် ပုဂံယဉ်ကျေးမှုနယ်မြေတွင် စဥ့်သုတ် မြေမီးဖုတ်လက်ရာများရှိသည့် စေတီ ၂၆ ဆူနှင့် စဥ့်သုတ်သဲကျောက်လက်ရာများရှိသည့် စေတီငါးဆူကို မြင်တွေ့နိုင်ကြသည်။

### စဥ့်သုတ်ပညာ

လူသားများ၏ ယဉ်ကျေးမှုထွန်းကားခဲ့မှု ဖြစ်စဉ်တွင် မြေမီးဖုတ်အိုးများသည် အရေးကြီးသောကဏ္ဍတစ်ရပ်ဖြစ်ခဲ့ကာ မြေအိုးသည် လူသားများ၏ အစောဆုံး အသုံးအဆောင်ပစ္စည်း ဖြစ်ခဲ့သည်။ ရှေးဦးလူသားများသည် မီးကို စတင်တွေ့ရှိခဲ့ကြပြီးနောက် ရာသီဥတုဒဏ်နှင့် သားရဲတိရစ္ဆာန်များ၏အန္တရာယ်မှ ကာကွယ်ရန် မီးကို အမြဲတမ်းဖိုထားခဲ့ကြသည်။ မီးဖိုထားသည့်နေရာ၏ အောက်ခံ မြေကြီးသည် မာကျောတောင့်တင်းလာသည်ကို သိရှိခဲ့သည့် လူသားများသည် ရွှံ့ကို လိုရာပုံသွင်းကာ မီးဖုတ်ခြင်းဖြင့် အိုးသမိုင်းကို အစပြုခဲ့ကြသည်။ ယဉ်ကျေးမှု တိုးတက်လာချိန်တွင် မြေထည်အသုံးအဆောင်ပစ္စည်းများကို ပြုလုပ်လာနိုင်ခဲ့ကြပြီး နောက်ပိုင်းတွင် မြေထည်များ လုပခိုင်မာစေရန် စဥ့်ရည်သုတ်လိမ်းသည့် နည်းပညာများကိုလည်း တတ်မြောက်ခဲ့ကြသည်။

စဥ့်ထည်များကို အေဒီ ၈ ရာစုတွင် မြန်မာနိုင်ငံ၌ စတင်သုံးစွဲခဲ့ပြီး ပုဂံခေတ်တွင် အသုံးပြုမှု တွင်ကျယ်ခဲ့သည်။ စဥ့်ကို အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ရာတွင်သာမက စေတီ ပုထိုးစသည့် သာသနိကအဆောက်အအုံများကို အလှဆင်ရာ၌ပါ အသုံးပြုခဲ့ကြသည်။ ပုဂံခေတ်အတွင်း ၁၁ ရာစုမှ ၁၃ ရာစုကြား၌ စဥ့်ရည်ကို သဲကျောက်ပေါ်တွင်သုတ်လိမ်း၍ မီးဖုတ်သည့် အတတ်ပညာ ထွန်းကားခဲ့ကာ ဇာတ်ကွက်များ ပုံဖော်၍လည်းကောင်း၊ ရောင်စုံအကွက်များဖော်၍လည်းကောင်း စေတီပုထိုးများ၏ နံရံတွင် ကပ်ခဲ့ကြရာ စဥ့်ကွင်းဟု ထင်ရှားခဲ့သည်။

အများအားဖြင့် စဥ့်ကွင်းများတွင် ဗုဒ္ဓဘုရားရှင်၏ ၅၅၀ ဖြစ်တော်စဉ် ဇာတ်ကွက်များကို သရုပ်ဖော်လေ့ရှိပြီး အချို့ စဥ့်ကွင်းများ၏ အောက်ဘက်တွင် ဇာတ်တော်အမည်ကို ရေးထိုးခဲ့ကြသည်။ ပုဂံဒေသမှ စဥ့်ကွင်းများသည် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်ကြသကဲ့သို့ ယင်းတို့ကို ပြုလုပ်ခဲ့သည့် ပညာရပ်သည်လည်း ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကျန်ရှိခဲ့ပေသည်။

### ပုဂံနှင့် စဥ့်

မြန်မာနိုင်ငံသမိုင်းတွင် ပထမဆုံး ဧကရာဇ်နိုင်ငံတော်ဖြစ်ခဲ့သည့် ပုဂံသည် မြန်မာတို့၏ အမျိုးသားရေးလက္ခဏာတစ်ရပ်အဖြစ်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များစုဝေးနေသည့် နေရာတစ်ခုအဖြစ်လည်းကောင်း ကမ္ဘာ့အလယ်တွင် ထင်ရှားလှကာ ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို)က ၂၀၁၉ ခုနှစ်တွင် ပုဂံယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့ အမွေအနှစ်(World Heritage)အဖြစ် သတ်မှတ်ခဲ့သည်။

ပုဂံမြို့သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ထဲတွင် ပါရှိကာ ညောင်ဦးမြို့မှ လေးမိုင်အကွာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း၌ တည်ရှိနေသည်။ ပုဂံဒေသ၏ အကျယ်အဝန်းသည် အလျား ၁၃ ကီလိုမီတာနှင့် အနံ ခြောက်ကီလိုမီတာ ရှည်လျားသည်။ ရန်ကုန်မြို့မှ ကားလမ်းဖြင့် ၆၁၂ ကီလိုမီတာဝေးသည့် ပုဂံသို့ ဧရာဝတီမြစ်အတိုင်း ရေလမ်းကြောင်းဖြင့်လာလျှင် ၄၆၈ မိုင် ကွာဝေးသည်။

# ပုဂံ စဥ့်စေတီများ

## မောင်သာ(ရှေးဟောင်းသုတေသန)

ရှေးဟောင်းပုဂံပြည်တွင် ပျဉ်ပြားမင်း(ခရစ်နှစ် ၈၄၆-၈၇၆)မှ စောမွန်နစ်(ခရစ်နှစ် ၁၃၂၅-၁၃၆၈) အထိ ဘုရင်များ စိုးစံခဲ့သည်ဟု ဆိုကြသော်လည်း အနော်ရထာမတိုင်မီအစောပိုင်း ပုဂံမင်းများနှင့်ပတ်သက်၍ တိကျ ခိုင်မာသောသမိုင်းအထောက်အထားများကို မတွေ့ရှိရသေးကြောင်း ပညာရှင်များက မိန့်ဆိုခဲ့သည်။ ပုဂံသည် အနော်ရထာမင်း(ခရစ်နှစ် ၁၀၄၄-၁၀၇၇) လက်ထက်တွင် စည်းလုံးသောပထမမြန်မာနိုင်ငံတော် ဖြစ်လာခဲ့သည်။

အနော်ရထာမင်း နောက်ပိုင်းတွင် ကျန်စစ်သားနှင့် အလောင်းစည်သူမင်းတို့ လက်ထက်၌ ပုဂံအင်ပါယာသည် အင်အားခိုင်မာ တောင့်တင်းခဲ့သော်လည်း အလောင်းစည်သူနောက်ပိုင်း ဘုရင်များလက်ထက်တွင် တစ်စတစ်စ အင်အားလျော့ဆင်းလာခဲ့ကာ ပျက်သုဉ်းခဲ့သည်။

ပုဂံသည် ခရစ်နှစ် ၁၀ ရာစုတွင် အထူး စည်ပင်ထွန်းကားခဲ့ရာ ထိုကာလသည် ပုဂံတစ်ဝိုက်၌ ဗုဒ္ဓသာသနာ ထွန်းကားခဲ့ချိန်ဖြစ်သဖြင့် ဘုရင်များနှင့် ပြည်သူများသည် စေတီ၊ ပုထိုး၊ ဥမင်တိုက်ကျောင်းများကို တည်ထားခဲ့ကြသည်။ ပုဂံသည် သရေခေတ္တရာ တိမ်ကောပြီးနောက်ပိုင်းတွင် ထွန်းကားလာခဲ့သဖြင့် သရေခေတ္တရာ၌ ရှိခဲ့သော ဗုဒ္ဓဘာသာသည် ပုဂံတွင် ဆက်လက်တည်ရှိခဲ့ပြီး သုဝဏ္ဏဘူမိမှ ရောက်ရှိလာသည့် ဗုဒ္ဓဘာသာက ပုဂံတွင်ရှိနှင့်နေသည့် ဗုဒ္ဓဘာသာကို အားဖြည့်ပေးသကဲ့သို့ ဖြစ်ခဲ့ကြောင်း ဆရာဦးဗိုကေက သုံးသပ်ခဲ့သည်။ သရေခေတ္တရာတွင် ယနေ့တိုင် တည်ရှိနေသည့် ဘောဘောကြီး၊ ဘုရားကြီးစသည့် စေတီလုံးများနှင့် ပုံစံတူ တည်ဆောက်ထားသည့် ငကျွဲနားတောင်းစေတီ အပါအဝင် ပျူဟန်စေတီများကို ပုဂံဒေသတွင် ယနေ့တိုင် မြင်တွေ့ကြရပေသည်။

ထိုအချိန်တွင် အိန္ဒိယနိုင်ငံမှ ရုပ်တုထုလုပ်ခြင်း၊ ဆေးပန်းချီရေးဆွဲခြင်း၊ အဆောက်အအုံတည်ဆောက်ခြင်း အတတ်ပညာများ အပါအဝင် အနုပညာများသည် ပုဂံသို့ ရောက်ရှိလာခဲ့ဟန်ရှိကာ ပုဂံလက်ရာ ပုဂံအနုပညာတစ်ရပ် ပေါ်ထွန်းခဲ့သည်။

ယဉ်ကျေးမှုအဆင့်တိုးတက်မှု အခြေခိုင်နေပြီဖြစ်သည့် ပုဂံခေတ်၌ မြန်မာ့စဥ့်လုပ်ငန်းသည် များစွာ ကျယ်ပြန့်နေခဲ့ပြီ ဖြစ်သည်။ ပုဂံခေတ်နောက်ပိုင်းတွင် ပေါ်ထွန်းခဲ့သည့် ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်တို့တွင် စဥ့်လုပ်ငန်းသည် ဆက်လက်တိုးတက် ထွန်းကားခဲ့ပြီး ရခိုင်ဒေသအချို့၌ပါ စဥ့်ထည်များကို အသုံးပြုခဲ့သည့် အထောက်အထားများကို တွေ့ရှိရပေသည်။

အနော်ရထာမင်း နန်းတက်ပြီး နောက်ပိုင်းတွင် ပုဂံဝန်းကျင်၌ တည်ထားခဲ့သည့် စေတီပုထိုးများ၌ စဥ့်ချပ်၊ စဥ့်ပန်း၊ စဥ့်ဇာတ်ကွက်နှင့် စဥ့်အုတ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြသည်။ ထို့ကြောင့် အေဒီ ၁၁ ရာစုမှစ၍ ပုဂံစေတီပုထိုးများတွင် စဥ့်လက်ရာများ အသုံးပြုခဲ့သည့် အထောက်အထားများကို တွေ့မြင်ကြရသည်။

စဥ့်ဟူသည့် ဝေါဟာရကို ပုဂံခေတ်တွင် စင်ဟု ခေါ်ဆိုခဲ့သည့် အထောက်အထားကို အလိုတော်ပြည့်ဘုရား၏ အာရုံခံဆောင်နှင့် တိုက်မ ဆက်ထားသည့် နံရံထောင့်တွင် ရေးထားသည့် သက္ကရာဇ် ၅၅၆ ခုနှစ်ပါ မင်စာ ၁၅ ကြောင်းအနက် ဆဋ္ဌမမြောက် စာကြောင်းတွင် "ထိုနှစ် သက်သေမူခဲ့သော စင်ပုထိုး"ဟု တွေ့ရှိနိုင်ပေသည်။

### စဥ့်စေတီနှင့် စဥ့်ဘုရားများ

ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း စဥ့်သုတ် မြေမီးဖုတ်လက်ရာများကို အာနန္ဒာဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ မင်္ဂလာစေတီ၊ ဓမ္မရာဇကဘုရား၊ ရွှေဆံတော်စေတီ၊ ဆင်များရှင်ဘုရား၊ ရတနာမာန်အောင်ဘုရား၊ ဂရို့ချိုးဘုရား၊ တောင်တစ်ဝက်ဂူဘုရား၊ ဖားစေတီ၊ သရက်ကျင်းဘုရား(ပုဂံပြတိုက်ရှေ့)၊ ငကျွဲနားတောင်း၊ စဥ့်စေတီ(အလိုတော်ပြည့်ဘုရား နောက်ဘက်)၊ စူဠာမဏိဘုရား၊ နဂါးရုံဘုရား၊ ရွှေဂူကြီးဘုရား၊ စဥ့်ကွက်စေတီ(အလိုတော်ပြည့်ဘုရားတောင်ဘက်)၊ အတွင်းစေတီ(လောကဥသျှောင်ဘုရားအနီး)၊ ရတနာဃရကျောင်းတိုက်တံကဲ(မဟာဗောဓိဘုရား မြောက်ဘက်)၊ မှန်ဘုရား(ကုသိနာရုံဘုရားအနီး)၊ မှန်ဘုရား(ဓမ္မရာဇကဘုရား အရှေ့မြောက်)၊ စိုးမင်းကြီးစေတီ၊ ဗူးလယ်သီးဘုရားအနီး ဂူဘုရား(အလိုတော်ပြည့်ဘုရား အနောက်တောင်ဘက်)နှင့် ကုသိနာရုံ



မင်္ဂလာစေတီမှ စဥ့်ကွင်းတစ်ခု



ပုဂံ စဥ့်စေတီ ငကျွဲနားတောင်း

ဘုရားအနီး မှန်ဘုရား အနောက်တောင်ဘက်ရှိ အဆောက်အအုံတို့တွင် တွေ့ရှိရကြောင်း ဆရာ မင်းဘူးအောင်ကြိုင်က စုစည်းတင်ပြခဲ့သည်။

ထို့အတူ ပုဂံယဉ်ကျေးမှုနယ်မြေ၌ စဥ့်သုတ် သဲကျောက်လက်ရာများကို ရွှေစည်းခုံစေတီ၊ ထီးလိုမင်းလိုဘုရား၊ တရုတ်ပြေးဘုရား၊ ဗူးလယ်သီးဘုရားအနီးမှ ဂူဘုရားနှင့် ကျန်စစ်သားနန်းတော်ရာနေရာမှ တူးဖော်တွေ့ရှိခဲ့သည့် စဥ့်သုတ် ကျောက်ပြားအခင်းများတွင် တွေ့ရှိရပေသည်။

ပုဂံခေတ်က စေတီတော်များ၏ ပစ္စယာအဆင့်ဆင့်ရှိ စိန်တန်းများ၌ စဥ့်သုတ် သဲကျောက်ပြားများဖြင့် နေရောင်ခြည်အောက်တွင် တောက်ပနေစေရန် အလှဆင်ခဲ့ကြသည်။ အစိမ်းရောင် စဥ့်ကွက်များပေါ်တွင် လေးထောင့် သို့မဟုတ် သုံးထောင့် အဝါရောင်အကွက်များဖြင့် ထပ်ဆင့် ခြယ်လှယ်ခဲ့ကြသည်။ ယင်းတို့အနက် ၅၅၀ ဇာတ်တော်လာ ဇာတ်ကွက်များဖြင့် အလှဆင်ထားသည့် စဥ့်လက်ရာများကို ရွှေစည်းခုံ၊ အာနန္ဒာ၊ ဓမ္မရာဇက၊ ရွှေဆံတော်နှင့် မင်္ဂလာစေတီတို့တွင် မြင်တွေ့နိုင်ကြသည်။

### ပုဂံဘုရားများမှ စဥ့်ကွင်းများ

အာနန္ဒာဘုရားသည် ပုဂံမြို့အဝင် သရပါတံခါး၏ အရှေ့တောင်ဘက်တွင် တည်ရှိကာ အာနန္ဒာဘုရားကို တည်ခဲ့သည့် ခုနှစ်သက္ကရာဇ် ထိုးထားသော ကျောက်စာကို မတွေ့ရှိရသေးသော်လည်း ကျန်စစ်သားမင်း(ခရစ်နှစ် ၁၀၈၄-၁၁၁၃)က ခရစ်နှစ် ၁၀၉၀ တွင် တည်ခဲ့သည်ဟု လက်ခံထားကြသည်။ စေတီတော်၏ မုခ်လေးဘက်ရှိ အဆောင်များကို အမိုးဆင့်များ ပြုလုပ်ထားပြီး စေတီ၏ လိုဏ်အတွင်း အပြင်၌ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်တုများ၊ ဇာတ်နိပါတ်ရုပ်ချပ်များကို နေရာအပြည့် တန်ဆာဆင်ထားသည်။ စေတီတော်လိုဏ်အတွင်း အလယ်ဗဟို၌ ပတ်လမ်းနှစ်ထပ်ရံထားသော လေးထောင့်မဏ္ဍိုင်၏ မျက်နှာလေးဘက်တွင် ရပ်တော်မူ ဗုဒ္ဓဆင်းတုတော်ကြီး လေးဆူကို ထားရှိသည်။

အာနန္ဒာ ဂူဘုရားကြီးကို မြန်မာမှုဗိသုကာ ပန်းရံ၊ ကျောက်ဆစ် ပန်းတမော့၊ အင်္ဂတေ ပန်းတော့၊ သစ်သား ပန်းပုနှင့် ကြေးသွန်း ပန်းတဉ်းလက်ရာများဖြင့် တန်ဆာဆင်ထားကာ ဘုရားကြီး အောက်ခြေပတ်လည်နှင့် အမိုးပေါ်တွင် ရောင်စုံစဥ့်ကွင်းများကို တွေ့ရှိနိုင်သည်။ သက်တမ်းနှစ်ပေါင်း ၉၂၀ ကျော်ခဲ့ပြီဖြစ်သည့် အာနန္ဒာသည် ပုဂံရှေးဟောင်းဘုရားများအနက် အလှပဆုံးနှင့် အနုလက်ရာအကောင်းဆုံးဖြစ်သဖြင့် "အနုမှာ အာနန္ဒာ"ဟု ထင်ရှားခဲ့ပေသည်။

ပုဂံဒေသရှိ စေတီပုထိုးများတွင် ယနေ့တိုင် ကျန်ရှိနေသည့် စဥ့်ကွင်းများအနက် အာနန္ဒာဘုရားမှ စဥ့်ကွင်းများသည် လက်ရာအကောင်းဆုံးဖြစ်သည်။ ယင်းတို့ကို ပြုလုပ်စဉ်က မီးမဖုတ်မီ၊ စဥ့်ကွင်းစိုနေစဉ် ဇာတ်ကွက်ပုံများကို ပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ပညာရှင်များက ယူဆကြသည်။ ထို့အပြင် အာနန္ဒာဘုရားပေါ်သို့ တက်ရန် လှေကားမပြုလုပ်ခဲ့သဖြင့် လူအများ၏ ကိုင်တွယ်ထိတွေ့မှုများမှ ကင်းလွတ်ခဲ့သလို ဘုရားကြီးကို ခေတ်အဆက်ဆက် စောင့်ရှောက်ခဲ့သူများက ကောင်းစွာ ထိန်းသိမ်းခဲ့သဖြင့် စဉ်ကွင်းချပ် အများစုကို ယခုတိုင် အကောင်းအတိုင်း မြင်တွေ့ကြရပေသည်။ အာနန္ဒာဂူဘုရား၏ အောက်ခြေပတ်လည်တွင် ၅၅၀ ဇာတ်တော်လာ ဇာတ်ကွက်များ ပါရှိသည့် စဥ့်ကွက်များနှင့်အတူ ပုံများမဖော်ထားသည့် အစိမ်းရောင် ပြောင်စဥ့်ကွက်များကိုလည်း မြင်တွေ့နိုင်ကြပေသည်။ (စာမျက်နှာ ၂၈ သို့)

**ပုဂံဒေသရှိ စေတီပုထိုးများတွင် ယနေ့တိုင်ကျန်ရှိနေသည့် စဥ့်ကွင်းများအနက် အာနန္ဒာဘုရားမှ စဥ့်ကွင်းများသည် လက်ရာအကောင်းဆုံးဖြစ်သည်။ ယင်းတို့ကို ပြုလုပ်စဉ်က မီးမဖုတ်မီ၊ စဥ့်ကွင်းစိုနေစဉ် ဇာတ်ကွက်ပုံများကို ပြုလုပ်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ပညာရှင်များက ယူဆကြသည်။ ထို့အပြင် အာနန္ဒာဘုရားပေါ်သို့တက်ရန် လှေကား မပြုလုပ်ခဲ့သဖြင့် လူအများ၏ ကိုင်တွယ်ထိတွေ့မှုများမှ ကင်းလွတ်ခဲ့သလို ဘုရားကြီးကို ခေတ်အဆက်ဆက် စောင့်ရှောက်ခဲ့သူများက ကောင်းစွာ ထိန်းသိမ်းခဲ့သဖြင့် စဉ်ကွင်းချပ်အများစုကို ယခုတိုင် အကောင်းအတိုင်း မြင်တွေ့ကြရပေသည်။ အာနန္ဒာဂူဘုရား၏ အောက်ခြေပတ်လည်တွင် ၅၅၀ ဇာတ်တော်လာ ဇာတ်ကွက်များ ပါရှိသည့် စဥ့်ကွက်များနှင့်အတူ ပုံများမဖော်ထားသည့် အစိမ်းရောင် ပြောင်စဥ့်ကွက်များကိုလည်း မြင်တွေ့နိုင်ကြပေသည်**

## မင်းလှမြို့၌ ကိုဗစ်- ၁၉ ကာကွယ်ရေးအတွက် အရေးကြီးကိစ္စမှလွဲ၍ အိမ်ပြင်မထွက်ရန် အသိပေးနှိုးဆော်

**မင်းလှ ဧပြီ ၁၃**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် ပြည်သူများအနေဖြင့် သင်္ကြန်ကာလအတွင်း အရေးကြီးကိစ္စမှလွဲ၍ အပြင်မထွက်ဘဲ အိမ်ထဲတွင်သာ နေထိုင်ကြရန်နှင့် ဆောင်ရန်/ရှောင်ရန် အချက်များကို မြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးကော်မတီက ဧပြီ ၁၃ ရက်က ရပ်ကွက်များအတွင်း လှည့်လည်၍ အသိပေးနှိုးဆော်ခဲ့သည်။

"ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းစဉ်ဟာ နိုင်ငံသားတိုင်းရဲ့ သေရေးရှင်ရေးတာဝန်ဖြစ်ပါတယ်၊ ဒီရောဂါနဲ့ပတ်သက်ပြီး သေဆုံးသူများရှိခဲ့သလို ပြန်ကောင်းပြီး အသက်ရှင်သူများလည်းရှိပါတယ်၊ အဓိကကတော့ လူတစ်ဦးချင်းစီရဲ့ ကျန်းမာရေးအသိ ဖြစ်ပါတယ်၊ ပြည်သူတွေထဲမှာပဲ ကူးစက်နိုင်တာဖြစ်တဲ့အတွက် ပြည်သူတစ်ဦးချင်းစီမှာ တာဝန်ရှိပါတယ်၊ ဒါကြောင့် ရောဂါကာကွယ်ရေးအတွက် လူစုလူဝေးမဖြစ်ရေး၊ မိမိအိမ်မှာပဲနေပါ၊ မလွဲမရှောင်သာလို့ သွားရမယ်ဆိုရင် နှာခေါင်းစည်းတပ်ပါ၊ လက်အိတ်သုံးပါ၊ အကွာအဝေးကို သတိပြုနေထိုင်ပါ စတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို လိုက်နာနေထိုင်ပေးခြင်းအားဖြင့် အကောင်းဆုံး ကာကွယ်နိုင်မယ်ဆိုတာ ပြည်သူတွေသိစေဖို့ အခုလို နှိုးဆော်ပေးရတာပါ"ဟု မင်းလှမြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးကော်မတီ အတွင်းရေးမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်းက ပြောကြားသည်။

**ပေါက်စ(မင်းလှ)**




ရပ်ကွက်များသို့လှည့်လည်၍ အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်နေသော မီးသတ်တပ်ဖွဲ့ဝင်များ

## ပြည်သူမှ ပြည်သူထံသို့ လှူဒါန်းမှုအဖြစ် အခြေခံစားသောက်ကုန်များ လှူဒါန်း

**ပင်လောင်း ဧပြီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့ မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် သင်္ကြန်ပိတ်ရက်ကာလအတွင်း စားသောက်ရေး အဆင်ပြေစေရန် ပြည်သူမှ ပြည်သူထံသို့ လှူဒါန်းမှုအဖြစ် အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းသည့် အစီအစဉ်ကို ရုံးဝင်းရပ်ကွက်၌ ဧပြီ ၁၂ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ပြည်သူမှ ပြည်သူထံသို့လှူဒါန်းမှုတွင် ရုံးဝင်းရပ်ကွက်နေ ကိုဦး-မနန္ဒာ(ONE STAR ရောင်းဝယ်ရေး)က ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၅၁ စုအတွက် တစ်အိမ်ထောင်လျှင် ဆန် နှစ်ပြည်၊ ဆီ ၂၅ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သား၊ ဆား ၂၅ ကျပ်သား၊ ကြက်သွန်နီ တစ်ပိဿာ၊ အသားတုတစ်ထုပ်နှင့် ဟင်းခတ်မှုန့် တစ်ထုပ်စီကို လှူဒါန်းခဲ့ပြီး ယခုကဲ့သို့ လှူဒါန်းပေးခြင်းကြောင့် ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားများ၏ စားဝတ်နေရေးအတွက် အထောက်အကူဖြစ်စေကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အလှူရှင်မိသားစုအနေဖြင့် ဘန့်ဖယ်ရပ်ကွက်နှင့် ကန်သာဦးရပ်ကွက်တို့ အတွင်းရှိ အိမ်ထောင်စု ၅၀ စီအတွက်လည်း အဆိုပါ အခြေခံစားသောက်ကုန်များကို သွားရောက်လှူဒါန်းခဲ့သလို ဘန့်ဖယ်ရပ်ကွက်တွင် အခြားအလှူရှင်တစ်ဦးကလည်း အိမ်ထောင်စုတစ်စုလျှင် ဆန် တစ်ပြည်နှုန်းဖြင့် အိမ်ထောင်စု ၅၀ အတွက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကသာခရိုင် ပြည်သူ့ဆေးရုံကြီးသို့ နယ်မြေခံတပ်ရင်းမှ အသက်ရှူအထောက်အကူပြုကိရိယာတစ်လုံး လှူဒါန်း

**ကသာ ဧပြီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ကုသရေးတွင် အသုံးပြုရန်အတွက် ကျပ် ၁၂၅ သိန်းခန့် တန်ဖိုးရှိသည့် အသက်ရှူအထောက်ကူပြုတစ်လုံးကို ကသာမြို့နယ်မြေခံ တပ်ရင်းက ကသာခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ဧပြီ ၁၃ ရက်က လှူဒါန်းခဲ့သည်။

အသက်ရှူအထောက်အကူပြုကိရိယာကို ကသာမြို့ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးနိုင်ဝင်း၊ ဆေးမှူး ဗိုလ်ကြီးရဲသက်ပိုင်နှင့် တပ်ဖွဲ့ဝင်များက ဆေးရုံကြီးသို့ လာရောက်လှူဒါန်းခဲ့ကြပြီး ဆေးရုံအုပ် ဒေါက်တာသွယ်သွယ်ထွန်းနှင့် တာဝန်ကျဆရာဝန်များက လက်ခံရယူခဲ့သည်။ အဆိုပါ အသက်ရှူအထောက်အကူပြု ကိရိယာသည် အရေးပေါ်လူနာများအတွက် ရွှေ့လျားအသုံးပြုနိုင်ပြီး အရေးပေါ် လူနာတင်ယာဉ် ပေါ်တွင်လည်း တင်ဆောင်အသုံးပြုနိုင်၍ လက်တွေ့ကုသရေး ဆောင်ရွက်ရာတွင် များစွာအသုံးဝင်သော အသက်ရှူအထောက်အကူပြုကိရိယာဖြစ်ကြောင်း သိရသည်။



လက်ရှိအချိန်တွင် ကသာမြို့နယ်မှ ကိုဗစ်-၁၉ ရောဂါသံသယရှိသူ ခြောက်ဦးအား ဓာတ်ခွဲစမ်းသပ်မှု ပြုလုပ်ပြီးဖြစ်ရာ ပိုးမတွေ့အဖြေရရှိခဲ့ပြီး ဖြစ်သော်လည်း ကသာမြို့နယ်၌ ရောဂါကာကွယ်ရေးအတွက် သီးသန့်ထားစောင့်ကြပ်ကြည့်ရှုနေရသူ ၂၈၀၀ ခန့် ရှိနေသေးကြောင်း၊ သို့ဖြစ်၍ ကသာမြို့နယ်မြေခံ တပ်ရင်းမှ ယခုလှူဒါန်းသော အသက်ရှူအထောက်အကူပြုကိရိယာသည် လူနာများတွေ့ရှိကုသရမည့်အခါ အလွန်အသုံးဝင်လာမည့် စက်ဖြစ်ကြောင်း ခရိုင်ဆေးရုံအုပ်ကြီးက ပြောကြားသည်။

**လူအောင် (ကသာ)**

## ကိုဗစ်-၁၉ ကာကွယ်ရေးတွင် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ကြရန် လှိုင်းဘွဲ့မြို့၌ လိုက်လံနှိုးဆော်

**လှိုင်းဘွဲ့ ဧပြီ ၁၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်ပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကူညီထောက်ပံ့ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူများမှအပ ပြည်သူများအနေဖြင့် သင်္ကြန် ရုံးပိတ်ရက်များဖြစ်သည့် ဧပြီ ၁၀ ရက်မှ ၁၉ ရက်အတွင်း မဖြစ်မနေဆောင်ရွက်ရမည့် ကျန်းမာရေးကိစ္စရပ်များနှင့် အစားအသောက်ဝယ်ယူခြင်း ကိစ္စရပ်မှလွဲ၍ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာခြင်းများ မပြုလုပ်ဘဲ မိမိ၏နေအိမ်၌သာ နေထိုင်ကြခြင်းဖြင့် ရောဂါကာကွယ်ရေး အစီအစဉ်တွင် ပြည်သူများ ပူးပေါင်းပါဝင်ပေးရန် မြို့နယ်အတွင်း အသံချဲ့စက်များဖြင့် နေ့စဉ် နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့ခံပြည်သူများအနေဖြင့်လည်း နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာလျက်ရှိရာ ဧပြီ ၁၃ ရက်တွင် မြို့နယ်အတွင်းရှိ လမ်းမကြီးများဖြစ်သော ဗိုလ်ချုပ်လမ်း၊ မင်္ဂလာလမ်း၊ ကုန်သည်လမ်း၊ လှိုင်းဘွဲ့-ဘားအံလမ်း၊ လှိုင်းဘွဲ့-ပိုင်ကျုံလမ်း၊ လှိုင်းဘွဲ့-ရွှေဂွန်းလမ်းများပေါ်၌ လူသွားလာမှု နည်းပါးလျက်ရှိပြီး အိမ်ပြင်သို့မထွက်ဘဲ နေအိမ်များ၌ စည်းကမ်းရှိစွာ နေထိုင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးတွင် ပြည်သူအားလုံး ပူးပေါင်းပါဝင်လျက်ရှိကြောင်း သိရှိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ဘော်လခဲမြို့နယ်မှ ရေအခက်အခဲဖြစ်နေသော ကျေးရွာသို့ သောက်သုံးရေများလှူဒါန်း

**ဘော်လခဲ ဧပြီ ၁၃**

ကယားပြည်နယ် ဘော်လခဲမြို့နယ် ချိုကွဲ့ကျေးရွာအုပ်စု နန်းနောက်ကျေးရွာ၌ ယခုနှစ် နွေရာသီကာလတွင် သောက်သုံးရေရှားပါးပြတ်လပ်မှု အခက်အခဲ ကြုံတွေ့နေရသည့်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် တစ်စီး၊ သုခမ ပရဟိတ လူမှုရေးအဖွဲ့မှ မော်တော်ယာဉ် လေးစီးနှင့် ရွှေဘော်လခဲ ပရဟိတအဖွဲ့မှ မော်တော်ယာဉ် နှစ်စီးတို့ဖြင့် သောက်သုံးရေများကို ဧပြီ ၁၃ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဘော်လခဲမြို့နယ်တွင် နန်းနောက်ကျေးရွာသည် ယခင်နှစ် နွေရာသီကာလက ရေခန်းခြောက်ခြင်း မရှိခဲ့ဘဲ ယခုနှစ်မှ သောက်သုံးရေထွက်ပေါက် ခန်းခြောက်ကာ ရေရှားပါးမှုကို စတင်ကြုံတွေ့လာရသဖြင့် ရေများ သွားရောက်လှူဒါန်းရခြင်းဖြစ်ကြောင်းနှင့် ရေများလှူဒါန်းသည့်အပြင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျေးရွာဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်များ၌ ပိုးသတ်ဆေးဖျန်းခြင်းကိုလည်း မီးသတ်ဦးစီးဌာနနှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

(စာမျက်နှာ ၂၇ မှ)

တရုတ်ပြေးမင်းဟု ထင်ရှားခဲ့သည့် နရသီဟပတေ့မင်း တည်ခဲ့သည့် မင်္ဂလာစေတီသည် ပုဂံမှ ချောက်သို့ သွားသည့် ကားလမ်းဘေးတွင် တည်ရှိပြီး မြင်းကပါရွာ၏ မြောက်ဘက်တွင်ရှိသည်။ မင်္ဂလာစေတီသည် ရွှေစည်းခုံစေတီနှင့် တည်ထားပုံချင်း တူညီသကဲ့သို့ ရွှေစည်းခုံစေတီကဲ့သို့ပင် စေတီတော်ကို စဉ့်ကွက်များဖြင့် အလှဆင်ထားသည်။ စေတီတော်၏ အုတ်ခုံနှင့် ပစ္စယာအဆင့်ဆင့်၌ စဉ့်ကွင်းပေါင်း ၁၂၄၅ ကွက်ရှိခဲ့ရာ လက်ရှိတွင် ၇၄၉ ကွက်သည် စဉ့်ကွင်းများမရှိသည့် လွတ်နေသောအကွက်များဖြစ်သည်။ မင်္ဂလာစေတီမှ စဉ့်ကွင်းအချို့ကို ၁၉၀၁ ခုနှစ်က ဂျာမန်လူမျိုး မစ္စတာနောတလင်းက ခွာယူသွားခဲ့သည်။

မင်္ဂလာစေတီ၏ ပစ္စယာထောင့်များ၌ အရံစေတီလေးဆူ ရှိသည့်အနက် အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်ရှိ စေတီနှစ်ဆူကို စဉ့်အုတ်များဖြင့် တန်ဆာဆင်ထားကာ စဉ့်သားပေါ်၌ ဘီလူးပန်းဆွဲများ ထည့်သွင်းပြုလုပ်ထားသည်။

စဉ့်ကွက်များရှိသော ဘုရားတစ်ဆူဖြစ်သည့် ဓမ္မရာဇကသည် ဖွားစောရွာ သစ်မထီးကျောင်းတိုက်အနီး တည်ရှိ၍ သက္ကရာဇ် ၅၅၈ ခုနှစ်တွင် နရပတိစည်သူမင်းက တည်ထားခဲ့သည်။ ပန္စက်ငါးမြောင့်ဖြင့် တည်ဆောက်ထားသည့် ဓမ္မရာဇကစေတီ၏ ပစ္စယာသုံးဆင့်တွင် ၅၅၀ ဇာတ်တော်လာဇာတ်ကွက်များကို စဉ့်သုတ် အုတ်ချပ်များဖြင့် တန်ဆာဆင်ထားသည်။ သို့သော် စဉ့်ကွင်းအများစုသည် ပျက်စီးနေကြပြီး စတုတ္ထပစ္စယာရှိ စဉ့်ကွင်းများတွင် လေးထောင့်ကွက်အတွင်း၌ နန္ဒင်းမကင်းကွက်များ ပြုလုပ်ထားသည်။

### ပုဂံစဉ့်ဖိုများ

စဉ့်ဖြင့် အဆင်တန်ဆာများ ပြုလုပ်နိုင်ရန် စဉ့်ဖိုများ ပြုလုပ်ခဲ့ကြသဖြင့် ပုဂံဒေသတွင် စဉ့်ဖိုဟောင်း ခုနစ်ခုကို တူးဖော်တွေ့ရှိခဲ့သည်။ ထပ်မံတွေ့ရှိနိုင်သေးသည့် စဉ့်ဖိုများလည်း ကျန်ရှိနေပေသည်။ ပုဂံ စဉ့်ဖိုများအနက် စဉ့်ဖို အမှတ်(၁)ကို ၁၉၆၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံလက်တွေ့သုတေသနလုပ်ငန်းအဖွဲ့မှ အကြီးတန်း သုတေသနအရာရှိ ဦးကျော်ငြိမ်းနှင့် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးအဖွဲ့(PHRB)မှ Mr.S.D.Strologo တို့က တူးဖော်ခဲ့ကြသည်။ ယင်းစဉ့်ဖိုသည် မြင်းကပါရွာမှ အရှေ့တောင်ဘက်သို့ ကိုက် ၁၅၀ ကွာဝေးပြီး စဉ့်နှင့်ရောနေသည့် ကျက်နေသော မြေများ၊ ချော်ခဲများ၊ စဉ့်အိုးကွဲများနှင့် စဉ့်သုတ် မြေထည်ပစ္စည်းအပိုင်းအစများကို တွေ့ရှိခဲ့သည်။ သို့သော် ယင်းစဉ့်ဖိုသည် စဉ့်အိုးစဉ့်ခွက်များဖုတ်ခဲ့သည့် ဖိုဖြစ်ပြီး ပုဂံစေတီပုထိုးများမှ စဉ့်ကွင်းများနှင့် ပတ်သက်မှုမရှိကြောင်း ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၊ နှစ်ချုပ်အစီရင်ခံစာ(၁၉၆၂-၁၉၆၃)တွင် ဖော်ပြခဲ့သည်။ ပုဂံစဉ့်ဖို အမှတ်(၁)ကို ဩစတြေးလျနိုင်ငံမှ စဉ့်ပညာရှင်မစ္စတာဒွန်ဟိန်းနှင့် ရှေးဟောင်းသုတေသနဦးစီးဌာန(ပုဂံဌာနခွဲ)မှ ဝန်ထမ်းများက ထပ်မံတူးဖော်ခဲ့သည်။

စဉ့်ဖိုအမှတ်(၂)သည် မြင်းကပါရွာတောင်ဘက် နန်းဘုရားအနီးမှ အိမ်ဝင်းတစ်ခု၌ရှိကာ ယင်းနေရာသည် ၁၉၈၈ ခုနှစ်မတိုင်မီက စက်ဘီးလမ်းဖြစ်သဖြင့် ရှေးဟောင်းသုတေသနဦးစီးဌာနက လမ်းလွှဲကာ စဉ့်ဖိုကို တူးဖော်ပြီး ထိန်းသိမ်းခဲ့သည်။ ဖိုနှုတ်ခမ်းတွင် စဉ့်အစိမ်းရောင်နှင့် အဝါရောင်များ စွန်းပေနေခဲ့သည်။

ဖိုအမှတ်(၃)သည် မြင်းကပါရွာ အနောက်တောင်ဘက်ရှိ ရွှေဥမင်ကျောင်း၏ တောင်ဘက်၌ တည်ရှိ၍ ဖိုအမှတ်(၂)မှ မီတာ ၂၅၀ အကွာ ရောဝတီမြစ်ကမ်းအနီးတွင် တည်ရှိသည်။ ယင်းဖိုကို ၁၉၈၉ ခုနှစ်က တူးဖော်ခဲ့ပြီး ရှေးဟောင်းသုတေသနဦးစီးဌာနက ထိန်းသိမ်းထားခဲ့သည်။

အပါယ်ရတနာဘုရား၏ အနောက်မြောက်ဘက်ရှိ လေသာကျောင်း၏ အရှေ့ဘက်တွင်တည်ရှိသည့် ဖိုအမှတ်(၄)သည် ဘဲဥပုံဖြစ်ပြီး အခြားဖိုများနှင့် မတူဘဲ မီးထိုးပေါက်ကို အရှေ့ဘက်တွင် ပြုလုပ်ထားသည်။ ဖိုနှုတ်ခမ်းဝတွင် စဉ့်အစိမ်းများ စွန်းပေနေသည်။ အပါယ်ရတနာဘုရား၏ အနောက်ဘက် မီတာ ၃၀ တွင်ရှိသည့် ဖိုအမှတ်(၅)တွင် မီးထိုးပေါက်နှင့် မီးခိုးထွက်ပေါက် ပါရှိကာ ဖိုအနီးမှ စဉ့်အိုးကွဲများနှင့် စဉ့်ချော်များကို တွေ့ရှိခဲ့သည်။

ထို့အတူ စိမ်းညက်ညီအစ်မဘုရား၏ အနောက်ဘက် ၁၃၇ မီတာတွင်ရှိသည့် ဖိုအမှတ်(၆)၏ ဖိုနှုတ်ခမ်းတွင် စဉ့်အစိမ်းများ စွန်းပေနေကာ ဖိုအနီးမှ စဉ့်ထည် အစိတ်အပိုင်းများကို တွေ့ရှိခဲ့သည်။ ပုဂံစဉ့်ဖို အမှတ်(၇)သည် အပါယ်ရတနာဘုရား၏ အရှေ့တောင်ဘက် ၁၈ မီတာ အကွာ၌ တည်ရှိကာ အမှတ်(၂)စဉ့်ဖိုကဲ့သို့ပင် လမ်းပေါ်၌ တည်ရှိခဲ့သည်။

တစ်ချိန်က ပုဂံရှိ စဉ့်လက်ရာများကို အခြားတစ်နေရာမှ တင်သွင်းလာခဲ့သည်ဟု ယူဆမှုများ ရှိခဲ့သော်လည်း ပုဂံဒေသတွင် စဉ့်ဖိုများကို တွေ့ရှိပြီးနောက် ပုဂံ၌ပင် စဉ့်ထည်များကို ထုတ်လုပ်ခဲ့ကြောင်း အထောက်အထားခိုင်မာခဲ့သည်။ စဉ့်ယဉ်ကျေးမှုထွန်းကားခဲ့သည့် ပုဂံ၌ အထင်ရှားဆုံး စဉ့်စေတီဖြစ်သည့် ငကြဲ့နားတောင်းစေတီမှ အုတ်အချို့တွင် စဉ့်ရည်များ ဆက်နေသဖြင့် စေတီကို တည်ခဲ့စဉ်က အုတ်စီပြီးမှ စဉ့်ရည်ကိုသုတ်ခဲ့ကြောင်း ဆရာဦးဗိုကေက သုံးသပ်ခဲ့သည်။

အဆင့်အတန်းမြင့်သည့် မြန်မာမှု ဗိသုကာလက်ရာများနှင့်အတူ ပုဂံတွင် ထွန်းကားခဲ့သည့် စဉ့်ယဉ်ကျေးမှုသည် ပုဂံ၏ဂုဏ်ရည်ကို မြှင့်တင်ပေးခဲ့ပေသည်။ ။

**ကိုးကား**

**(၁) ပုဂံရှိစဉ့်လက်ရာများနှင့် စဉ့်ဖိုများ(မင်းဘူးအောင်ကြိုင်)**
**(၂) ပုဂံသုတေသနလမ်းညွှန်(ဦးဗိုကေ)**
**(၃) ရှေးဟောင်းသုတေသန နှစ်ချုပ်အစီရင်ခံစာများ**

# သတင်းတိုများ

## အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စားကုန်ငါးမျိုးကို မြို့နယ်များ၌ ဆက်လက်ထောက်ပံ့ပေးလျက်ရှိ

**ကျောက်တံတား**

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်အတွင်းမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် စားကုန် ငါးမျိုးတို့ကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မေ ၁၂ ရက်မှစတင်၍ ပြည်သူများထံ ဖြန့်ဝေပေးအပ်လျက်ရှိသည်။

ကျောက်တံတားမြို့နယ်အတွင်းရှိ ရပ်ကွက်ကိုးခုမှ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၈၆ စုထံသို့ တစ်အိမ်ထောင်လျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ကုလားပဲ တစ်ပိဿာနှင့် ကြက်သွန် တစ်ပိဿာတို့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာနှင့် ဒေါ်မြလှစံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးကျော်နှင့် မြို့နယ်တာဝန်ရှိသူများက အိမ်အရောက် လိုက်လံထောက်ပံ့ပေးအပ်လျက်ရှိကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

**ဒေါပုံ**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်မှ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် အခြေခံစားကုန် ငါးမျိုးကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက အိမ်အရောက် လိုက်လံ ထောက်ပံ့ပေးအပ်လျက်ရှိသည်။ ဒေါပုံမြို့နယ်အတွင်း ထောက်ပံ့မှုရယူမည့် အခြေခံလူတန်းစား အိမ်ထောင်စု ၃၉၆၇ စုရှိပြီး လက်ရှိအချိန်တွင် အိမ်ထောင်စု ၁၀၁၃ စုသို့ ဖြန့်ဝေပေးထားပြီးဖြစ်ကာ ကျန်ရှိသော အိမ်ထောင်စုများသို့လည်း ရပ်ကွက်အလိုက် ဆက်လက်၍ ထောက်ပံ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ကျွန်းစု**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းမှ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့သည့် စားကုန်ငါးမျိုးအနက် ဆန်၊ ဆီ၊ ဆားများကို ခေတ္တ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သီဟ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မေ ၁၂ ရက်မှစ၍ လိုက်လံထောက်ပံ့ ပေးအပ်လျက်ရှိသည်။ ကျွန်းစုမြို့တွင် မြို့ပေါ်ရပ်ကွက်လေးခုရှိပြီး အိမ်ထောင်စု ၈၂၆ စုရှိကာ ထောက်ပံ့မှုရယူမည့် အခြေခံလူတန်းစား အိမ်ထောင်စု ၅၃၅ စုရှိကြောင်း၊ လက်ရှိအချိန်တွင် စားကုန် ငါးမျိုးအနက် ဆန်၊ ဆီနှင့် ဆားကိုသာ ရရှိသေးသဖြင့် အိမ်အရောက်လိုက်လံထောက်ပံ့ပေးခြင်းဖြစ်ပြီး ကျန်ရှိနေသော ပဲနှင့် ကြက်သွန်တို့ကို ထပ်မံရရှိပါက ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ဖလမ်း**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ပိတ်ရက်ရှည်ကာလတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်အစိုးရက အခြေခံစားကုန် ငါးမျိုးကို ထောက်ပံ့ပေးလျက်ရှိရာ ဖလမ်းမြို့နယ်အတွင်းမှ ပြည်သူများအတွက်လည်း မေ ၁၃ ရက်မှစ၍ ဆန်နှင့်ကြက်သွန်များ ဖြန့်ဝေပေးလျက်ရှိသည်။ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများထံသို့ တစ်အိမ်ထောင်လျှင် ဆန် ရှစ်ပြည်နှင့် ကြက်သွန်နီ တစ်ပိဿာကို ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

ဂျွန်(ပြန်/ဆက်)

**သံတောင်ကြီး**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်းမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန် ငါးမျိုးကို နိုင်ငံတော် အစိုးရ၏ စီစဉ်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့ပေါ်ရပ်ကွက် ငါးခုမှ အုပ်ချုပ်ရေးမှူးများက မေ ၁၀ ရက်မှစ၍ ဖြန့်ဝေပေးလျက်ရှိသည်။

အခြေခံစားကုန်များ ထောက်ပံ့ပေးရာတွင် မေ ၁၃ ရက်တွင် အမှတ်(၁)ရပ်ကွက်မှ အိမ်ထောင်စု ၃၅၆ စု၊ အမှတ်(၂)ရပ်ကွက်မှ အိမ်ထောင်စု ၁၇၄ စု၊ အမှတ်(၃)ရပ်ကွက်မှ အိမ်ထောင်စု ၄၂၄ စု၊ အမှတ်(၄)ရပ်ကွက်မှ အိမ်ထောင်စု ၆၈ စုနှင့် အမှတ်(၅)ရပ်ကွက်မှ အိမ်ထောင်စု ၂၂ စုတို့ထံ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ သံတောင်ကြီးမြို့နယ်၌ သံတောင်ကြီးမြို့အပါအဝင် သံတောင်မြို့၊ လိပ်သိုမြို့၊ ဘောဂလိမြို့များတွင် ရပ်ကွက်စုစုပေါင်း ၁၉ ခုနှင့် ကျေးရွာအုပ်စုပေါင်း ၅၂ စုရှိကာ ထောက်ပံ့မှုကိုရယူရန် စာရင်းပေးသွင်းထားသည့် အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၁၂၄၆၁ စုရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ အသက်ရှူအထောက်အကူပြုကိရိယာနှစ်လုံး လှူဒါန်း

**မိတ္ထီလာ မေ ၁၃**

မိတ္ထီလာမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် မိတ္ထီလာ အထွေထွေရောဂါကုဆေးရုံကြီးသို့ အသက်ရှူအထောက်အကူပြုကိရိယာနှစ်လုံးကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်က မေ ၁၃ ရက်က လှူဒါန်းခဲ့သည်။ (ယာပုံ)

ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် လှူဒါန်းပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်းက မိတ္ထီလာ အထွေထွေရောဂါကု ဆေးရုံကြီး၌ ကိုဗစ်-၁၉ လူနာများအား ကုသပေးရန် လိုအပ်လာသည့်အခါ အသုံးပြုရန်အတွက် အသက်ရှူအထောက်အကူပြုကိရိယာနှစ်လုံးကို ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်ထံ ပေးအပ်လှူဒါန်းပြီးနောက် အထွေထွေရောဂါကုဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများအတွက် ဆန် ၁၀ အိတ်၊ ကြက်ဥ အလုံး ၅၀၀၊ ဆီ ငါးပိဿာ၊ ခေါက်ဆွဲခြောက် ၁၀ ဖာနှင့် ဆေးရုံတွင် တက် ရောက်ကုသနေသော လူနာများအတွက်လည်း လူနာတစ်ဦးလျှင် ကြက်ဥ ငါးလုံး၊ ကော်ဖီမစ်ထုပ် ငါးထုပ်၊ လက်ဖက်ရည်ထုပ် ငါးထုပ်၊ ခေါက်ဆွဲခြောက် တစ်ထုပ်နှုန်းဖြင့် လူနာ ၁၅၀ စာအတွက် လှူဒါန်းခဲ့သည်။

ထို့အပြင် မိတ္ထီလာမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် နေလသစ်သီးပွဲရုံက အလှူငွေ ကျပ် ငါးသိန်းနှင့် သီရိဝင်းကော်ဇောဆိုင်က တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၅၀ နှင့် နှာခေါင်းစည်း အခု ၁၀၀၀ တို့ကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ကိုဗစ် -၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးအတွက် အလှူရှင် စေတနာရှင်များက အလှူငွေနှင့် ဆက်စပ်ပစ္စည်းများကို နေ့စဉ် လာရောက်လှူဒါန်းလျက်ရှိရာ မေ ၁၃ ရက်အထိ အလှူရှင် ၇၇ ဦး၏ လာရောက်လှူဒါန်းထားမှုမှ အလှူငွေ ကျပ် ၂၄၈ သိန်းကျော်နှင့် ဆက်စပ်ပစ္စည်း ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၆၀၀ ကျော် ရရှိထားပြီးဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်ထံမှ သိရသည်။

သိန်းမြင့်ကျော် (မိတ္ထီလာ)



## နောင်တရားမြို့နယ်မှ ကျေးရွာများ၌ သင်္ကြန်ကာလအတွင်း လူစုလူဝေးမဖြစ်စေရန် အသိပညာပေးနှိုးဆော်

**နောင်တရား မေ ၁၃**

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်ရေးအတွက် သင်္ကြန်ကာလအတွင်း ရေကစားခြင်း မပြုလုပ်ရန်နှင့် လူစုလူဝေးဖြစ်အောင် မပြုလုပ်ကြရန် နောင်တရားမြို့မှ ဌာနဆိုင်ရာများနှင့် ပရဟိတလူငယ်များ စုပေါင်း၍ မေ ၁၂ ရက် ညနေပိုင်းက လိုက်လံအသိပေးနှိုးဆော်ခဲ့သည်။



ကျေးရွာများသို့လှည့်လည်၍ အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်နေစဉ်

မြန်မာနိုင်ငံ၌ သင်္ကြန်ကာလအတွင်း စုပေါင်းရေကစားခြင်းနှင့် သင်္ကြန်အပြီး နှစ်ဆန်း ၁ ရက်တွင် ဗုဒ္ဓဘာသာတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာအရ ဘုန်းတော်ကြီးကျောင်းများတွင် အလှူအတန်းလုပ်ခြင်း၊ ဘိုးဘွားများအား စုပေါင်းကန်တော့ခြင်းတို့ကို ပြုလုပ်လေ့ရှိရာ ယခုနှစ်တွင်မူ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် သင်္ကြန်ကာလအတွင်း ရေကစားခြင်း မပြုရန်၊ လူစုလူဝေးများ မဖြစ်ပေါ်စေရေးအတွက် အလှူပွဲများနှင့် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲများ မပြုလုပ်ကြရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်ဒေသန္တရအမိန့်များကို လိုက်နာကြရန်နှင့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို လိုက်လံအသိပေး နှိုးဆော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ခွန်အောင် (နောင်တရား)

## မယ်စဲ့မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အထောက်အကူပစ္စည်းများ လှူဒါန်း

**မယ်စဲ့ မေ ၁၃**

ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အထောက်အကူဖြစ်စေမည့် ပစ္စည်းများကို အလှူရှင်များက မေ ၁၃ ရက်တွင် မြို့နယ်ပြည်သူ့ဆေးရုံသို့ လာရောက်လှူဒါန်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် မြို့နယ် လမ်းဦးစီးဌာနမှူး ဦးဇော်နိုင်ဝင်းနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဒီဇယ် တစ်ပီပါနှင့် ဓာတ်ဆီ ၂၅ ဂါလန်ကိုလည်းကောင်း၊ မယ်စဲ့မြို့မကျောင်းတိုက်မှ ဆရာတော် ဦးဩဘာသနနှင့် ဦးသုဇနတို့က မယ်စဲ့မြို့နယ် ပြည်သူ့ဆေးရုံ၌ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအတွက် ကြက်ဥ အလုံး ၅၀၀ ကိုလည်းကောင်း လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်ဇော်ထွန်းက လက်ခံရယူခဲ့သည်။

ဝတ်ရည်(ပြန်/ဆက်)

ချင်းပြည်နယ် တီးတိန်မြို့ပေါ် ရပ်ကွက်အချို့တွင် ယခု နွေရာသီကာလအတွင်း သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ကြုံတွေ့နေရသဖြင့် ရပ်ကွက်နေပြည်သူများအတွက် သောက်သုံးရေများကို တီးတိန်မြို့နယ် မီးသတ်ဦးစီးဌာနက နေ့စဉ် လှူဒါန်းပေးလျက်ရှိရာ မေ ၁၃ ရက်က စကောလမ်းရပ်ကွက်နေပြည်သူများထံသို့ ရေများ သွားရောက် လှူဒါန်းနေစဉ်။

ဒိုင်းဒိမ့်(ပြန်/ဆက်)



## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID-19 ကူးစက်မြန်ရောဂါကို ကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာ ရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကို မထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့်ပါးစပ်တို့ကို တစ်ရှူးဖြင့်အုပ်၍ ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျ ပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေး ပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော် အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် အများပြည်သူ လိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း အသိပေး အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။

❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့် နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။

❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။

❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။

❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။

❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။

❖ ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။

❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။

❖ မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားရန်။

❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။

❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်း မျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန


### ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)

အမှတ်(၃၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၄၁၇၉၅၊ ၅၅၈၄၃၇

**အလှူရှင်များသို့ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ သဒ္ဓါ၊ စေတနာ၊ မေတ္တာတို့ဖြင့် ငွေအလှူ၊ ပစ္စည်းအလှူ၊ လုပ်အားဒါနအလှူ စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်း ပြည်ပအလှူရှင်များနှင့် စေတနာဆရာဝန်ကြီးများအားလုံးတို့ ၁၃၈၂ ခုနှစ်၊ နှစ်သစ်မင်္ဂလာ အခါသမယတွင် အန္တရာယ် အပေါင်းမှ ကင်းငြိမ်း၍ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့


### ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)

အမှတ်(၃၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၄၁၇၉၅၊ ၅၅၈၄၃၇

**ပဒေသာပင်အလှူရှင်များ သိရှိနိုင်ပါရန်**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ကာကွယ်ထိန်းချုပ်ရေးအတွက်၊ လူစုလူဝေး မပြုလုပ်ရန်နှင့် နေအိမ်တွင်သာ နေထိုင်ရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ၂၅. ၄. ၂၀၂၀ရက် (စနေနေ့)တွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားသည့် (၉၈)ကြိမ်မြောက် ပဒေသာပင်အလှူရှင်များ စုပေါင်းရေစက်ချပွဲကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်းနှင့် ကျင်းပမည့်နေ့ရက်ကို အလှူရှင်များ သိရှိနိုင်ပါရန် ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့
ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၉၊ ညောင်ပင်ဈေး)၊ ဦးပိုင်အမှတ် (၇၂)၊ ဧရိယာ(၀ဒသမ ၀၈၄)ကေရှိ ဦးသောင်းညွှန့်၊ ဒေါ်ယဉ်ယဉ် အေးတို့ အမည်ဖြင့် အမှုတွဲအမှတ် ၅၄/၁၉၉၂ အရ ၂၀-၇-၁၉၈၅ ရက်မှ ၁၉-၇-၂၀၁၅ ရက်အထိ နှစ်(၃၀)မြေငှားစာချုပ် ရရှိထားသော မြေကို ဦးထွန်းလွင် ၅/မရန(နိုင်) ၀၁၅၄၃၁၊ ဒေါ်ဝင်းဝင်းချစ် ၅/မရန(နိုင်) ၀၁၃၉၅၁ တို့ အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း သက်တမ်းတိုး) လျှောက်ထားရာကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါဖွင့်လှစ်ခဲ့ခြင်းအား ပယ်ဖျက်ခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် Light Truck(1 Ton)(2020 Model, LHD, Brand New)ယာဉ် (၅၀)စီးကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါအား ၂၀၂၀ပြည့်နှစ်၊ မတ် ၃၁ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ယခုအခါ လတ်တလောဖြစ်ပွားနေသည့် (COVID-19) ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာအသုံးစရိတ်များ လွှဲပြောင်းသုံးစွဲရန် လိုအပ်သဖြင့် မော်တော်ယာဉ်(၅၀)စီး ဝယ်ယူရေးဖွင့်လှစ်ခဲ့သော အိတ်ဖွင့်တင်ဒါအား ပယ်ဖျက်(ပယ်ဖျက်)လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန

### စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ခြင်းအား ပယ်ဖျက်ခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မော်တော်ယာဉ်(၈၀) စီးကို ဝယ်ယူရန်အတွက် ၂၀၂၀ပြည့်နှစ်၊ မတ်လ (၂၄၊ ၂၅၊ ၂၆)ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့မှ အိတ်ဖွင့်တင်ဒါကြော်ငြာ ခေါ်ယူခဲ့ပါသည်။

၂။ ယခုအခါ လတ်တလောဖြစ်ပွားနေသည့် (COVID-19)ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာအသုံးစရိတ်များ လွှဲပြောင်းသုံးစွဲရန်လိုအပ်သဖြင့် မော်တော်ယာဉ်(၈၀)စီး ဝယ်ယူရေးအိတ်ဖွင့်တင်ဒါခေါ်ယူရန် ဆောင်ရွက်မည့်အစီအစဉ် ပယ်ဖျက်(ပယ်ဖျက်)လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန

### တစ်ဦးတည်း ဖြစ်ပါကြောင်း

ဒေါ်ခင်စိုးဦး ၇/ရတရ(နိုင်)၁၁၁၀၀၁၏ ဖခင် ဦးတင်အုန်း (ခ) ဦးတင်အုံးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးတင်အုန်း(ခ)ဦးတင်အုံး

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ ဒေါက်တာနွေးနေခြည်နိုင် အမည်ပေါက်မြေကွက်အမှတ် (ဇ-၆၀၄၁)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၅၂/၂၀၂၀) ရရှိထားသူ ဦးဘုန်းမြင့်(ဘ)ဦးမောင်တင် ၉/မနမ(နိုင်)၀၈၈၀၈၇မှ ဦးထူးဇော်မြင့် ၉/မနမ (နိုင်)၀၉၉၇၅၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဗီဇ
မျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

## အထူးဝမ်းနည်းကြေကွဲခြင်း

# ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင်

**နာယက၊ မြန်မာနိုင်ငံဆရာဝန်အသင်း - သားဖွားမီးယပ်ပညာအဖွဲ့**

ချစ်ခင်လေးစားရပါသော ဆရာကြီး ဦးမြင့်မောင်မောင်သည် ၁၂-၄-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ ဆရာကြီး ကောင်းရာ သုဂတိလားပါစေ။

**ကိုအောင်ဦး-မငယ်ငယ် သမီး ဝိုင်းဝိုင်း**

**အတာအိုး မိသားစု၊ အုတ်တွင်းမြို့**

---

**သစ်တော**

**မှန်လျှင်**

**အသုံးဝင်၊**

**အစဉ်**

**ထာဝရ**

**ထိန်းသိမ်းကြ**

---

## ဝမ်းနည်းကြေကွဲခြင်း (အထူး)

**ဆရာကြီး ပါမောက္ခ Dr.Myint Maung Maung**

**ဗိုလ်မှူးကြီး(ငြိမ်း)၊ ပါမောက္ခဌာနမှူး(ငြိမ်း)**

**ဆေးရုံအုပ်ကြီး(NOGH )(ငြိမ်း)**

**သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး**

ကျွန်တော် ကျွန်မတို့၏ မိဘသဖွယ်လေးစားချစ်ခင်ရပါသော ကျေးဇူးရှင် ဆရာကြီး ၁၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် အထူး ဝမ်းနည်းကြေကွဲပါသည်။ ဆရာကြီး ကောင်းရာ သုဂတိဘုံသို့ရောက်ပါစေ။

**တပည့်များ**

**ဆေးတက္ကသိုလ်(၂)ကျောင်းသားကျောင်းသူဟောင်းများအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင်(ငြိမ်း)သည် ၁၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မှူးနှင့်ဇနီး**

**အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ**

**အမှတ်(၂)၊ တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)**

---

## ဗိုလ်မှူးကျော်ညိန်း(ငြိမ်း)

**ဗိုလ်သင်တန်းအမှတ်စဉ်(၃၁)**

**အသက် (၈၀)**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာမြိုင် ၁ လမ်း၊ ခြံအမှတ် ၈၉၆ နေ အရေးပိုင်ဦးဘငြိမ်း-ဒေါ်လှလှတို့၏သား၊ ဦးအုန်းမြိုင်-ဒေါ်မြရင်(ကျောက်တံခါး)တို့၏ သားသမက်၊ (ဒေါ်ညွန့်ညွန့်)ကျန်းမာရေးဦးစီးဌာန ရုံးချုပ်၊ (ဦးထွဋ်တင်)ရဲမှူး(ငြိမ်း)-ဒေါ်မြင့်မြင့်ဌေး၊ ဦးမြင့်သိန်း-ဒေါ်ချစ်ချစ်(ဒေါ်အေးမြင့်တခွန်းတိုက်)၊ ဦးအုံးဟန်-ဒေါ်ထွေးရီတို့၏ ညီမောင်၊ (ဦးကျော်မင်း)-ဒေါ်မြမြအေး၊ ဦးကျော်လှငြိမ်း-ဒေါ်နုနုရီတို့၏အစ်ကို၊ ဦးမောင်မောင် - ဒေါ်ခင်သန်း၏ ညီ၊ (ဦးသောင်းထွန်း)- ဒေါ်စန်းရီ၊ Dr မောင်မောင်မြင့်- Dr သန်းသန်းနွယ်တို့၏ အစ်ကို၊ ဦးတင်ဇော်ခိုင်-ဒေါ်တင်ဝါဝါကျော်တို့၏ဖခင်၊ မတင်မိုးလွင်(ကောင်းမွန် 24Hr. ဆေးခန်း၊ တောင်ဥက္ကလာ)၊ မောင်သိန်းဇော်ထွန်း-မအေးမြတ်သန္တာတို့၏ ဘိုးဘိုးကြီး၊ ဒေါ်တင်တင်ဦး (ကျောက်တံခါး)၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၃.၄.၂၀၂၀ ရက် နံနက် ၆ နာရီခွဲတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှစတင်၍ အာရှနှင့်အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ်အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်းမရှိသေးသော အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိက ဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
- (ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
- (ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်း မရှိသောစားသောက်ဆိုင်များမှ စားကြွင်း/ကျန် ကျွေးခြင်း မပြုလုပ်ရန်၊
- (ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံး စွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊
- (င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
- (စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေ ထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
- (ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
- (ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
- (ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲ ဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
- (ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
- (ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
- (ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အုန်းမြ (ဒေါ်မြ) (ခရမ်း)**

**အသက် (၈၉)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် (၁၂၅) (ပထပ်)၊ ၂၄လမ်းနေ (ဦးစံမြ - ဒေါ်အေးတင်)တို့၏သမီး၊ ခရမ်းမြို့နေ (ဦးထွန်း) - ဒေါ်အုန်း၊ (ဦးသိန်းအောင်)၊ ဦးညွန့်ရှင်-ဒေါ်တိုးတိုး၊ (ဦးမြသန်း)-ဒေါ်ယဉ်ယဉ်သန်း၊ ဦးတင်အေး-ဒေါ်သန်းသန်းတို့၏ အစ်မကြီး၊ တူ/တူမ (၂၄)ယောက်တို့၏ ချစ်လှစွာသော အဒေါ်သည် ၁၂-၄-၂၀၂၀ရက် ညနေ ၅:၃၇နာရီတွင် ခရမ်းမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ခရမ်းမြို့သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးမြင့်မောင်မောင်(ငြိမ်း)

**BC-၃၄၆၃**

**မြောက်ဥက္ကလာဆေးရုံအုပ်ကြီး(ငြိမ်း)**

**သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး**

**အသက်(၇၈)နှစ်**

ရွှေဘိုမြို့၊ ပျဉ်ဈေးရပ်နေ(ဦးရွှင်-ဒေါ်သောင်းသောင်း)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နေ (ဦးမောင်ဦး-ဒေါ်ခင်စု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဟုမ်းလမ်း၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ 203/R4နေ ဒေါက်တာခင်ဆွေတင်၏ ချစ်လှစွာသော ခင်ပွန်း၊ U.S.A Los Angeles နေ ဒေါက်တာပပစန္ဒီ-ဦးမျိုးဝင်းကျော်၊ U.S.A Los Angels နေ ရူပကလျာ- Mr. Derek တို့၏ ဖခင်သည် ၁၂-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၂၀ရက် နံနက် ၁၀ နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

[အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၀ ရက်(ကြာသပတေးနေ့) ရက် နံနက် ၈နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ထွေးရီ (ဘီးလင်း)**

**အသက် (၈၉)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့်ဇနီး ဒေါ်ဝင်းစန္ဒာဆွေတို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်ထွေးရီသည် ၁၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမင်းညီအေး-ဒေါ်ဇင်မြင့်မောင်**

**(Uranus Group of Companies)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင်(ငြိမ်း)**

**အသက် (၇၈)နှစ်**

ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင်(ငြိမ်း)သည် ၁၂-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုရ်စည်ဆေးရုံမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင် (ငြိမ်း) BC-၃၄၆၃**

**ဗဟိုကောင်စီဝင် မြန်မာနိုင်ငံကြက်ခြေနီအသင်း**

**မြောက်ဥက္ကလာဆေးရုံအုပ်ကြီး(ငြိမ်း)**

**သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး**

**အသက်(၇၈)နှစ်**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်ဖြစ်သူ ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင်(ငြိမ်း) BC-၃၄၆၃ သည် ၁၂-၄-၂၀၂၀ ရက် (တနင်္ဂနွေနေ့) ညနေ (၄:၀၀) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ**

**ကြက်ခြေနီစေတနာလုပ်အားရှင်များ**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင်(ငြိမ်း)**

**BC-၃၄၆၃**

**မြောက်ဥက္ကလာဆေးရုံအုပ်ကြီး(ငြိမ်း)၊**

**သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဟုမ်းလမ်း၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ အခန်း(203/R4) နေ ဒေါက်တာ ခင်ဆွေတင်၏ ချစ်လှစွာသောခင်ပွန်း ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင်(ငြိမ်း)သည် ၁၂-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဓာတ်မှန်ပညာအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင် (ငြိမ်း)**

**BC-၃၄၆၃**

**မြောက်ဥက္ကလာပဆေးရုံအုပ်ကြီး(ငြိမ်း)**

**သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး(ငြိမ်း)**

**အသက်(၇၈)နှစ်**

ကျေးဇူးရှင်ဆရာကြီး ၁၂-၄-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1983 Batch M.B,B.S ဆေး(၂)**

**တပည့်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင်(ငြိမ်း)**

ကျေးဇူးရှင် ဆရာသမားဖြစ်သော ဗိုလ်မှူးကြီးမြင့်မောင်မောင်(ငြိမ်း)သည် ၁၂-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံသားဖွားမီးယပ်ပညာရှင်များအတွက် အဖိုးမဖြတ်နိုင်သော ရှေ့ဆောင်လမ်းပြ ဆရာသမားကောင်းတစ်ဦးဆုံးရှုံးရသည့်အတွက် နှမြောတသစွာ သတိရနေကြပါမည်။

ဗိုလ်မှူးကြီး ကောင်းရာသုဂတိလားပါစေ။

**တပ်မှူး ဗိုလ်မှူးကြီး ဒေါ်အေးအေး နှင့်**

**သားဖွားမီးယပ်ပါရဂူများ**

**တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံ၊ နေပြည်တော်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက**

**ဗိုလ်မှူးကြီး(ငြိမ်း) ပါမောက္ခ ဒေါက်တာ ဦးမြင့်မောင်မောင်**

**အသက်(၇၈)နှစ်**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ နာယက တစ်ဦးဖြစ်သူ ပါမောက္ခ ဒေါက်တာ ဦးမြင့်မောင်မောင်သည် ၁၂-၄-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နာယကများ၊ ဥက္ကဋ္ဌနှင့်**

**ဗဟိုအလုပ်အမှုဆောင်များ**

**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက**

**ဗိုလ်မှူးကြီး(ငြိမ်း) ပါမောက္ခ ဒေါက်တာ ဦးမြင့်မောင်မောင်**

**အသက်(၇၈)နှစ်**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ နာယကတစ်ဦးဖြစ်သူ ပါမောက္ခ ဒေါက်တာဦးမြင့်မောင်မောင်သည် ၁၂-၄-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မျိုးဆက်သစ် လူငယ်ဂေါက်သီးအားကစားသမားများအဖွဲ့**

**ဆပ်ကော်မတီ**

**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာမြင့်မောင်မောင်**

**အသက်(၇၈)နှစ်**

ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင် ဆရာကြီး ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်သည် ၁၂-၄-၂၀၂၀ နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်တင့် အသက် (၇၅)နှစ်**

သူငယ်ချင်း ဗိုလ်မှူး အောင်ကျော်ဆင့် - ဒေါ်သန်းသန်းနွယ်တို့၏ မိခင်ကြီး ဒေါ်ခင်တင့်သည် ၁၂-၄-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် ပဲခူးမြို့၊ ဗိုလ်ကုန်း (၁၈)ရပ်ကွက်၊ ကျိုက္ကလွန်ပွန်းလမ်းနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၈)မှ သူငယ်ချင်းများ**

# ပင်လောင်းမြို့နယ်အတွင်း အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စားသောက်ကုန်များအား ကျန်ရှိသည့်ကျေးရွာအုပ်စုများသို့ ထောက်ပံ့ပေးအပ်

ပင်လောင်း မေ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ်မှ သက်ြန်ကာလ အတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအတွက် စာရင်းပြုစု တင်ပြထားသော သတ်မှတ်ချက်နှင့် ကိုက်ညီသည့် အိမ်ထောင်စုများအား နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် စားသောက်ကုန် ငါးမျိုးကို ထောက်ပံ့ပေးအပ်ရန် ကျန်ရှိသည့် ကျေးရွာအုပ်စု ၁၅ အုပ်စု အတွက် မေ ၁၃ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးအပ်သည်။ (ဓာတ်ပုံ)

စားသောက်ကုန်များ ထောက်ပံ့ရာတွင် ပင်လောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး

စာမျက်နှာ ၈ ကော်လံ ၅ ❐



ဆီဆိုင်မြို့နှင့် ၄၅ မိုင်ခန့် အလှမ်းဝေးပြီး အမြင့်ပေ ၄၈၀၀ ခန့်ရှိ တောင်ပေါ် ကျေးရွာသို့ အိမ်တိုင်ရာရောက် အခြေခံ စားသောက်ကုန်ငါးမျိုး ကွင်းဆင်း ထောက်ပံ့ပေး စာ ၈

လှိုင်သာယာ၌ သုံးထပ်တိုက်အပေါ်ဆုံးရှိ အုတ်ရေကန် ကွဲအက်ပြိုကျမှုကြောင့် တစ်ဦးသေ၊ သုံးဦး ဒဏ်ရာရ စာ ၁၁

အမေရိကန်ပြည်ထောင်စု မစ္စစ္စပီပြည်နယ်၌ လေဆင်နှာမောင်းတိုက်မှုကြောင့် ခြောက်ဦးသေဆုံး စာ ၁၃

# တိုက်ကြီးမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အခြေခံစားသောက်ကုန် ငါးမျိုး ထောက်ပံ့ပေးအပ်

တိုက်ကြီး မေ ၁၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး အတွက် အရေးကြီးကာလဖြစ်သည့် သင်္ကြန်ရုံးပိတ်ရက်ရှည် ကာလတွင် မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အိမ်ထောင်စု တစ်စုလျှင် နိုင်ငံတော် အစိုးရမှ ထောက်ပံ့သည့် အခြေခံစားသောက်ကုန် ငါးမျိုး ဖြစ်သည့် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာနှင့် ကြက်သွန်တစ်ပိဿာတို့ကို မေ ၁၂ ရက်က စတင်ထောက်ပံ့ပေးအပ်ခဲ့ရာ ယနေ့ မွန်းလွဲပိုင်းတွင် အိမ်ထောင်စုပေါင်း ၂၀၇၃ စုအား ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းကာ မေ ၁၂ ရက်မှစ၍ ရပ်ကွက်/ကျေးရွာ အလိုက် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများကို အခြေခံစားသောက်ကုန် ငါးမျိုး ထောက်ပံ့ပေးအပ်ခဲ့ရာ ယနေ့ မွန်းလွဲပိုင်းတွင် မြို့နယ်အတွင်း ရပ်ကွက် ရှစ်ရပ်ကွက်ရှိ အိမ်ထောင်စု ၁၀၈၈ စုအား တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန်၊

စာမျက်နှာ ၉ ကော်လံ ၅ ◆





# ဘုတလင်မြို့နယ်ရှိ အုတ်ကျင်းကျေးရွာအား ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်များကို ပြန်လည်လှူဒါန်း

ဘုတလင် မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်ရှိ သီးပင်အိုင် ကျေးရွာအုပ်စု အုတ်ကျင်းကျေးရွာအား ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်များကို မြို့နယ် အခြေခံ စားသောက်ကုန်ပစ္စည်းများ လက်ခံရေးနှင့် ဖြန့်ဖြူးရေး လုပ်ငန်းကော်မတီထံသို့ ပြန်လည်လှူဒါန်းခဲ့ကြောင်း အုတ်ကျင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မင်းထွန်းထံမှ သိရသည်။

အုတ်ကျင်းကျေးရွာတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၂ စု ရရှိသော ဆန် ၁၁ တင်း၊ ဆီ ၁၁ ပိဿာ၊ ပဲ ၂၂ ပိဿာ၊ ကြက်သွန် ၂၂ ပိဿာနှင့် ဆား ၁၁ ပိဿာတို့ကို အုတ်ကျင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မင်းထွန်းနှင့် ထောက်ပံ့မှုရရှိသည့် အိမ်ထောင်စုဝင်များကိုယ်တိုင် မေ ၁၃ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် မြို့နယ်လုပ်ငန်းကော်မတီဝင်များထံသို့ ပြန်လည်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"နိုင်ငံတော်က ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစားတွေအတွက် စားသောက်ကုန်ပစ္စည်းတွေ ထောက်ပံ့ပေးတာ ဝမ်းသာပါတယ်။ ကျွန်တော်တို့ကျေးရွာက အခြေခံလူတန်းစားတွေ ရရှိတော့လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ထက် စားဝတ်နေရေး ခက်ခဲတဲ့ ကျေးရွာတွေ၊ အိမ်ထောင်စုတွေအများကြီးရှိပါလိမ့်မယ်။

စာမျက်နှာ ၈ ကော်လံ ၅ ✳

